ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

## ဇယား(၁-၄)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

## (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းရည်မှန်းချက် | အကောင်အထည်ဖော်နိုင်မှု | | |
| | | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | တိုးတက်မှုနှုန်း (%) | တန်ဖိုး(ကျပ်သန်း) | တန်ဖိုး(ကျပ်သန်း) | အကောင်အထည်ဖော်နိုင်မှု (%) | တိုးတက်မှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| ၁ | ကချင်ပြည်နယ် | ၁,၀၆၀,၄၅၈.၇ | ၁,၁၀၆,၀၃၁.၅ | ၄.၃ | ၁,၆၉၄,၁၇၂.၉ | ၁,၁၈၆,၀၆၄.၀ | ၇၀.၀ | ၇.၂ |
| ၂ | ကယားပြည်နယ် | ၁၇၄,၁၂၄.၇ | ၁၈၀,၄၃၀.၀ | ၃.၆ | ၃၁၀,၀၈၀.၃ | ၁၇၆,၆၉၀.၈ | ၅၇.၀ | -၂.၁ |
| ၃ | ကရင်ပြည်နယ် | ၉၅၉,၄၇၅.၂ | ၁,၀၂၀,၂၀၄.၄ | ၆.၃ | ၁,၆၁၃,၇၉၀.၆ | ၁,၀၉၇,၁၇၀.၀ | ၆၈.၀ | ၇.၅ |
| ၄ | ချင်းပြည်နယ် | ၂၂၁,၇၉၅.၁ | ၂၃၅,၅၁၇.၁ | ၆.၂ | ၃၇၂,၃၇၀.၂ | ၂၀၉,၀၄၂.၉ | ၅၆.၁ | -၁၁.၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၂၀၅,၈၄၈.၂ | ၆,၆၂၀,၂၁၇.၁ | ၆.၇ | ၁၀,၇၄၀,၉၂၆.၄ | ၇,၁၇၃,၅၅၇.၆ | ၆၆.၈ | ၈.၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၇၈၂,၀၂၅.၇ | ၁,၈၈၄,၈၈၁.၈ | ၅.၈ | ၃,၆၁၄,၉၀၉.၅ | ၁,၉၂၀,၂၀၇.၄ | ၅၃.၁ | ၁.၉ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄,၆၆၅,၁၁၂.၁ | ၄,၉၅၁,၆၂၃.၄ | ၆.၁ | ၇,၃၆၂,၈၀၇.၀ | ၅,၂၂၀,၀၃၉.၃ | ၇၀.၉ | ၅.၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၄,၃၇၀,၉၅၃.၉ | ၄,၂၀၈,၂၀၉.၅ | -၃.၇ | ၇,၄၈၆,၄၉၅.၁ | ၄,၃၂၉,၇၅၉.၁ | ၅၇.၈ | ၂.၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅,၂၉၁,၈၀၅.၈ | ၅,၆၆၀,၆၅၁.၂ | ၇.၀ | ၉,၇၇၁,၇၈၆.၂ | ၅,၉၂၅,၅၆၈.၆ | ၆၀.၆ | ၄.၇ |
| ၁၀ | မွန်ပြည်နယ် | ၂,၀၃၇,၀၁၄.၁ | ၂,၁၂၅,၃၂၅.၆ | ၄.၃ | ၃,၆၆၂,၉၇၉.၂ | ၂,၂၆၂,၆၁၃.၈ | ၆၁.၈ | ၆.၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၂၂၀,၉၃၉.၄ | ၂,၃၉၄,၆၆၅.၅ | ၇.၈ | ၃,၉၂၃,၆၄၆.၇ | ၂,၃၅၁,၁၁၅.၁ | ၅၉.၉ | -၁.၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၁,၇၃၃,၆၉၅.၄ | ၁၂,၉၈၂,၃၀၇.၆ | ၁၀.၆ | ၂၂,၃၈၇,၁၂၅.၃ | ၁၄,၄၀၉,၂၁၀.၄ | ၆၄.၄ | ၁၁.၀ |
| ၁၃ | ရှမ်းပြည်နယ် | ၂,၉၃၄,၁၅၅.၇ | ၃,၀၉၀,၀၅၆.၃ | ၅.၃ | ၅,၂၁၆,၂၃၀.၁ | ၃,၂၀၇,၀၈၂.၀ | ၆၁.၅ | ၃.၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၆၂၇,၈၁၀.၀ | ၅,၈၈၉,၀၁၃.၃ | ၄.၆ | ၁၀,၁၀၉,၉၇၁.၆ | ၆,၂၀၆,၆၂၅.၇ | ၆၁.၄ | ၅.၄ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၉၀၉,၆၁၇.၈ | ၉၇၇,၈၇၆.၂ | ၇.၅ | ၂,၀၀၂,၇၀၂.၆ | ၁,၀၂၇,၈၆၃.၆ | ၅၁.၃ | ၅.၁ |

ဓာတ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် ပြည်တွင်းစားသုံးမှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်စေရေးအတွက် အသားကဏ္ဍနှင့်ငါးကဏ္ဍ တိုးတက်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အသေးစားနှင့်အလတ်စား ထုတ်လုပ်မှုလုပ်ငန်းငယ်များ၏ ထုတ်လုပ်မှုတိုးတက်လာခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ခွင့်ပြုခြင်းနှင့် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု တိုးတက်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းမှဝင်ငွေ ၊ ပြည်တွင်းပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုများမှ ဝင်ငွေ၊ ငွေရေးကြေးရေးဝန်ဆောင်မှုများကောင်းမွန်လာခြင်း၊ အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်မှုများ ကောင်းမွန်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးသည် ၆.၃ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးညွှန်ကိန်းများအား အောက်ပါဇယားအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၁-၅)

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) | | | | |
| GDP (နှစ်အလိုက်ဈေးနှုန်းအရ) | ကျပ်ဘီလီယံ | ၅၂,၉၅၁.၈ | ၅၉,၇၃၂.၇ | ၆၇,၁၈၆.၇ |
| GDP (ပုံမှန်ဈေးနှုန်းအရ) | ။ | ၅၀,၁၉၄.၉ | ၅၃,၃၂၇.၀ | ၅၆,၇၀၂.၆ |
| GDP တိုးတက်မှုနှုန်း | (%) | ၅.၉ | ၆.၂ | ၆.၃ |
| ကဏ္ဍကြီးများအလိုက် တိုးတက်မှုနှုန်း | | | | |
| လယ်ယာ | (%) | -၁.၄ | -၁.၈ | ၃.၁ |
| စက်မှု | (%) | ၈.၇ | ၁၀.၁ | ၆.၄ |
| ဝန်ဆောင်မှု | (%) | ၈.၈ | ၈.၂ | ၈.၃ |
| GDP တွင် ကဏ္ဍကြီးများအလိုက် ပါဝင်မှုအချိုး(နှစ်အလိုက်ဈေးနှုန်း) | | | | |
| လယ်ယာ | (%) | ၂၆.၇ | ၂၄.၂ | ၂၂.၇ |
| စက်မှု | (%) | ၃၅.၉ | ၃၇.၉ | ၃၈.၁ |
| ဝန်ဆောင်မှု | (%) | ၃၇.၄ | ၃၇.၉ | ၃၉.၂ |

**လူမှုရေးညွှန်ကိန်းများ**

မြန်မာနိုင်ငံ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်(အောက်တိုဘာလမှ မတ်လ) လူမှုရေး ညွှန်ကိန်းများကို အောက်ပါဇယားအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၁-၆)

မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| **လူဦးရေ** | | | | |
| စုစုပေါင်း | ထောင်ပေါင်း | ၅၂,၉၁၇ | ၅၃,၃၈၈ | ၅၃,၈၆၃ |
| ကျား | ထောင်ပေါင်း | ၂၅,၄၅၁ | ၂၅,၆၄၈ | ၂၅,၈၄၈ |
| မ | ထောင်ပေါင်း | ၂၇,၄၆၆ | ၂၇,၇၄၀ | ၂၈,၀၁၅ |
| ကျား/မ အချိုး | ရာခိုင်နှုန်း | ၉၃ | ၉၂ | ၉၃ |
| မြို့ပြ | ထောင်ပေါင်း | ၁၅,၅၆၀ | ၁၅,၇၆၃ | ၁၅,၉၇၁ |
| ကျေးလက် | ထောင်ပေါင်း | ၃၇,၃၅၇ | ၃၇,၆၂၅ | ၃၇,၈၉၂ |
| လူဦးရေတိုးနှုန်း | (%) | ၀.၈၉ | ၀.၈၉ | ၀.၈၈ |
| လူဦးရေသိပ်သည်းမှု (တစ်စတုရန်းကီလိုမီတာ) | ဦးရေ | ၇၈.၂ | ၇၈.၉ | ၈၀.၀ |
| မှီခိုသူအချိုး (သက်ကြီး ၆၅+ နှင့် သက်ငယ်(၀-၁၄)နှစ်) | (%) | ၅၂.၀ | ၅၁.၆ | ၅၁.၂ |
| မှီခိုသူအချိုး (သက်ကြီး ၆၀+ နှင့် သက်ငယ်(၀-၁၄)နှစ်) | (%) | ၆၀.၂ | ၅၉.၉ | ၅၉.၇ |
| **အခြေခံအဆောက်အအုံဆိုင်ရာသုံးစွဲမှု** | | | | |
| လျှပ်စစ်မီးရရှိသောကျေးရွာ | ဦးရေ | ၃၁,၇၂၈ | ၃၂,၄၃၃ | ၃၃,၉၉၆ |
| ထုတ်လုပ်မှု | | | | |
| ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု | ကီလိုဝပ်နာရီ (သန်း) | ၉,၈၁၆.၆ | ၁၀,၃၈၇.၅ | ၁၁,၂၀၇.၁ |
| ရေနံစိမ်းထုတ်လုပ်မှု (Production of Crude Oil) | အမေရိကန်စည်(ထောင်) | ၂,၅၆၃.၂၇၆ | ၂,၄၄၁.၆၉၁ | ၃,၃၃၅.၅၄၆ |
| သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု | ကုဗပေ(သန်း) | ၃၂၀,၅၃၂ | ၃၃၀,၁၃၇ | ၃၀၈,၅၁၁ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ဆက်သွယ်ရေး | | | | |
| အော်တိုတယ်လီဖုန်းလိုင်းများ | လိုင်း | ၅၁၆,၈၃၁ | ၅၂၀,၃၇၂ | ၅၂၁,၈၀၁ |
| မိုဘိုင်းဖုန်းလိုင်းများ | လိုင်း | ၄၄,၄၁၈,၀၉၇ | ၅၆,၂၁၀,၅၀၈ | ၆၆,၇၇၈,၁၅၄ |
| အင်တာနက်/အီးမေးလ်လိုင်း | လိုင်း | ၄၄,၄၃၉,၃၉၁ | ၅၆,၂၁၁,၄၄၄ | ၆၂,၉၉၁,၀၀၇ |
| စာတိုက် | | | | |
| အစိုးရစာတိုက် | ခုရေ | ၁,၃၈၁ | ၁,၃၈၂ | ၁,၃၉၀ |
| လမ်း | | | | |
| လမ်းအရှည်စုစုပေါင်း | ကီလိုမီတာ | ၄၁,၈၄၆ | ၄၂,၃၄၅ | ၄၂,၃၄၈ |
| လမ်းသိပ်သည်းဆ | ကီလိုမီတာ/စတုရန်းကီလိုမီတာ | ၀.၀၆၂ | ၀.၀၆၃ | ၀.၀၆၃ |
| မျက်နှာပြင်ပါသောလမ်း (ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း) | ကီလိုမီတာ | ၂၈,၀၈၇ | ၂၉,၅၆၈ | ၂၉,၈၈၄ |
| အခြေခံလိုအပ်ချက်များသုံးစွဲမှု | | | | |
| ကျန်းမာရေး | | | | |
| ပြည်သူ့ဆေးရုံများ | ဦးရေ | ၁,၂၁၅ | ၁,၂၂၂ | ၁,၂၃၂ |
| ကုတင်(နိုင်ငံပိုင်) | ဦးရေ | ၅၄,၈၄၄ | ၅၅,၀၂၂ | ၅၅,၂၅၇ |
| ဆရာဝန် | ဦးရေ | ၄၀,၂၆၀ | ၄၁,၇၅၆ | ၄၂,၃၈၉ |
| သူနာပြု | ဦးရေ | ၃၆,၃၅၁ | ၃၆,၈၂၆ | ၃၈,၅၄၂ |
| သားဖွားဆရာမ | ဦးရေ | ၁၃,၇၈၇ | ၁၄,၂၉၂ | ၁၄,၃၃၉ |
| ပညာရေး(အခြေခံ) | | | | |
| အစိုးရ | | | | |
| ကျောင်း | ဦးရေ | ၄၆,၀၀၇ | ၄၆,၄၉၄ | ၄၇,၀၃၂ |
| ကျောင်းသား | ဦးရေ(ထောင်) | ၈,၉၀၇ | ၈,၉၇၆ | ၉,၀၀၈ |
| ဆရာ/ဆရာမ | ဦးရေ | ၃၇၁,၁၅၇ | ၃၉၇,၂၈၇ | ၃၉၉,၈၂၇ |

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ပုဂ္ဂလိက | | | | |
| ကျောင်း | ဦးရေ | ၅၈၅ | ၇၃၀ | ၈၉၆ |
| ကျောင်းသား | ဦးရေ | ၁၄၀,၈၆၀ | ၁၇၉,၃၉၉ | ၂၂၈,၇၀၅ |
| ဆရာ/ဆရာမ | ဦးရေ | ၈,၃၄၃ | ၁၀,၃၉၈ | ၁၂,၆၅၀ |
| ပညာရေး(အဆင့်မြင့်) | | | | |
| အစိုးရ | | | | |
| ကျောင်း | ဦးရေ | ၁၇၆ | ၁၇၇ | ၁၇၇ |
| ကျောင်းသား | ဦးရေ | ၈၃၅,၃၆၂ | ၇၆၆,၀၂၆ | ၆၆၃,၄၄၇ |
| ဆရာ/ဆရာမ | ဦးရေ | ၂၆,၆၂၅ | ၂၇,၆၅၃ | ၂၇,၅၃၁ |
| နိုင်ငံခြားခရီးသည်များ | | | | |
| ကမ္ဘာလှည့်ခရီးသည်များ | ဦးရေ | ၁,၇၇၈,၉၈၈ | ၁,၈၄၉,၄၂၆ | ၂,၁၆၅,၀၅၉ |

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် စီးပွားရေးနှင့်လူမှုရေးအခြေအနေများကို ပုံပြဂရပ်များဖြင့် တင်ပြအပ်ပါသည်-

**ပုံ(၁-၃) အကောင်အထည်ဖော်မှု အခြေအနေ (နှစ်အလိုက်ဈေးနှုန်းအရ)**




၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆) လပတ်တွင် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀၆,၀၉၆,၃၃၅.၈သန်း အကောင်အထည်ဖော်ရန် ရည်မှန်းခဲ့ရာ ကျပ် ၆၇,၁၈၆,၇၄၈.၀ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၃.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ပုံ(၁-၄) စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




## ပုံ(၁-၅) ဂျီဒီပီတိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ပုံ(၁-၆) စီးပွားရေးဖွဲ့စည်းမှုပုံသဏ္ဌာန်(နှစ်အလိုက်ဈေးနှုန်း)




စီးပွားရေး ဖွဲ့စည်းမှု ပုံသဏ္ဌာန်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ(၆)လပတ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် တို့တွင် လယ်ယာကဏ္ဍကြီးအနေဖြင့် ၂၆.၇ ရာခိုင်နှုန်း၊ ၂၄.၂ ရာခိုင်နှုန်း၊ ၂၂.၇ ရာခိုင်နှုန်း အသီးသီး ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။ စက်မှုကဏ္ဍကြီးအနေဖြင့် ၃၅.၉ ရာခိုင်နှုန်း၊ ၃၇.၉ ရာခိုင်နှုန်း၊ ၃၈.၁ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးအနေဖြင့် ၃၇.၄ ရာခိုင်နှုန်း၊ ၃၇.၉ ရာခိုင်နှုန်း၊ ၃၉.၂ ရာခိုင်နှုန်း အသီးသီး ပြောင်းလဲဖြစ်ပေါ်ခဲ့ပါသည်။

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

## ရင်းနှီးမြှုပ်နှံမှုအခြေအနေ

### ပုံ ( ၁-၇ ) နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှု




နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျပ် ၈,၂၈၆,၁၈၀.၉ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားခဲ့ရာ ပထမ(၆)လ ပတ်အတွင်း ကျပ် ၂,၀၄၃,၅၈၂.၇ သန်း ရင်းနှီးမြှုပ်နှံခဲ့သဖြင့် ၂၄.၆၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

### ပုံ ( ၁-၈) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု




အထူးစီးပွားရေးဇုန် အပါအဝင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အောက်တိုဘာလ မှ မတ်လအထိ အမေရိကန် ဒေါ်လာ ၅,၆၀၆.၇ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ အမေရိကန် ဒေါ်လာ ၁,၇၆၁.၄ သန်း ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ မှ မတ် လအထိ(၆)လ စာရင်းအရ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁,၉၈၈.၇ သန်းရှိခဲ့ပါသည်။

ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# ငွေရေးကြေးရေး

## ပုံ (၁- ၉) နိုင်ငံခြားငွေလဲလှယ်နှုန်း




၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လ ကာလအတွင်း အမေရိကန်တစ်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ၁,၅၆၀ ကျပ် ဖြစ် ပေါ်ခဲ့ရာမှ ၂၀၁၉ မတ်လကုန်တွင် ၁,၅၁၄ ကျပ်သို့ကျဆင်းခဲ့ပါသည်။ သို့သော် ယခင်နှစ်အလားတူကာလ နှင့်နှိုင်းယှဉ်ပါက ၁၃.၄ ရာခိုင်နှုန်း ငွေတန်ဖိုး ကျဆင်းခဲ့ပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသည့် မြန်မာကျပ်ငွေ၏ ရည်ညွှန်းငွေလဲလှယ်နှုန်းကို နိုင်ငံခြားငွေ ဈေးပြိုင်လေလံစနစ်အရ သတ်မှတ်ခဲ့ပြီး နိုင်ငံခြားငွေကြေးဈေးကွက် မြင့်တင်ရေးအတွက် နိုင်ငံတကာ ဗဟိုဘဏ်များကျင့်သုံးသည့် စနစ်နှင့်အညီ (၅.၂.၂၀၁၉) ရက်နေ့မှစတင်၍ နိုင်ငံခြားငွေကြေးဈေးကွက်ရှိ ရောင်းဝယ်မှုများကို အခြေခံ၍ တွက်ချက်ထားသော ဈေးကွက်အခြေခံ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်းကို သတ်မှတ်ထုတ်ပြန် ပေးလျက်ရှိပါသည်။

ဇာစ်မြစ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ချက်။ မတ်လနောက်ဆုံးရက်၏ ငွေလဲလှယ်နှုန်းများဖြစ်ပါသည်။

## ပုံ ( ၁- ၁၀ ) ငွေကြေးဖောင်းပွမှုနှုန်း




ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းမှာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် မတ်လ၌ ၆.၈၁% ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လ၌ ၄.၀၃% နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မတ်လ၌ ၇.၂၈ % ဖြစ်ပေါ်လျက်ရှိပါသည်။ ဘဏ္ဍာရေးနှစ် အတွင်း ဖြစ်ပေါ်ရန် မျှော်မှန်းထားသည့် ငွေကြေးဖောင်းပွမှုနှုန်းထက် ၂.၀၇ % မြင့်တက်ခဲ့ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

## ပုံ(၁-၁၁) ပို့ကုန်အခြေအနေ




၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆) လပတ် (အောက်တိုဘာလမှမတ်လ) တွင် ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၈,၃၀၆.၂ သန်း တင်ပို့နိုင်ခဲ့ သဖြင့် ရည်မှန်းချက်၏ ၅၄.၃ ရာခိုင်နှုန်း အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။ အများဆုံး တင်ပို့သော ကုန်ပစ္စည်းများမှာ ချုပ်ပြီးအထည်၊ သဘာဝ ဓာတ်ငွေ့၊ ပဲအမျိုးမျိုး၊ သတ္တုနှင့်သတ္တုရိုင်း၊ ဆန်တို့ ဖြစ်ပြီး၊ အများဆုံး တင်ပို့သည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် စင်္ကာပူနိုင်ငံ တို့ ဖြစ်သည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ(၁-၁၂) သွင်းကုန်အခြေအနေ




၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ပထမ(၆) လပတ် (အောက်တိုဘာလမှမတ်လ) တွင် သွင်းကုန် အနေဖြင့် အမေရိကန်ဒေါ်လာ ၈,၉၆၅.၇ သန်း တင်သွင်းခဲ့သဖြင့် ရည်မှန်းချက်၏ ၅၆.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အများဆုံး တင်သွင်းသော ကုန်ပစ္စည်းများမှာ ရေနံထွက်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းတို့ဖြစ်ပြီး၊ အများဆုံးတင်သွင်းသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တို့ ဖြစ်သည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ(၁-၁၃) ကုန်သွယ်မှုပမာဏ




၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လပတ် (အောက်တိုဘာလမှ မတ်လ) တွင် ကုန်သွယ်မှု ပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇,၂၇၁.၉ သန်း ကုန်သွယ်နိုင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၅၅.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ(၁-၁၄) ကုန်သွယ်မှုပိုငွေ/လိုငွေ




၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လပတ် (အောက်တိုဘာလမှမတ်လ) တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈,၁၀၆.၂ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈,၉၆၅.၇ သန်း ဆောင်ရွက်နိုင်ခဲ့၍ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၆၅၉.၅ သန်း ဖြစ်ပေါ်ခဲ့ပါသည်။ ကုန်သွယ်မှု လိုငွေပမာဏသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လ) ထက် အမေရိကန် ဒေါ်လာ ၁,၃၀၅.၃ သန်း လျော့နည်းခဲ့ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ (၁-၁၅) ကုန်သွယ်ဘက်နိုင်ငံများ




၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)တွင် ကုန်သွယ်မှု အများဆုံး ကုန်သွယ်ဘက် နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံ နှင့် အိန္ဒိယနိုင်ငံ တို့ ဖြစ်သည်။

ဇာစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ (၁-၁၆) ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန်အခြေအနေ




၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆) လပတ် (အောက်တိုဘာလမှမတ်လ) တွင် စက်မှု ကုန်ချောပစ္စည်း အမေရိကန်ဒေါ်လာ ၂,၈၇၄.၉ သန်း၊ လယ်ယာထွက် ကုန်ပစ္စည်း အမေရိကန် ဒေါ်လာ ၁,၇၀၈.၈ သန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၁,၇၆၅.၂ သန်း၊ သတ္တုတွင်းထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၅၄၈.၉ သန်း၊ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၄၃၂.၈ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၂၇၅.၄ သန်း၊ သစ်တောထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၉၀.၈ သန်း နှင့် အခြားပစ္စည်း အမေရိကန်ဒေါ်လာ ၆၀၉.၄ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈,၃၀၆.၂ သန်း တင်ပို့ ခဲ့ပါသည်။

ဇာစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ(၁-၁၇) ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန်အခြေအနေ




၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လပတ် (အောက်တိုဘာလမှ မတ်လ) တွင် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၃,၆၈၆.၈ သန်း တင်သွင်း ခဲ့သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) ထက် အမေရိကန် ဒေါ်လာ ၃၉.၂ သန်း၊ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၂,၉၅၃.၃ သန်း တင်သွင်းခဲ့သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လ) ထက် ၂၈.၄ သန်း ၊ လူသုံးကုန်ပစ္စည်း အမေရိကန် ဒေါ်လာ ၂,၃၂၅.၆ သန်း တင်သွင်းခဲ့သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လ) ထက် အမေရိကန် ဒေါ်လာ ၃၅၆.၀ သန်း လျော့၍ တင်သွင်းခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၈,၉၆၅.၇ သန်း တင်သွင်းခဲ့ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပုံ(၁-၁၈) မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်နှင့်သုံးစွဲခဲ့သည့်နိုင်ငံခြားငွေ




နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစား အသီးသီးထံသို့ ဝင်ငွေများဝင်ရောက်စေခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်သဖြင့် အမျိုးသားအဆင့် ဦးစားပေးကဏ္ဍ တစ်ခုဖြစ်ရန် ရည်ရွယ်ဆောင်ရွက်လျက် ရှိပါသည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများအား ဒေသ အသီးသီးတွင် စနစ်တကျ စီစဉ်ဖွင့်လှစ် သင်ကြား ပေးနိုင်ခဲ့သဖြင့် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက်လာခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပေးနိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

## ပုံ(၁-၁၉) ဆောက်လုပ်မှုအမျိုးအစားအလိုက်ဆောင်ရွက်မှုအခြေအနေ




၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အိမ်ရာ ၅၆.၁ %၊ ရုံး၊ ကျောင်း၊ ဆေးရုံစသည်များ ၁၇.၂ % ၊ လမ်း ၇.၇ % ၊ တံတား ၂.၀ % ၊ ဆိပ်ကမ်း၊ ဆည်မြောင်းများ ၃.၅ %၊ ဆက်သွယ်ရေးနှင့်မဟာဓါတ်အားလိုင်းများ ၀.၅ %၊ ဓါတ်အားလိုင်းများတွင် ၁.၀ % ၊ သတ္တုတွင်း၊ စက်ရုံ များ ၀.၄ % ၊ အားကစားကွင်း၊ ပန်းခြံ ၀.၂ % နှင့် အခြား မြို့ပြ အင်ဂျင်နီယာ လုပ်ငန်းများ (အဆောက်အဦဖြိုဖျက်ခြင်း၊ လုပ်ငန်းခွင်များ ရှင်းလင်းခြင်း၊ တောရှင်းမြေပြုပြင်ခြင်း) ၁၁.၄ % အသီးသီး ဆောင်ရွက်ခဲ့ပါသည်။

ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးရုံး

## ပုံ(၁-၂၀) လျှပ်စစ်ဓာတ်အားတပ်ဆင်အင်အား




၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မတ်လအထိ နိုင်ငံပိုင် လျှပ်စစ်ဓာတ်အား တပ်ဆင်ထားသည့် အင်အား အနေဖြင့် ၅,၉၀၁ မဂ္ဂါဝပ် ရှိပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၁၀၀.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လအထိ တပ်ဆင်ထားသည့် အင်အား ၅,၆၉၅ မဂ္ဂါဝပ် ရှိသဖြင့် ၂၀၆ မဂ္ဂါဝပ် တိုးတက် တပ်ဆင်နိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## ပုံ( ၁-၂၁) လျှပ်စစ်ဓာတ်အားသုံးစွဲမှု




ပြည်တွင်း လျှပ်စစ်ဓာတ်အား သုံးစွဲမှု အနေဖြင့် စီမံကိန်း ရည်မှန်းချက်၏ ၄၇.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ရာဇဂြိုလ် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကို စမ်းသပ်လည်ပတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်တွင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ ၂၂၅ မဂ္ဂါဝပ် စီမံကိန်းနှင့် ဓာတ်ငွေ့ အင်ဂျင်သုံး ၉၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတို့ကို ပထမ(၆)လတွင် စီးပွားဖြစ် စတင်လည်ပတ်နိုင်ခဲ့ခြင်း၊ နိုင်ငံပိုင် ရေအားစက်ရုံများကို ပြုပြင်ထိန်းသိမ်း အဆင့်မြှင့်တင်၍ စက်စွမ်းအားပြည့် လည်ပတ်နိုင်ခဲ့ခြင်း တို့ကြောင့် လျှပ်စစ်ဓာတ်အား တိုးတက် ထုတ်လုပ်နိုင်ခဲ့သဖြင့် ပြည်သူများ ပိုမိုသုံးစွဲနိုင်ခဲ့ပါသည်။

ဇာစ်မြစ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

## ပုံ(၁-၂၂) အခြေခံပညာကျောင်းများအခြေအနေ




ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ကျောင်းများအဆင့် တိုးမြှင့်ပေးခြင်း၊ ကျောင်းထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကြောင့် ကျောင်းအရေအတွက် တိုးတက်ခဲ့ပါသည်။

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

### ပုံ(၁-၂၃) အခြေခံပညာကျောင်းဆရာများအခြေအနေ




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

ကျောင်းများ တိုးချဲ့ဖွင့်လှစ်မှုနှင့် အညီ ဆရာ/မများ ခန့်ထားရာတွင် ဒေသခံ တိုင်းရင်းသားများကို ဦးစားပေးခန့်ထားခြင်း ၊ မာလ်တီမီဒီယာ အတတ်ပညာဘွဲ့လွန် ဒီပလိုမာ (ပညာရေး) (PGDMA)နှင့် ပညာရေးတက္ကသိုလ်တို့မှ ဆရာ/မများ တိုးချဲ့ မွေးထုတ်ပေးခြင်းကြောင့် ဆရာ/မ ဦးရေတိုးတက်ခဲ့ပါသည်။

### ပုံ(၁-၂၄) အခြေခံပညာကျောင်းသားများအခြေအနေ




ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း၊ ပညာသင် ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊ ကျောင်းပြင်ပ ပညာရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကြောင့် ကျောင်းသားဦးရေ တိုးတက်ခဲ့ပါသည်။

## ပုံ(၁-၂၅) တက္ကသိုလ်၊ဒီဂရီကောလိပ်နှင့်ကောလိပ်များအခြေအနေ




ကျောင်းသားဦးရေ အနေဖြင့် အဝေးသင် ကျောင်းသားများ နှစ်အလိုက် ပညာသင်အရေအတွက် မတူညီခြင်းနှင့် ကျောင်းအပ်လက်ခံဆဲကာလ ဖြစ်သည့်အတွက် ကျောင်းသားဦးရေ လျော့နည်းရခြင်း ဖြစ်ပါသည်။

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

## ကျန်းမာရေး

## ပုံ(၁-၂၆) ဆရာဝန်ဦးရေ




နိုင်ငံသားတိုင်းပြီးပြည့်စုံသည့် ကျန်းမာရေး စောင့်ရှောက်မှု ရရှိခံစားနိုင်ရေး အတွက် အရည်အသွေးပြည့်ဝသော ဆရာဝန်များ နှစ်စဉ်မွေးထုတ်ခန့်ထားလျက် ရှိပါသည်။

ဇာစ်မြစ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ပုံ(၁-၂၇) သူနာပြုဦးရေ




ကျန်းမာရေး စောင့်ရှောက်မှု လူတိုင်း လက်လှမ်းမီလွှမ်းခြုံစေရေးနှင့် မြို့ပြ၊ ကျေးလက်နှင့် နယ်စပ်ဒေသများတွင် ပဏာမ ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးအတွက် နှစ်စဉ်သူနာပြုများ တိုးမြှင့်ခန့်ထားလျက် ရှိပါသည်။

ဓာတ်မြစ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ပုံ(၁-၂၈) သားဖွားဆရာမဦးရေ




ကျေးလက်ဒေသရှိ ပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုရရှိစေရန်နှင့် မိခင်နှင့် မွေးကင်းစကလေး ဆုံးရှုံးမှုနှုန်း လျော့နည်းစေရန်အတွက် နှစ်စဉ် သားဖွားဆရာမများ တိုးမြှင့်ခန့်ထားလျက် ရှိပါသည်။

ဓာတ်မြစ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## အခန်း(၂)

## နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ

၁။ နိုင်ငံတော်၏ စီးပွားရေးအတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုများကို နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများက ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၂၆) ခုနှင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၅) ခု၊ စုစုပေါင်း နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၃၁) ခု ရှိပါသည်။ အဆိုပါ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ(ယာယီ) အခြေအနေကို တင်ပြအပ်ပါသည်။

**ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်ဆောင်ရွက်သည့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

(က) ပြန်ကြားရေးဝန်ကြီးဌာန
- (၁) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(ခ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
- (၁) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
- (၂) မြန်မာ့မီးရထား
- (၃) ကုန်းလမ်းပို့ဆောင်ရေး
- (၄) မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း
- (၅) မြန်မာ့စာတိုက်လုပ်ငန်း

(ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
- (၁) အမှတ်(၁)သတ္တုတွင်း လုပ်ငန်း
- (၂) အမှတ်(၂)သတ္တုတွင်း လုပ်ငန်း
- (၃) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း
- (၄) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်း
- (၅) မြန်မာ့သစ်လုပ်ငန်း

(ဃ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
- (၁) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း
- (၂) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း
- (၃) မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း
- (၄) မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း

(၅) မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း

(င) စက်မှုဝန်ကြီးဌာန

(၁) အမှတ်(၁)အကြီးစားစက်မှု လုပ်ငန်း

(၂) အမှတ်(၂)အကြီးစားစက်မှု လုပ်ငန်း

(၃) အမှတ်(၃)အကြီးစားစက်မှု လုပ်ငန်း

(၄) မြန်မာ့ဆေးဝါးလုပ်ငန်း

(စ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၁) မြန်မာ့စီးပွားရေးဘဏ်

(၂) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

(၃) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

(၄) မြန်မာ့အာမခံလုပ်ငန်း

(၅) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

(ဆ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

(က) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၁) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(၂) မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

(၃) မြန်မာအမျိုးသားလေကြောင်း

(ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(၁) ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း

(၂) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု**

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း စုစုပေါင်း (၃၁) ခု ရှိသည့်အနက် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်း (၆) ခု ရှိပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ စုစုပေါင်း သာမန်ဝင်ငွေ ကျပ် ၇,၆၃၄,၃၄၀.၈၁၄ သန်း နှင့် သာမန်အသုံးစရိတ် ကျပ် ၆,၄၆၄,၈၈၇.၅၉၀ သန်း လျာထားခဲ့ပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေသည် သာမန်ဝင်ငွေနှင့် သာမန်အသုံးစရိတ်၊ ကုန်သွယ်မှု (ယာယီ) စာရင်းများကို အခြေခံ၍ ပြုစုထားခြင်း ဖြစ်ပါသည်။

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ (ယာယီ)စာရင်းအရ သာမန်ဝင်ငွေ၊ သာမန်သုံးငွေ အခြေအနေမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

**ဇယား(၂-၁)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ ယာယီစာရင်းအရ သာမန်ဝင်ငွေ၊ သာမန်သုံးငွေ အခြေအနေ**

| အကြောင်းအရာ | လျာထားချက် (ကျပ်သန်း) | အကောင်အထည်ဖော်မှု (ကျပ်သန်း) | အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်း |
|---|---|---|---|
| စုစုပေါင်းသာမန်ဝင်ငွေ | ၇,၆၃၄,၃၄၀.၈၁ | ၃,၉၉၈,၁၅၈.၀၀ | ၅၂.၃၇ |
| စုစုပေါင်းသာမန်သုံးငွေ | ၆,၄၆၄,၈၈၇.၅၉ | ၃,၁၃၄,၆၃၉.၇၅ | ၄၈.၄၉ |
| စုစုပေါင်းပိုငွေ/လိုငွေ(+/-) | (+)၁,၁၆၉,၄၅၃.၂၂ | (+) ၈၆၃,၅၁၈.၂၅ | |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ စုစုပေါင်းသာမန်ဝင်ငွေ လျာထားချက်တွင် ၅၂.၃၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ သာမန်သုံးငွေတွင် ၄၈.၄၉ ရာခိုင်နှုန်းသာ သုံးစွဲခဲ့ပါသည်။ ဘဏ္ဍာရေး နှစ်ဝက်ကာလဖြစ်သဖြင့် စုစုပေါင်းပိုငွေလျာထားချက် ၃၀၅,၉၃၄.၉၇ သန်း လိုအပ်ပါသေးသည်။

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်နိုင်မှု

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ (ယာယီ)စာရင်းအရ အဖွဲ့အစည်းများ၏ အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ပြန်ကြားရေးဝန်ကြီးဌာန။** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ကြော်ငြာခမှ ဝင်ငွေ ရရှိခြင်းကြောင့် ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း တစ်ဖက်ပါအတိုင်းတွေ့ရှိရပါသည်-

ဇယား(၂-၂)

ပြန်ကြားရေးဝန်ကြီးဌာန

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့ အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း | ၂၀,၃၇၄.၀၀ | ၂၁,၅၃၁.၅၇ | ၈,၈၁၂.၅၃ | ၇,၈၄၃.၇၀ | (+) ၉၆၈.၈၃ |
| | စုစုပေါင်း | ၂၀,၃၇၄.၀၀ | ၂၁,၅၃၁.၅၇ | ၈,၈၁၂.၅၃ | ၇,၈၄၃.၇၀ | (+) ၉၆၈.၈၃ |

(ခ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများအနက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတစ်ခုသာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပြီး ကျန်ဌာနများဖြစ်သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့မီးရထား၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် မြန်မာ့စာတိုက်လုပ်ငန်းတို့မှာ အောက်ပါအချက်များကြောင့် လိုငွေ ပြကြောင်း တွေ့ရှိရပါသည်-

(၁) နယ်မြေဒေသနှင့်ကိုက်ညီသော ရေယာဉ်များ ပြေးဆွဲနိုင်မှု မရှိသဖြင့် ခရီးသည် လိုက်ပါမှု နှင့် ကုန်စည်စီးဆင်းမှုနည်းပါးလာခြင်း၊ စီးပွားရေးတွက်ချေမကိုက်သော ခရီးလမ်းအချို့ ရပ်နားထားရခြင်း၊ ခရီးရှည်လိုင်းများတွင် ခရီးသည်လိုက်ပါမှု နည်းပါးခြင်း တို့ကြောင့် ခရီးသည်မိုင်၊ ခရီးသည်ခ ဝင်ငွေများ လျော့နည်း ရရှိခဲ့ခြင်း၊

(၂) ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၏ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်းများ (ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ စက်ဆီ၊ ဓာတ်အားခနှင့် စာရေးကိရိယာများ အပါအဝင်) လုပ်ငန်း ဆောင်ရွက်မှုစရိတ်များ ပိုမိုခဲ့ခြင်း၊

(၃) ဝန်ထမ်းလစာစရိတ်၊ တန်ဖိုးလျော့၊ ငွေကြေးစရိတ် (အတိုးပေးငွေ)၊ ကုန်သွယ်လုပ်ငန်း ခွန်၊ ပင်စင်နှင့်လုပ်သက်ဆုငွေ၊ ပြင်ဆင် ထိန်းသိမ်းစရိတ်များ သုံးစွဲခဲ့ရခြင်း၊

(၄) ဌာနရှိယာဉ်များမှာ ယာဉ်အို၊ ယာဉ်ဟောင်းများဖြစ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေး ယာဉ် များမှာလည်း ယာဉ်ပြင်ဆင်ရန်အတွက် အပိုပစ္စည်းရှားပါး၍ ပြင်ဆင်ရက်ကြာမြင့်သဖြင့် စံနှုန်းပြည့်မရရှိခြင်း၊

(၅) ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ တွင် ကြို/ပို့ တာဝန်ထမ်းဆောင်နေသော ယာဉ်များအတွက် CNG ဓာတ်ငွေ့ ဝယ်ယူ၍ မရရှိခြင်းကြောင့် ပြေးဆွဲနိုင်မှုမရှိခြင်း၊

(၆) စီးလုံးငှားယာဉ်များ ငှားရမ်းမှုနည်းပါးခြင်း၊ ဌာနခွဲရှိ ဝင်ငွေရှာဖွေလျက်ရှိသော ယာဉ်မောင်း သင်တန်းကျောင်းများတွင်လည်း သင်တန်းသားရရှိမှု နည်းပါးခြင်း၊

(၇) နိုင်ငံလိုအပ်ချက်အရ ဝင်ငွေမရရှိသော ဒေသများတွင် စာတိုက်ရုံးများ ဖွင့်လှစ်ထားရှိရပြီး ဝန်ထမ်းများလည်း ခန့်အပ်ထားရခြင်း၊

(၈) မြန်မာတစ်နိုင်ငံလုံးတွင် စာတိုက်ရုံးပေါင်း (၁,၃၉၀) ရုံး ဖွင့်လှစ်ထားပြီး ဝင်ငွေလုံးဝ မရရှိသော စာတိုက်ရုံးပေါင်း (၃၈၇) ရုံး ရှိခြင်း၊

(၉) ဝေးလံခက်ခဲသောဒေသများနှင့် လစာ(၂)ဆပေးရသော ဒေသများရှိ ဝန်ထမ်းများအတွက်လည်း အသုံးစရိတ်များ သုံးစွဲရခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ပိုငွေဖြစ်ပေါ်ကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်-

**ဇယား(၂-၃)**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့ အစည်း | မူလ လျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | ၄,၄၈၅.၈၃ | ၁၄,၁၃၂.၉၃ | ၂,၅၀၅.၁၁ | ၇,၁၄၅.၅၉ | (-)၄,၆၄၀.၄၈ |
| ၂ | မြန်မာ့မီးရထား | ၆၂,၁၇၁.၈၃ | ၁၆၀,၀၉၅.၁၈ | ၃၁,၂၆၁.၁၈ | ၇၉,၉၁၉.၉၁ | (-)၄၈,၆၅၈.၇၃ |
| ၃ | ကုန်းလမ်းပို့ဆောင်ရေး | ၁၀,၇၉၈.၀၂ | ၁၂,၁၆၇.၇၇ | ၃,၄၈၃.၁၁ | ၅,၇၅၄.၀၆ | (-)၂,၂၇၀.၉၅ |
| ၄ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | ၂၀၀,၀၀၀.၀၀ | ၁၀၁,၈၅၅.၅၉ | ၁၀၈,၃၁၂.၈၆ | ၄၉,၇၄၆.၀၅ | (+)၅၈,၅၆၆.၈၁ |
| ၅ | မြန်မာ့စာတိုက်လုပ်ငန်း | ၁၆,၁၄၈.၈၀ | ၂၀,၂၅၉.၄၈ | ၈,၂၅၆.၆၁ | ၉,၁၂၂.၅၅ | (-)၈၆၅.၉၄ |
| | စုစုပေါင်း | ၂၉၃,၆၀၄.၄၈ | ၃၀၈,၅၁၀.၉၅ | ၁၅၃,၈၁၈.၈၇ | ၁၅၁,၆၈၈.၁၆ | (+)၂,၁၃၀.၇၁ |

(ဂ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန။** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများမှာ ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်-

## ဇယား(၂-၄)
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/ အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | အမှတ်(၁)သတ္တုတွင်း လုပ်ငန်း | ၃၁,၄၃၃.၂၄ | ၅,၂၁၅.၂၉ | ၅၈,၆၆၄.၀၅ | ၂,၈၈၉.၇၈ | (+)၅၅,၇၇၄.၂၇ |
| ၂ | အမှတ်(၂)သတ္တုတွင်း လုပ်ငန်း | ၂၈,၁၁၇.၅၂ | ၇,၃၃၃.၂၂ | ၁၈,၄၄၉.၇၇ | ၂,၃၆၉.၁၆ | (+)၁၆,၀၈၀.၆၁ |
| ၃ | မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ် ရေးလုပ်ငန်း | ၁၈၅,၃၁၂.၁၁ | ၁၀,၄၄၄.၃၁ | ၉,၈၄၉.၈၅ | ၁,၉၁၄.၂၅ | (+)၇,၉၃၅.၆၀ |
| ၄ | မြန်မာ့ပုလဲ ထုတ်လုပ်ရေး နှင့်ရောင်းဝယ်ရေး လုပ်ငန်း | ၁၁,၇၃၀.၆၅ | ၅,၁၇၀.၉၀ | ၇,၁၀၉.၉၅ | ၆၁၈.၇၁ | (+)၆,၄၉၁.၂၄ |
| ၅ | မြန်မာ့သစ်လုပ်ငန်း | ၂၄၅,၅၄၉.၅၀ | ၁၄၀,၄၃၂.၈၅ | ၁၃၈,၈၀၀.၂၆ | ၇၆,၀၉၅.၂၉ | (+)၆၂,၇၀၄.၉၇ |
| | စုစုပေါင်း | ၅၀၂,၁၄၃.၀၂ | ၁၆၈,၅၉၆.၅၇ | ၂၃၂,၈၇၃.၈၈ | ၈၃,၈၈၇.၁၉ | (+)၁၄၈,၉၈၆.၆၉ |

(ဃ) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တို့မှာ အောက်ပါအချက်များကြောင့် လိုငွေပြခဲ့ပါသည်-

(၁) ဌာနပိုင်ရေအားလျှပ်စစ်စက်ရုံများမှ တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာသော်လည်း ဌာနပိုင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ၏ တစ်ယူနစ် ထုတ်လုပ်မှု ကုန်ကျစရိတ်များ ကြီးမားခြင်း၊

(၂) ဓာတ်အားသုံးစွဲမှုအပေါ် အိမ်သုံး၊ စက်မှုသုံးအလွှာဖြင့် ဓာတ်အားခ တောင်းခံရာတွင် ကောက်ခံသည့် အမြင့်ဆုံးနှုန်းထားအထိ ရောက်ရှိအောင် ရောင်းချနိုင်မှုမရှိခြင်း၊ အိမ်သုံးအလွှာတွင် ဓာတ်အားသုံးစွဲမှု လျော့နည်းခဲ့ခြင်းတို့ကြောင့် ဝင်ငွေလျော့နည်းရခြင်းတို့ ဖြစ်ပါသည်။

ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ပိုငွေ ဖြစ်ပေါ်ခဲ့ပါသည်-

## ဇယား(၂-၅)

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/ အဖွဲ့ အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | ၁,၂၂၉,၉၇၈.၁၃ | ၁,၈၅၉,၉၄၁.၁၅ | ၅၉၁,၈၇၆.၄၇ | ၁,၀၃၆,၇၁၇.၅၇ | (-)၄၄၄,၈၄၁.၁၀ |
| ၂ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၄၈၂,၄၂၄.၃၃ | ၄၈၁,၂၆၄.၇၅ | ၂၃၄,၅၉၃.၇၃ | ၂၃၅,၀၁၄.၆၅ | (-)၄၂၀.၉၂ |
| ၃ | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | ၁,၉၅၃,၃၂၄.၈၄ | ၁,၂၉၄,၇၇၅.၃၉ | ၁,၁၆၆,၆၆၂.၆၆ | ၄၆၁,၁၀၈.၂၃ | (+)၇၀၅,၅၅၄.၄၃ |
| ၄ | မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | ၂၈၉,၇၉၈.၃၈ | ၂၄၁,၅၈၀.၆၁ | ၁၅၁,၅၄၀.၄၃ | ၁၀၈,၇၄၃.၅၁ | (+)၄၂,၇၉၆.၉၂ |
| ၅ | မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း | ၂၄၆,၁၀၉.၆၅ | ၂၂၄,၅၃၅.၈၀ | ၁၅၄,၃၄၃.၁၁ | ၁၄၅,၀၀၉.၂၆ | (+)၉,၃၃၃.၈၅ |
| | စုစုပေါင်း | ၄,၂၀၁,၆၃၅.၃၃ | ၄,၁၀၂,၀၉၇.၇၀ | ၂,၂၉၉,၀၁၆.၄၀ | ၁,၉၈၆,၅၉၃.၂၂ | (+)၃၁၂,၄၂၃.၁၈ |

(င) **စက်မှုဝန်ကြီးဌာန။** စက်မှုဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများအနက် မြန်မာ့ဆေးဝါးလုပ်ငန်းတစ်ခုသာ ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းတို့မှာ အောက်ပါ အချက်များကြောင့် လိုငွေပြခဲ့ပါသည်-

(၁) စီမံခန့်ခွဲမှုစရိတ်၊ ထုတ်လုပ်မှုစရိတ်၊ ငွေကြေးစရိတ်၊ တန်ဖိုးလျော့စရိတ်၊ ဝန်ထမ်းလစာနှင့် ပင်စင်စရိတ်များသည် သာမန်အသုံးစရိတ်များ၏ ၆၀ ရာခိုင်နှုန်းခန့်ရှိခြင်း၊

(၂) ထုတ်လုပ်မှုမှရရှိသည့် အကျိုးအမြတ်၊ ကုန်ရောင်းဝင်ငွေနှင့် ငှားရမ်းခရငွေသည် တန်ဖိုးလျော့စရိတ်များ၊ ကုန်သွယ်ခွန်၊ အခြားစီမံစရိတ်များနှင့် မဖြစ်မနေသုံးစွဲရသည့် စရိတ်များကို ကာမိမှုမရှိခြင်းတို့ကြောင့် ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် လိုငွေ ဖြစ်ပေါ်ခဲ့ပါသည်-

ဇယား(၂-၆)

စက်မှုဝန်ကြီးဌာန

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း | ၇,၉၄၅.၅၁ | ၄၁,၈၇၀.၂၈ | ၁,၂၀၃.၀၄ | ၁၀,၃၄၂.၃၀ | (-)၉,၁၃၉.၂၆ |
| ၂ | အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း | ၁၂,၃၆၃.၂၂ | ၂၆,၅၇၂.၅၁ | ၄,၄၀၁.၇၆ | ၁၃,၂၄၆.၀၄ | (-)၈,၈၄၄.၂၈ |
| ၃ | အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း | ၂၀,၀၀၀.၀၀ | ၅၈,၁၄၂.၀၆ | ၇,၉၂၂.၄၈ | ၂၆,၉၉၃.၂၄ | (-)၁၉,၀၇၀.၇၆ |
| ၄ | မြန်မာ့ဆေးဝါးလုပ်ငန်း | ၄၈,၉၃၆.၅၅ | ၄၅,၁၅၃.၄၁ | ၂၀,၉၈၀.၆၅ | ၂၀,၃၁၁.၄၄ | (+)၆၆၉.၂၁ |
| | စုစုပေါင်း | ၈၉,၂၄၅.၂၈ | ၁၇၁,၇၃၈.၂၆ | ၃၄,၅၀၇.၉၃ | ၇၀,၈၉၃.၀၂ | (-)၃၆,၃၈၅.၀၉ |

(စ) **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ လုပ်ငန်းများမှာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှာ အောက်ပါအချက်များကြောင့် လိုငွေပြခဲ့ပါသည်-

(၁) နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်သဖြင့် ဝင်ငွေလျာထားချက် ပိုမိုတိုးတက် ရရှိသော်လည်း ငွေစုဘဏ်အပ်ငွေအပေါ် အတိုးပေးငွေပမာဏ များပြားသဖြင့် အတိုးစရိတ်ကို မကာမိခြင်း၊

(၂) တောင်သူများသို့ ထုတ်ချေးထားသည့် နှစ်ဟောင်း ချေးငွေကြွေးကျန်များမှ ကောက်ခံရရှိမှုလျော့နည်းခြင်း၊

(၃) လစာ၊ ပင်စင်၊ မီတာခ၊ စာပို့ကြေးနန်းခ၊ ငွေလွှဲခနှင့်အတိုးပေးငွေ စသည်တို့ သုံးစွဲခဲ့ရခြင်းကြောင့် အသုံးစရိတ်ပိုမိုရခြင်း ဖြစ်ပါသည်။

ဇယား(၂-၇)

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/ အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | မြန်မာ့စီးပွားရေးဘဏ် | ၄၀၄,၆၇၉.၅၈ | ၃၉၃,၄၂၄.၈၀ | ၁၈၉,၁၇၈.၄၃ | ၂၀၉,၄၃၇.၀၃ | (-)၂၀,၂၅၈.၆၀ |
| ၂ | မြန်မာ့ရင်းနှီးမြှုပ်နှံမှု နှင့် ကူးသန်းရောင်း ဝယ်ရေးဘဏ် | ၄၇,၃၃၅.၄၇ | ၈,၃၉၈.၇၉ | ၄၀,၂၃၅.၃၉ | ၃,၄၃၀.၁၇ | (+)၃၆,၈၀၄.၂၂ |
| ၃ | မြန်မာ့နိုင်ငံခြားကုန် သွယ်မှုဘဏ် | ၃၀,၀၀၀.၀၀ | ၃,၄၄၂.၃၈ | ၁၀,၉၂၁.၅၇ | ၃,၄၅၃.၅၀ | (+)၇,၄၆၈.၀၇ |
| ၄ | မြန်မာ့အာမခံလုပ်ငန်း | ၅၅,၀၀၀.၀၀ | ၁၆,၅၇၉.၉၇ | ၃၂,၃၆၀.၈၃ | ၅,၃၈၂.၆၆ | (+)၂၆,၉၇၈.၁၇ |
| ၅ | မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ် | ၁၂၀,၀၀၀.၇၈ | ၆၈,၅၈၀.၅၁ | ၃၄,၇၀၅.၅၆ | ၄၈,၃၃၂.၀၈ | (-)၁၃,၆၂၆.၅၂ |
| | စုစုပေါင်း | ၆၅၇,၀၁၅.၈၃ | ၄၉၀,၄၂၆.၄၅ | ၃၀၇,၄၀၁.၇၈ | ၂၇၀,၀၃၆.၄၄ | (+)၃၇,၃၆၅.၃၄ |

(ဆ) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပိုငွေဖြင့် ဆောင်ရွက်ခဲ့ပါသည်-

ဇယား(၂-၈)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

(ကျပ်သန်း)

| စဉ် | လုပ်ငန်း/ အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | မြန်မာနိုင်ငံတော် ဗဟိုဘဏ် | ၇၀၂,၀၆၁.၄၅ | ၁၃၇,၄၈၂.၆၃ | ၃၇၇,၁၁၂.၇၇ | ၄၆,၉၄၀.၉၈ | (+)၃၃၀,၁၇၁.၇၉ |
| | စုစုပေါင်း | ၇၀၂,၀၆၁.၄၅ | ၁၃၇,၄၈၂.၆၃ | ၃၇၇,၁၁၂.၇၇ | ၄၆,၉၄၀.၉၈ | (+)၃၃၀,၁၇၁.၇၉ |

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ**

(က) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။** မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှာ ပိုငွေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာ့သင်္ဘောကျင်းလုပ်ငန်းနှင့် မြန်မာအမျိုးသားလေကြောင်းတို့သည် အောက်ပါအချက်ကြောင့် လိုငွေပြခဲ့ပါသည်-

(၁) လစာ၊ ပင်စင်စရိတ်၊ အခြားပုံသေဝန်ဆောင်စရိတ်များနှင့် မသုံးမဖြစ်သုံးစွဲရသည့် မီတာခ အပါအဝင် အခြားပုံသေဝန်ဆောင်စရိတ်များ ကျခံသုံးစွဲနေရခြင်း၊

(၂) မြန်မာအမျိုးသားလေကြောင်း လိုငွေဖြစ်ပေါ်ရခြင်းမှာ ပြည်တွင်း/ပြည်ပခရီးစဉ်များ ပျံသန်းပြေးဆွဲရန်အတွက် ငှားရမ်းထားသော ATR-72 (600) XY-AMI လေယာဉ်သည် နိုဝင်ဘာလမှ မတ်လအထိ အင်ဂျင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ရသဖြင့် ရပ်နားထားရခြင်း၊ CARAVAN XY-AMB လေယာဉ် စွမ်းအားပြည့်အသုံးမပြုနိုင်ခြင်း၊

(၃) ပြည်ပခရီးစဉ်များဖြစ်သော စက်ဘပူ၊ ဟောင်ကောင်၊ ဘန်ကောက်၊ ချင်းမိုင်၊ ဖူးခက်နှင့် ချန်ဒူးမြို့များသို့ ပြေးဆွဲရာတွင် ဒေသအတွင်း အင်အားကြီးလေကြောင်းလိုင်းများနှင့် ယှဉ်ပြိုင်ပျံသန်း ပြေးဆွဲရသည့်အတွက် လေယာဉ်လက်မှတ်ခ ဈေးနှုန်းများကို လျှော့ချပြေးဆွဲရသဖြင့် ဝင်ငွေလျော့နည်း ရရှိခဲ့ခြင်းတို့ကြောင့် အသုံးစရိတ်ပိုမိုရခြင်းဖြစ်ပါ သည်။ ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ပိုငွေ ဖြစ်ပေါ်ခဲ့ပါသည်-

**ဇယား(၂-၉)**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ကျပ်သန်း)**

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | ၈၀,၂၂၁.၁၀ | ၂၈,၃၆၀.၆၆ | ၃၆,၂၇၆.၆၅ | ၉,၁၈၄.၀၂ | (+)၂၇,၀၉၂.၆၃ |
| ၂ | မြန်မာ့သင်္ဘောကျင်းလုပ်ငန်း | ၂,၄၀၀.၀၀ | ၂,၃၂၃.၇၃ | ၃၈၈.၉၀ | ၇၆၃.၂၉ | (-)၃၇၄.၃၉ |
| ၃ | မြန်မာအမျိုးသားလေကြောင်း | ၁၇၂,၁၁၉.၉၄ | ၁၇၅,၀၆၁.၃၁ | ၁၀၅,၆၅၃.၇၀ | ၁၀၉,၀၇၉.၈၆ | (-)၃,၄၂၆.၁၆ |
| | စုစုပေါင်း | ၂၅၄,၇၄၀.၀၄ | ၂၀၅,၇၄၅.၇၀ | ၁၄၂,၃၁၉.၂၅ | ၁၁၉,၀၂၇.၁၇ | (+)၂၃,၂၉၂.၀၈ |

(ခ) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။** ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့မှာ ပိုငွေဖြင့် ဆောင်ရွက်ခဲ့ ပါသည်-

**ဇယား(၂-၁၀)**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**(ကျပ်သန်း)**

| စဉ် | လုပ်ငန်း/အဖွဲ့အစည်း | မူလလျာထားချက် | | ယာယီ | | ပိုငွေ/လိုငွေ (ယာယီ) (+/-) |
|---|---|---|---|---|---|---|
| | | ဝင်ငွေ | အသုံးစရိတ် | ဝင်ငွေ | အသုံးစရိတ် | |
| ၁ | ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | ၆၄၂,၀၉၂.၂၃ | ၆၀၁,၃၀၂.၉၈ | ၃၂၉,၇၈၈.၂၈ | ၂၉၆,၁၈၆.၃၉ | (+)၃၃,၆၀၁.၈၉ |
| ၂ | မန္တလေးလျှပ်စစ် ဓာတ် အားပေးရေး ကော်ပို ရေးရှင်း | ၂၇၁,၄၂၈.၁၅ | ၂၅၇,၄၅၄.၇၈ | ၁၁၂,၅၀၆.၃၁ | ၁၀၁,၅၄၃.၄၈ | (+)၁၀,၉၆၂.၈၃ |
| | စုစုပေါင်း | ၉၁၃,၅၂၀.၃၈ | ၈၅၈,၇၅၇.၇၆ | ၄၄၂,၂၉၄.၅၉ | ၃၉၇,၇၂၉.၈၇ | (+)၄၄,၅၆၄.၇၂ |

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအနက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ ခြုံငုံသုံးသပ်ပါက စက်မှုဝန်ကြီးဌာနမှလွဲ၍ ကျန်ပြည်ထောင်စုဝန်ကြီးဌာန(၅)ခုနှင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီး ဌာန(၂)ခုတို့မှာ ပိုငွေ ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဝန်ကြီးဌာနများကြီးကြပ်မှုအောက်ရှိ **ပိုငွေ** ဖြင့်ဆောင်ရွက်ခဲ့သော အဖွဲ့အစည်း (၁၈) ခုမှာ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်း(၁၅)ခု နှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၃) ခု တို့ဖြစ်ပါသည်။

ဝန်ကြီးဌာနများကြီးကြပ်မှုအောက်ရှိ **လိုငွေ** ဖြင့် ဆောင်ရွက်သော အဖွဲ့အစည်း (၁၃) ခုမှာ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်း(၁၁)ခု နှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၂) ခု တို့ဖြစ်ပါသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာအတွက် နှီးနွှယ်ရာဌာနများ ပေါင်းစပ်ဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် နိုင်ငံတော်မှ ရေးဆွဲပြီးဖြစ်သည့် မြန်မာနိုင်ငံ၏ ဟန်ချက်ညီသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ၏ မဟာဗျူဟာ ၂.၅ (Strategy 2.5) သည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့်

ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန်ဖြစ်ပြီး ယင်းမဟာဗျူဟာတွင် ပါရှိသည့် အောက်ပါလုပ်ငန်း အစီအစဉ် (Action Plan) (၅) ခုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) နိုင်ငံပိုင်လုပ်ငန်းများဘက်စုံအကဲဖြတ် သုံးသပ်ပြီး နိုင်ငံပိုင်လုပ်ငန်းဆိုင်ရာ မူဝါဒ တစ်ခုပေါ်ပေါက်လာစေရန်၊

(ခ) နိုင်ငံပိုင်လုပ်ငန်းများကို ကော်ပိုရိတ် အသွင်ပြောင်းခြင်း၊ အကျိုးအမြတ် ရရှိစေရန် ဆောင်ရွက်ခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းတို့ဖြင့် ယှဉ်ပြိုင် နိုင်မှုရှိစေရန်၊

(ဂ) တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အပြည့်အဝဖြစ်စေ၊ ရှယ်ယာခေါ်ယူဆောင်ရွက်သင့်သည့် နိုင်ငံပိုင်လုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ပြီး ဖြစ်နိုင်ချေရှိသည့် မဟာဗျူဟာမိတ်ဖက်များ ရှာဖွေလုပ်ဆောင်ရန်၊

(ဃ) နိုင်ငံပိုင်လုပ်ငန်းများ၏ဘဏ္ဍာရေးကို အစီရင်ခံမှုပုံစံများဖြင့် စံသတ်မှတ်ရန်နှင့် ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကို ပြည်သူများသို့ ထုတ်ပြန်ရန်၊

(င) နိုင်ငံပိုင်လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ဝန်ထမ်းများကို ပုဂ္ဂလိက ကဏ္ဍနှင့် ယှဉ်နိုင်သည့် လစာပေးနိုင်မည့် အစီအစဉ် ဖော်ဆောင်ရန်။

# အခန်း(၃)

## ကဏ္ဍစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ

### ကဏ္ဍစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀၆,၀၉၆,၃၃၅.၈ သန်း နှင့် ၇.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ရာ ပထမ(၆)လပတ်တွင် ကျပ် ၆၇,၁၈၆,၇၄၈.၀ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက် အပေါ် ၆၃.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ၆.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များနှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

ပုံ(၃-၁)

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ကဏ္ဍအလိုက် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) တွင် သစ်တောကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများမှအပ ကျန်ကဏ္ဍများအနေဖြင့် ယခင်နှစ်အလားတူ ကာလထက် တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် ပင်ပျိုးများ အစေးလိုးနိုင်သဖြင့် ကြက်ပေါင်စေးထွက်ရှိမှု ကောင်းမွန်ခြင်း၊ ဆီအုန်းထွက်ရှိမှုမှာလည်း ပိုမိုထွက်ရှိခဲ့ခြင်း၊ အသားကဏ္ဍနှင့်ငါးကဏ္ဍ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုတိုးတက်လာခြင်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း ထုတ်လုပ်မှုတိုးတက်ခြင်းများဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် ပြည်တွင်းပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေး ဝန်ဆောင်မှုများ၊ ငွေရေးကြေးရေးဝန်ဆောင်မှုများ တိုးတက် ကောင်းမွန်လာခြင်းတို့ကြောင့် ယခင်နှစ်ထက် တိုးတက်ခဲ့ပါသည်။

ဘဏ္ဍာနှစ် ပြောင်းလဲခြင်းနှင့်အတူ နိုင်ငံပိုင်အခန်းတည်ဆောက်ရေး လုပ်ငန်းများတွင် တင်ဒါခေါ်ယူမှု လုပ်ငန်းစဉ် များသာ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဆောက်လုပ်မှုကဏ္ဍ လျော့နည်းခဲ့ပါသည်။

## ပုံ(၃-၂)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ကဏ္ဍအလိုက် တိုးတက်မှုနှုန်းရည်မှန်းချက်နှင့် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ(ပုံမှန်ဈေးနှုန်း)




ဖခစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများသည် တစ်နှစ်လုံး ရည်မှန်းထားသည့် တိုးတက်မှုနှုန်းကို ပြည့်မီကျော်လွန်သည့်အတွက် လာမည့်(၆)လတွင် ယခု တိုးတက်မှုအရှိန်အတိုင်း အကောင်အထည်ဖော်နိုင်ပါက ရည်မှန်းချက်ကို ပြည့်မီနိုင်မည် ဖြစ်ပါသည်။ တိုးတက်မှုနှုန်းမပြည့်မီသည့် ကျန်ကဏ္ဍများကို ကျန်(၆)လတွင် တွန်းအားပေး ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါသည်။

**လယ်ယာကဏ္ဍ။** မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ငွေကြေး၊ နည်းပညာ၊ ဈေးကွက်ချိတ်ဆက် ဆောင်ရွက်မှုတို့တွင် ပိုမိုကောင်းမွန်လာစေရန်နှင့် ကျေးလက်နေ လုပ်ကွက်ငယ် တောင်သူများ၏ စီးပွားရေးတိုးတက်လာစေရန် မူဝါဒများချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၅,၁၁၇,၄၈၁.၇ သန်း ရရှိစေရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၂.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

လယ်ယာကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၀,၈၄၄,၅၁၅.၄ သန်း ရရှိသဖြင့် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ၇၁.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပုံမှန်ဈေးနှုန်း များအရ ၂.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၃)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

လယ်ယာကဏ္ဍတွင် သီးနှံအရည်အသွေး မြှင့်တင်ရေးအတွက် ရိတ်သိမ်းချိန်လွန် သုတေသန လုပ်ငန်းစီမံကိန်းမှ စပါးသီးနှံ အရည်အသွေးမြှင့်တင်ရေးအတွက် ရိတ်သိမ်းနည်းစနစ်၊ အခြောက်ခံ နည်းစနစ်များ (တောင်သူသမရိုးကျစနစ်နှင့် စက်ကိရိယာ အသုံးပြုစနစ်) ကို သုတေသနပြုခြင်း၊ ရွှေဘို ပေါ်ဆန်းနှင့် ရောမင်းစပါးမျိုးကို သိုလှောင်ရာတွင် အရည်အသွေးအကောင်းဆုံး ထိန်းသိမ်းနိုင်မည့်

သိုလှောင်နည်းစနစ်များ စမ်းသပ်ဖော်ထုတ်ခြင်းစသည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

ရာဘာစိုက်ပျိုးမှုတွင် နှစ်စဉ်ပြန်စိုက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွက် ပင်ပျိုဧရိယာများ ရှိသဖြင့် ထုတ်လုပ်မှုမြင့်တက်လာခြင်း၊ ရာဘာစိုက်ပျိုးထုတ်လုပ်သည့် နည်းပညာနှင့် အတွေ့အကြုံများရှိလာသဖြင့် ရာဘာထုတ်လုပ်မှု တိုးတက်လာပါသည်။ ထို့အပြင် ဆီအုန်း စိုက်ပျိုးထိန်းသိမ်းမှု၊ ဆီသီးခိုင်များထုတ်လုပ်မှုနှင့် တောင်သူပညာပေးသင်တန်းများ/ကွင်း သရုပ်ပြပွဲများတွင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်လာသဖြင့် ဆီအုန်းအထွက်များ တိုးတက်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါးနှင့် အခြားသီးနှံကေ ၁၃.၈၂ သိန်းခန့်နှင့် မိုးစပါးကေ ၁၂.၃ သိန်းခန့်ကို အောင်မြင်ဖြစ်ထွန်းစွာ ဆည်ရေပေးဝေစိုက်ပျိုးနိုင်ခဲ့ပြီး ရေကြီးနစ်မြုပ်ကာကွယ်ရေး လုပ်ငန်းများကို အထူးဦးစားပေး စီမံဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ် နွေစပါးရာသီ၌ နွေစပါး နှင့် အခြားသီးနှံစိုက်ကေ ၁၄.၁ သိန်းခန့်အထိ တိုးတက်၍ ဆည်ရေပေးဝေ စိုက်ပျိုးလျက် ရှိပါသည်။

တောင်သူများလိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၃၈၂,၆၄၈.၈ သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအတွက် ပုံမှန်ထုတ်ချေးပေးလျက်ရှိသည့် စိုက်ပျိုးစရိတ်ချေးငွေများအပြင် လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ ဆန်စက်၊ ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်စသည့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှစ်ဆင့်ချေးငွေ JICA Two-Step Loan (နှစ်တို၊ နှစ်ရှည်) ဖြင့် ကျပ် ၄,၁၆၉.၉ သန်း ကိုလည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးကို အခြေခံသောစီးပွားရေးလုပ်ငန်းများအတွက် မြန်မာ့စီးပွားရေးဘဏ်နှစ်ဆင့်ချေးငွေ MEB Two-Step Loan (နှစ်တို၊နှစ်ရှည်) ချေးငွေများဖြင့် ကျပ် ၃,၂၈၁.၀ သန်း ကိုလည်းကောင်း ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် စနစ်ကျ လယ်ယာမြေ (၄,၁၀၉.၁၇) ကေ ဖော်ထုတ်ပေးနိုင်ခဲ့ပါသည်။

စပါးသီးနှံရိတ်သိမ်းချိန်တွင် သီးနှံများလေလွင့်ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရန်နှင့် အရည်အသွေးမီထုတ်လုပ်နိုင်ရန်အတွက် သီးနှံအခြောက်ခံစနစ် (Mobile Dryer) ကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှစ၍ သုတေသနပြု စမ်းသပ်ဆောင်ရွက်ခဲ့ရာ လာမည့်သီးနှံရာသီတွင် စမ်းသပ်သွားမည် ဖြစ်ပါသည်။

လယ်ယာကဏ္ဍ၏ နှစ်အလိုက်ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

## လယ်ယာကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၃-၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) လယ်ယာကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၆)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ချင်းပြည်နယ်တွင် ရွှေ့ပြောင်းတောင်ယာခင်းသစ်ခုတ်ထွင်သည့် လုပ်ကွက်မှာ တစ်နှစ်ပြီးတစ်နှစ် ကျဉ်းမြောင်းလာခြင်း၊ တောင်ကုန်းတောင်တန်းများထူထပ်ပေါများပြီး သီးနှံစိုက်ပျိုးဖြစ်ထွန်းမှု မရှိသောကြောင့် ဝမ်းစာဖူလုံရေးအတွက် သီးနှံစိုက်ပျိုးမှုထက် အခြားစီးပွားရေးလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ကြသဖြင့် သီးနှံစိုက်ဧကများ လျော့နည်းခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးတွင် မိုးသီးနှံအချို့ ရေကြီးနစ်မြုပ်ခဲ့ခြင်း၊ ပြည်ပဝယ်လိုအားအပေါ်မှီခိုသည့် သီးနှံအချို့တွင် စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခဲ့ခြင်းများ ရှိခဲ့ပါသည်။

စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် တောင်သူများ၏ ဝင်ငွေတိုးတက်ရရှိစေရေး၊ အရည်အသွေးကောင်းမွန်ပြီး ပြည်တွင်းပြည်ပဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အမယ်စုံသီးနှံများနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးချဲ့စိုက်ပျိုးရေးကိုမျှော်မှန်းပြီး အားထုတ်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းစသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါသည်။

**သားငါးကဏ္ဍ။** ပြည်သူများ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် အစားအစာ ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ရေချို၊ ရေငန်ငါးဖမ်းဆီး ထုတ်လုပ်မှုများ စနစ်တကျရှိစေရေးအတွက် ဥပဒေ များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေး အထူးဇုန်များ တည်ထောင်ရေး၊ တောင်သူ လယ်သမားအစုအဖွဲ့များ၊ မွေးမြူသူအစုအဖွဲ့များ၊ ရေရယူအသုံးချသူ အစုအဖွဲ့များနှင့် သမဝါယမ အသင်းများ ဖွဲ့စည်းတည်ထောင်ပြီး မြေယာများကို စနစ်တကျ ဖော်ထုတ်အသုံးချခြင်းနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးတို့အတွက် မူဝါဒများချမှတ် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၈,၀၃၆,၂၈၂.၂ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများ အရ ၄.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

သားငါးကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၄,၃၃၁,၇၃၃.၃ သန်း ရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၃.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ပုံမှန်ဈေးနှုန်း များအရ ၆.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၃-၇)

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တိရစ္ဆာန်မွေးမြူရေးချေးငွေများ ထုတ်ချေးပေးခြင်း၊ မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ခြင်း၊ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ တိုးတက်မွေးမြူရန် နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားမျိုးရည်ခဲချောင်းများ အခမဲ့ဖြန့်ဖြူးပေးခြင်း၊ နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မေထုန်မဲ့နည်းဖြင့် သားစပ်ပေးခြင်း၊ မျိုးရိုးဗီဇမြှင့်တင်ပေးခြင်း၊ နွားခြံများစီမံခန့်ခွဲခြင်း၊ စားကျက်ခင်းစိုက်ပျိုးခြင်း၊ နွားနို့အရည်အသွေးစစ်ဆေးခြင်း၊ နို့ထုတ်လုပ်ငန်းများအတွက် ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များ သေဆုံးမှုလျော့ပါးရေးအတွက် ကာကွယ်ဆေးထိုးခြင်း၊ ရောဂါကုသခြင်း၊ တိရစ္ဆာန် ရောဂါထိန်းချုပ်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ အစားအစာကျွေးမွေးမှုစနစ်များ ပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်နိုင်မှု ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ပုဂ္ဂလိကပိုင်အခန်းများမှ နွား၊ ကျွဲ၊ သိုး/ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ကြက်ဆင်၊ ဘဲငန်း၊ မန်ဒါလီ၊ ငုံး တို့ကို တိုးတက်မွေးမြူခဲ့ခြင်းကြောင့် အသားနှင့်နို့များ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

ပျားရည်ထုတ်လုပ်မှုတွင် ၇,၂၃၅ ပေါင်ထောင်ပေါင်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပျားမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးထိန်းမျိုးမြှင့်လုပ်ငန်းများ၊ ပုဂ္ဂလိကပျားမွေးမြူသူများကို အချိန်နှင့်တစ်ပြေးညီ လိုသလိုဖြန့်ဖြူးနိုင်ရေးအတွက် အခြေစိုက်ပျားဘုရင်မ မွေးမြူရေးသီးခြားပျားစခန်းများဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ရေထွက်ပစ္စည်းထုတ်လုပ်မှုတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ငါးလုပ်ငန်းစခန်း(၂၇)ခုနှင့် ပုစွန်သားဖောက်စခန်း(၇)ခုတို့မှ ငါး/ပုစွန်မျိုးကောင်း၊ မျိုးသန့်များအား သားဖောက်ထုတ်လုပ်ခြင်း အပြင် တစ်ပိုင်တစ်နိုင်ငါးသားဖောက်ရုံများမှလည်း သားဖောက်ထုတ်လုပ်ဖြန့်ဖြူးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဘက် အဖွဲ့အစည်းများနှင့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ကမ်းရိုးတန်း ဒေသများတွင် ငါးလုပ်ငန်းဖွံ့ဖြိုးမှု စီမံကိန်းများကို ဆောင်ရွက်ခဲ့ပြီး မြန်မာ့ရေထွက်ပစ္စည်းများကို နိုင်ငံပေါင်း(၄၀)ကျော်သို့ တင်ပို့လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် စက်ရုံပေါင်း (၁၂၃)ရုံ ရှိသည့်အနက် ကဏန်းပျော့များကို စက်ရုံ(၈)ရုံမှ ထုတ်လုပ်တင်ပို့လျက် ရှိပါသည်။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက် နေ့မှစ၍ မွေးမြူရေးငါး၊ ပုစွန်နှင့်ကဏန်းပျော့များကို EU ဈေးကွက်သို့ တင်ပို့ခွင့်ရရှိပြီးဖြစ်ပါသည်။

သားငါးကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

## သားငါးကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၃-၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ( ၃-၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) သားငါးကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၃-၁၀)

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သားငါးကဏ္ဍတွင် မြစိမ်းရောင်(ငါးကဏ္ဍ) အရင်းမပျောက်မတည် ချေးငွေများ ထုတ်ချေးပေးခြင်း၊ ငြိမ်းချမ်းရေးအရ ပြန်လည်ဝင်ရောက်လာသည့် မိသားစု၊ အိမ်ထောင်စုများကို မွေးမြူရေးတိရစ္ဆာန်များ ထောက်ပံ့ပေးခြင်း၊ မွေးမြူရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ပံ့ပိုးကူညီခြင်း၊ ဆည်၊ ရေထိန်းတံခါး၊ သဘာဝရေလျှံကွင်းများ၊ မြစ်၊ ချောင်းများ၊ စပါးခင်းကေများအတွင်းမျိုးကောင်း/ မျိုးသန့် ငါးသားပေါက်များ မျိုးစိုက်ထည့်ခြင်း၊ နွား၊ ကျွဲ၊ တိရစ္ဆာန်မွေးမြူရေးကောင်ရေများ တိုးတက်လာခဲ့ပြီး ကျွဲ/နွား/ဆိတ် အရှင်ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် FAO၊ JICA၊ UNDP၊ KOICA ၊ Newzealand စသည့် အဖွဲ့အစည်းများ၏ အထောက်အပံ့ဖြင့် မျိုးမြင့်တင်ရေးလုပ်ငန်းများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ သဘာဝငါးသားပေါက် ဝင်ရောက်လာခြင်းကို တာရိုးဆည်ဖို့ပိတ်လှောင်မွေးမြူသည့်စနစ် (Trap and Hold) မှ သားပေါက် ထည့်သွင်း မွေးမြူသည့်စနစ် ( Extensive Plus System) သို့ အသွင်ပြောင်းလဲမွေးမြူလာခြင်း၊ ငါးမျိုးစိတ်များ One Crop မွေးမြူရာမှ Two Crop မွေးမြူထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**သစ်တောကဏ္ဍ။** နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များဖြစ်သည့် သစ်တောနှင့် သတ္တုသယံဇာတ၊ ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟာစနစ် သယံဇာတများကို လက်ရှိနှင့် အနာဂတ်နိုင်ငံသားများအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်သွားရန် အနာဂတ်မျှော်မှန်းချက်အဖြစ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၈၀,၅၈၂.၉ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၁.၁ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် (အောက်တိုဘာလမှမတ်လ) အထိ သစ်တောကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄၉,၅၂၂.၇ သန်းရရှိခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၆၁.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ပုံမှန်ဈေးနှုန်းများအရ ၂၂.၄ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

**ပုံ(၃-၁၁)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် (အောက်တိုဘာလမှမတ်လ) အထိ ပြည်တွင်းသစ်လိုအပ်ချက်ကို ပံ့ပိုး ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံပိုင်အခန်းမှ ကျွန်း ၁၁,၅၇၇ ကုဗတန်၊ သစ်မာ ၂၅၅,၁၄၇ ကုဗတန် နှင့် ကိုင်းဖျားကိုင်းနား ၆၁၉ ကုဗတန် တို့ကို ထုတ်လုပ်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းတွင်လည်း ကျွန်း၊ သစ်မာ၊ ကျွန်းနှင့်သစ်မာတိုင်၊ ကျွန်းနှင့် သစ်မာမျောနှင့် သစ်မဟုတ်သည့်

သစ်တောထွက်ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ဝါးနှင့် ကြိမ် အစရှိသည်တို့ကို ဒေသတွင်းသုံးစွဲမှု အခြေအနေအရ ထုတ်လုပ်နိုင်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည် ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းတို့ကို ယခင်နှစ်များနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

**သစ်တောကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၁၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၁၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ် (အောက်တိုဘာလမှမတ်လ) အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြဂရပ် ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၃-၁၄)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေး (၁၀)နှစ်စီမံကိန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံချက်များရေးဆွဲအကောင်အထည်ဖော်လျက် ရှိပါသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးဆန်းစစ်ချက် (EIA)၊ (SIA) အစီရင်ခံစာများ ထုတ်ပြန်ပေးခြင်း၊ နိုင်ငံပိုင် နယ်နိမိတ်များ မဆုံးရှုံးစေရေး၊ ပြည်တွင်းပြည်ပ ဝင်ငွေရရှိရေးအတွက် သစ်နှင့်သစ်တောထွက်ပစ္စည်း ထုတ်လုပ်ရောင်းချပေးခြင်း၊ ကြိုးဝိုင်းတော ဖွဲ့စည်းခြင်း၊ ပုဂ္ဂလိကကျွန်းစိုက်ခင်း စိုက်ပျိုးတည်ထောင်မှုနှင့် ပြန်လည်သိမ်းဆည်းမှု၊ ကြိုးပြင် ကာကွယ်တောများဖွဲ့စည်းသတ်မှတ်ခြင်း၊ သစ်တောစိုက်ခင်းစာရင်းမှ ပယ်ဖျက်ခြင်း၊ ဘေးမဲ့တော/ အမျိုးသားဥယျာဉ် ဖွဲ့စည်း/ သတ်မှတ်ခြင်းတို့ကို တင်ပြဆောင်ရွက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများ (National Wetland Policy and Strategic Actions) (နောက်ဆုံးမူကြမ်း)၊ မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒ (National Environmental Policy of Myanmar) (အပြီးသတ်မူကြမ်း)၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ် (Myanmar

Climate Change Policy, Strategy and Master Plan) (အပြီးသတ်မူကြမ်း) တို့အား ထုတ်ပြန် ဆောင်ရွက်ခဲ့ပါသည်။

သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သည့် ဓမ္မတာမျိုးဆက်ခြင်း ၄၁,၃၀၉ ဧက၊ ကိုင်းချိုင် ခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်း ၄,၀၄၄ ဧက၊ ပင်ကြပ်နုတ်ခြင်း ၂၅,၁၈၇ ဧက၊ သစ်တောလမ်း ပြင်ဆင်ခြင်း ၇၂၀မိုင်၊ ကြိုးဝိုင်းနယ်နိမိတ်ပြင်ဆင်ခြင်း ၁,၀၂၁မိုင်၊ အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း ၈၉၃ မိုင်၊ မီးကာကွယ်ခြင်း ၃၄,၄၁၀ ဧက ဆောင်ရွက်နိုင်ခဲ့ပြီး စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း အနေဖြင့် မြေတိုင်းတာခြင်း၊ ယာခွဲဝေခြင်း၊ ယာခုတ်/တောရှင်းခြင်း၊ မီးတားလမ်း ဖောက်လုပ်ခြင်း၊ ပျိုးထောင် ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့သစ်လုပ်ငန်းသည် သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်၍ ပြည်တွင်း လိုအပ်ချက်များအတွက် ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းဝင်ငွေကျပ် ၄၁,၇၉၃.၁၉၈ သန်း၊ ပြည်ပဝင်ငွေ ကျပ် ၉၇,၀၀၇.၀၆၃ သန်း ရရှိခဲ့ပါသည်။ သစ်တောကဏ္ဍနိုင်ငံပိုင်ထုတ်လုပ်မှုတွင် လျာထားချက်၏ ၅၅ %၊ ပြည်တွင်းဝင်ငွေသည် လျာထားချက်၏ ၇၃ % နှင့် ပြည်ပဝင်ငွေသည် လျာထားချက်၏ ၁၄၂ % အကောင်အထည်ဖော်၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။

စွမ်းအားမြင့်မီးဖိုဖြန့်ဖြူးခြင်း ၂၂,၃၆၈ လုံး၊ လောင်စာတုံးသုံးစွဲခြင်း ၁,၇၇၈,၆၇၁ တုံး၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းသုံးစွဲခြင်း ၇၂,၇၂၅ တန်၊ လူထုပညာပေးဟောပြောခြင်း ၁,၀၀၇ ကြိမ် နှင့် တိုးချဲ့ပညာပေး စခန်းဖွင့်လှစ် ဟောပြောခြင်း ၇၂ ကြိမ်တို့ကိုဆောင်ရွက်ခဲ့ပါသည်။ ရေရရှိရေးအတွက် ရေကန်ငယ် ၁၉ ကန်၊ ကျောက်စီနုန်းထိန်းတမံငယ် ၁၂၂ ခု၊ မြေအောက် ရေ(အဝီစိ) ၃ တွင်း၊ မိုးရေစုကန် ၁၂ ကန်၊ ဂါလံ (၁၀၀)ဆံ့ မိုးရေခံကွန်ကရစ်ကန် ၆၀၀ ခု၊ တစ်ဖက်ရပ် ဆည် ၂ ခုနှင့် တိမ်ကောရေကန် ၇ကန် ပြန်လည်တူးဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အစီရင်ခံသည့်ကာလအတွင်း အစိမ်းရောင်စီးပွားရေး မူဝါဒနှင့် မဟာဗျူဟာမူဘောင်ကို WWF မှ နည်းပညာအကူအညီဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက် ရှိပြီး တောမီးလောင်မှုများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့အခြေအနေများအား စောင့်ကြည့်လေ့လာခြင်းများနှင့် ပတ်သက်၍ အာဆီယံဆိုင်ရာ သဘောတူညီချက်များအား အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး အိမ်ရှင်အဖြစ် မြန်မာနိုင်ငံက အစည်းအဝေးများ ကျင်းပခဲ့ပါသည်။

**စွမ်းအင်ကဏ္ဍ။** စွမ်းအင်ကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက် ထုတ်လုပ်ပေးနိုင်သည့်အပြင် နိုင်ငံ၏ အဓိကကျသည့် ဝင်ငွေကိုလည်း ဖြည့်ဆည်းပေးလျက် ရှိပါသည်။ ရောဝတီတိုင်းဒေသကြီး ကမ်းလွန်လုပ်ကွက်အမှတ် A-6 ရှိ ရွှေရည်ထွန်း-၂ တွင် မူလမျှော်မှန်းထားသည်ထက် ပိုမိုထုထည်ကြီးမားသည့် သဘာဝဓာတ်ငွေ့တွေ့ရှိခြင်းသည် နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် အလားအလာကောင်း ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလအထိ အမျိုးသားစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃,၈၅၂,၆၀၇.၇ သန်း ဖြစ်ပေါ်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၂.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) စွမ်းအင်ကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂,၂၆၃,၀၉၂.၆ သန်း ဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၅၈.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပြီး ပုံမှန်ဈေးနှုန်း အရ ၅.၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

**ပုံ (၃-၁၅)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် တစ်နေ့လျှင်သဘာဝဓာတ်ငွေ့ ကုဗပေသုံးသန်းခန့် ထုတ်လုပ်နိုင်မည့် ရေနံအစမ်းတွင်းအမှတ် (၁) ကို၂၀၁၉ခုနှစ်၊ ဇန်နဝါရီလကုန်တွင် စတင်စမ်းသပ်တူးဖော်လျက်ရှိပါသည်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရေနံဓာတ်ငွေ့ရည်ကို အများပြည်သူ

သက်သာစွာ အသုံးပြုနိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းပါဝင်မှုကို ပိုမိုတိုးတက်စေရန် ပုဂ္ဂလိက လုပ်ကိုင်ခွင့် လိုင်စင်များကို ချထားပေးနိုင်ခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) တွင် ဘူမိရူပဗေဒကွင်းဆင်း၍ ဆိုက်စမစ်တိုင်းတာခြင်း လုပ်ငန်းကို မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ၁၀၄.၄ ကီလိုမီတာနှင့် ကမ္မမြို့နယ်တွင် ၂၂.၁၇၅ ကီလိုမီတာ တိုင်းတာ ပြီးစီးခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ)တွင် သဘာဝ ဓာတ်ငွေ့ထုတ်လုပ်မှုသည် ရတနာသဘာဝဓာတ်ငွေ့မြေနှင့် ဇောတိကသဘာဝဓာတ်ငွေ့မြေမှ တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါသည်။ သို့သော် ရဲတံခွန်သဘာဝဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ဝယ်ယူသူ၏ လျော့နည်း တောင်းခံမှုကြောင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုနှင့်ပြည်ပသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ပမာဏများမှာ လျော့နည်းခြင်းနှင့် ရွှေသဘာဝဓာတ်ငွေ့မြေမှ ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် အထွက်နှုန်း ကျဆင်းခဲ့ပါသည်။ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု၏ ၇၇.၆ ရာခိုင်နှုန်းခန့်ကို ပြည်ပ ပို့ကုန်အဖြစ် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ပါသည်။

စွမ်းအင်ကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းများကိုအောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

**စွမ်းအင်ကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၁၆) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၁၇) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) စွမ်းအင်ကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အကောင်အထည်ဖော်မှု တန်ဖိုးကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ (၃-၁၈)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) အတွင်း မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် (ငှါ့ရှန်တောင်ဒေသ) လက်ယက်တွင်းများမှ ရေနံစိမ်း အထွက်ကျဆင်းလာခြင်း၊ တနင်္သာရီတိုင်းဒေသကြီး ရဲတံခွန် သဘာဝဓာတ်ငွေ့ စီမံကိန်းမှ ကမ်းလွန် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့တို့ အထွက်ကျဆင်းလာခြင်း နှင့် ရခိုင်ပြည်နယ် ရွှေသဘာဝ ဓာတ်ငွေ့စီမံကိန်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကမ်းလွန်သဘာဝဓာတ်ငွေ့များကို ပို့လွှတ် ရောင်းချသည့် တရုတ်နိုင်ငံဘက်မှ ပိုက်လိုင်းကျိုးပေါက်ခဲ့ပါသဖြင့် သဘာဝဓာတ်ငွေ့တင်ပို့မှု လျော့နည်းခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ။** နိုင်ငံတော်၏အမျိုးသားဝင်ငွေ တိုးတက်စေရန်နှင့် ဓာတ်သတ္တု သယံဇာတများကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် တို့အတွက် သယံဇာတ ဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေ၍ အဆင့်မြင့်နည်းပညာများ အသုံးပြု၍ထုတ်လုပ်လျက်ရှိပါသည်။ ထိုသို့ ဓာတ်သတ္တု များ ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းမှု အနည်းဆုံးဖြစ်စေရေးကို အလေးထား ထိန်းသိမ်း ဆောင်ရွက်ရန်၊ ဓာတ်သတ္တုများတရားမဝင် တူးဖော်ထုတ်လုပ်သယ်ဆောင်ရောင်းချမှု လျော့နည်း ပပျောက်စေရန်၊ ကျောက်စိမ်း၊ ကျောက်မျက်အချောထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေ၍ ပြည်တွင်း၌ ကျောက်မျက်ရတနာဈေးကွက် ဖြစ်ပေါ်လာစေရန် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်လုပ်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၉၆၆,၀၉၇.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန် ဈေးနှုန်းများအရ ၇.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလ မှမတ်လ) တွင် ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၅၄၃,၈၃၂.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၆.၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၅.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်မှုတန်ဖိုး ကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည် -

ပုံ(၃-၁၉)

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်

ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) တွင် ခဲနှင့်ရောရာသတ္တုရိုင်း၊ သွပ်နှင့်ရောရာသတ္တုရိုင်း၊ ကြေးနီနှင့်ရောရာသတ္တုရိုင်းများ၊ ခဲသတ္တုသန့်စင်၊ သံသတ္တုသန့်စင်များ၊ ကြေးနီစင် (ကက်သုတ်ကော့ပါး)၊ ခရိုမီယမ်သတ္တုရိုင်း၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ကျောက်မီးသွေး၊ ဂရက်နိုက်ကျောက်၊ ထုံးကျောက်၊ ဂေါဒန်ကျောက်၊ သံကြွယ်ဘောက်ဆိုဒ်၊ ဘရိုက်တီးကျောက်၊ မြေဖယောင်း၊ ဒိုလိုမိုက်၊ မြေစေး၊ ရွှံ့စေး၊ ဖန်ချက်သဲနှင့်ကြွေကျောက်တို့၏ ထုတ်လုပ်မှုများ ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည်။

မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ (မူကြမ်း)ကို ရေးဆွဲခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ နည်းဥပဒေရေးဆွဲနိုင်ရေးတို့ကို အစီရင်ခံသည့်ကာလအတွင်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့သတ္တုတွင်း နည်းဥပဒေသစ်အရ ပြည်ထောင်စုမှ ဓာတ်သတ္တုအကြီးစားနှင့်အလတ်စား၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများမှ အသေးစားနှင့် လက်လုပ်လက်စားခွင့်ပြုမိန့်များကို စိစစ်ခွင့်ပြုပေးရမည်ဖြစ်သဖြင့် လျှောက်ထားမှုများကို စိစစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု နှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည် -

**သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၂၀) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၂၁) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တိုင်းဒေသကြီး/ပြည်နယ်အလိုက်၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည် -

**ပုံ(၃-၂၂)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) တွင် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျောက်စိမ်းရိုင်းတူးဖော်ထုတ်လုပ်သည့် ရတနာနယ်မြေများတွင် ပွင့်လင်းရာသီဖြစ်သဖြင့် တူးဖော်ရေးလုပ်ငန်းများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကျောက်စိမ်းထုတ်လုပ်မှု တိုးတက်ခဲ့ခြင်း ၊တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အသေးစား လုပ်ကွက်များမှ အဖြိုက်နက်သတ္တုသားပါဝင်သည့် သတ္တုများ တူးဖော်ရရှိခဲ့ခြင်းကြောင့် အဖြိုက်နက်သတ္တု သန့်စင် ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်း၊ မော်ချီးသတ္တုတွင်းတွင်လုပ်ငန်းအတွက် လိုအပ်သော ယမ်းနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိအောင် စီမံဆောင်ရွက်နိုင်ခြင်းကြောင့် ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ ထုတ်လုပ်မှု ပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်း၊ ကျောက်မီးသွေးထုတ်လုပ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့ရှိ ကုမ္ပဏီများမှ ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ခြင်း၊ နမ့်ယွန်းကုမ္ပဏီမှမင်းဂနီးစ်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှု စတင်လာခြင်း၊ မာဘယ်ကျောက် (အလှဆင်)နှင့် အခြားစက်မှုတွင်းထွက် ကုန်ကြမ်းများမှာ ဝယ်လိုအားများခြင်း၊ ဘိလပ်မြေစက်ရုံများ၏ ကုန်ကြမ်းဖြစ်

သော ထုံးကျောက်ထုတ်လုပ်မှု တိုးတက်လာခြင်းနှင့် ဖယ်ရိုနီကယ်စွမ်းအားပြည့် ထုတ်လုပ်နိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ ရွှေစင်(အသေးစား) လုပ်ကွက်များ ပြန်လည်အပ်နှံခဲ့ခြင်း၊ ရွှေစင် (အကြီးစား)မှာလည်း ကျောက်ပုထိုးရွှေသန့်စင်စက်ရုံတွင် ရွှေထုတ်လုပ်ရာ၌ အသုံးပြုသော ဆိုဒီယမ်ဆိုင်ယာနိုက် ဓာတ်ဆေးပြတ်လပ်သဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ ရပ်နားထားခဲ့ခြင်း၊ ရွှေစင် ဖယောင်းတောင်သတ္တုတွင်းသည် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပြီး သက်တမ်းတိုးခွင့်ပြုမိန့်ရရှိရန် ဆောင်ရွက်နေသဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ ရပ်နားထားခြင်း၊ ကျောက်မျက်ထုတ်လုပ်မှု လုပ်ကွက် အသစ်များ ထပ်မံချထားပေးမှုမရှိခြင်း၊ သက်တမ်းကုန်လုပ်ကွက်များကို ပြန်လည်သက်တမ်းတိုးပေးနိုင် မှုမရှိခြင်း၊ တူးဖော်လုပ်ကိုင်သည့် သက်တမ်းရှိလုပ်ကွက်အရေအတွက် လျော့နည်းလာခြင်း တို့ကြောင့် ကျောက်မျက်ထုတ်လုပ်မှု လျော့နည်းခဲ့ခြင်း၊ မြန်မာပွန်ပီပက်ကုမ္ပဏီ (ဟိန္ဒားသတ္တုတွင်း) သည် စက်များ ပြင်ဆင်ရသဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်မှုမရှိခြင်း၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရောရာ ထုတ်လုပ်သည့် ယမုံအကြီးစားသတ္တုတွင်းသည် မိုးတွင်းကာလ၌ လမ်းများပျက်စီးသဖြင့် တူးဖော် ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် တူးဖော်မှုရပ်နားထားခြင်း၊ ဟာမြင်းကြီး သတ္တုတွင်းနှင့် ပကာရီဆင်း တွင်းကြီးလုပ်ကွက်များသည် (၆)လရပ်နားခွင့်ရရှိ၍ ထုတ်လုပ်မှုမရှိခြင်း၊ ကလုံးတာသတ္တုတွင်းမှ သက်တမ်းတိုးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှခွင့်မပြုသဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ ရပ်နား ထားရခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိစေရန်နှင့် သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် သတ္တုသိုက်များ ရှာဖွေတူးဖော်ခြင်း လုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးနှင့် သဘာဝ သယံဇာတအရင်းအမြစ်များကို လက်ရှိနှင့်အနာဂတ်နိုင်ငံတော်၊ နိုင်ငံသားများအတွက် အကျိုးအရှိဆုံး ဖြစ်စေရန် စနစ်တကျ လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

**စက်မှုလက်မှုကဏ္ဍ။** နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စက်မှုဆိုင်ရာမူဝါဒများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် စက်မှုဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် စက်မှုဇုန်ဥပဒေများရေးဆွဲခြင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စွမ်းအင်ခြိုးခြံချွေတာရေးအတွက် မူဝါဒများ၊ လမ်းညွှန်ချက် (သို့မဟုတ်) ဥပဒေမူကြမ်းပေါ်ထွက်လာရန် ဆောင်ရွက်ခြင်း၊ စက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုသင်တန်းကျောင်းများတွင် စက်မှုကျွမ်းကျင်လုပ်သားများကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးခြင်းဖြင့် စက်မှုလက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှု တန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂၆,၅၂၂,၁၁၉.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၁၁.၂ ရာခိုင်နှုန်းတိုးတက်ရန် လျာထားခဲ့ပါသည်။

စက်မှုလက်မှုကဏ္ဍ၏ ပထမ (၆)လပတ် (အောက်တိုဘာလမှ မတ်လ) ထုတ်လုပ်မှု တန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၈,၁၁၇,၂၆၄.၁ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၈.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၁၁.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၃-၂၃)

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စက်မှုလက်မှုကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင် အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

**စက်မှုလက်မှုကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၂၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၂၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင် စက်ရုံအလုပ်ရုံများအား အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု(PPP)ဖြင့် ဆောင်ရွက်နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ငှားရမ်းစက်ရုံများ၊ ဖက်စပ်နှင့် အကျိုးတူပူးပေါင်း စက်ရုံများ၏ ထုတ်လုပ်မှုများသည် နိုင်ငံပိုင်အခန်းမှ စီမံခန့်ခွဲလျက်ရှိသော စက်ရုံများထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ပြပွဲ၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြသခြင်းဖြင့် ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ပြည်သူများ ကောင်းစွာ သိရှိအောင် ကြော်ငြာရောင်းချနိုင်ခြင်း၊ စားသုံးသူများ သဘောကျ နှစ်သက်အောင် ဖန်တီးပေးနိုင်မည့် သတင်းအချက်အလက်နှင့် အခွင့်အလမ်းကောင်းများ ရရှိနိုင်ခြင်း၊ စားသုံးသူများ၏ အကြံပြုချက်များ ရရှိနိုင်ခြင်း၊ ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချသူများနှင့် ချိတ်ဆက်နိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းစဉ် (Supply Chain) တစ်လျှောက် ဆက်စပ်ပတ်သက်နေသည့် လုပ်ငန်းများနှင့် ပေါင်းစပ်

နိုင်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်သည့် အခွင့်အလမ်းများ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy-NES) ကို လုပ်ငန်းကဏ္ဍ အသီးသီးအတွက် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အထည်အလိပ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော ထုတ်လုပ်မှုကွင်းဆက် (Supply Chain) ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာမှ ဖွံ့ဖြိုးမှုမိတ်ဖက်များ ဖိတ်ခေါ်ဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ငွေကြေးအရင်းအနှီးများရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ဂျပန်နိုင်ငံ Sumitomo Mitsui Banking Corporation (SMBC) တို့ပူးပေါင်း၍ အပေါင်မပါ Future Business Plan ဖြင့် ချေးငွေချေးယူနိုင်သော Credit Guarantee Insurance (CGI) စနစ်ကို ထူထောင်ပြီးလုပ်ငန်းရှင် ၁၆၆ ဦး သို့ ချေးငွေ ကျပ် ၂,၁၇၈ သန်း၊ JICA ၏ Two- Step Loan (Phase-I) အစီအစဉ်အရ လုပ်ငန်းရှင် ၁၆ ဦးသို့ ချေးငွေကျပ် ၃,၇၆၅ သန်း၊ JICA ၏ Two -Step Loan (Phase-II) အရ Participating Financial Institution များဖြစ်သည့် ပုဂ္ဂလိကဘဏ် ၇ ခုတို့မှ တဆင့် SMEs လုပ်ငန်းရှင် ၁၆၀ ဦး သို့ ချေးငွေ ကျပ် ၂၉,၂၈၇ သန်း၊ မြန်မာ့စီးပွားရေးဘဏ်၏ SME ချေးငွေ အစီအစဉ်ဖြင့် လုပ်ငန်းရှင် ၇၆ ဦး သို့ ချေးငွေကျပ် ၃,၁၃၁.၇ သန်း စသည့်ဖြင့် အသီးသီး ထုတ်ချေးပေးခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် စာရင်းများအရ တိုင်းဒေသကြီး/ပြည်နယ် အလိုက် စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

### ပုံ(၃-၂၆)
### ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စက်မှုဝန်ကြီးဌာနအနေဖြင့် အသေးစား၊ အငယ်စားနှင့် နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအဖွဲ့များ ဖွဲ့စည်းပေးခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်ကုန်အထိ အကြီးစားလုပ်ငန်း ၇,၉၉၉ ခု၊ အလတ်စားလုပ်ငန်း ၁၁,၄၂၅ ခု၊ အငယ်စားလုပ်ငန်း ၃၃,၀၇၂ ခု၊ စုစုပေါင်းလုပ်ငန်း ၅၂,၄၉၆ ခုတို့မှာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့တွင်မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စက်မှုဇုန်အသီးသီးတွင်အကြီးစားလုပ်ငန်း ၃,၂၀၃ခု၊ အလတ်စားလုပ်ငန်း ၂,၂၆၂ ခု၊ အငယ်စားလုပ်ငန်း ၁,၉၀၁ ခု၊ စုစုပေါင်းလုပ်ငန်း ၇,၃၆၆ ခုရှိပြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ။** လျှပ်စစ်ကို ပြည်သူတိုင်းသုံးစွဲခွင့်ရရှိရန်အတွက် စွမ်းအင်အမျိုးမျိုးကို အခြေခံကာ ထုတ်လုပ်၍ လျှပ်စစ်စွမ်းအားလိုအပ်ချက်ကို ဖြည့်တင်းရန် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ထုတ်လုပ်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၃၃၃,၃၈၂.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၂.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်း များအရ ကျပ် ၆၆၃,၇၅၃.၆ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၄၉.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၇.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၂၇)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ တိုင်းဒေသကြီး/ ပြည်နယ်များစီမံကိန်းရေးဆွဲရေးဦးစီးဌာန။

နိုင်ငံပိုင်အခန်း၌ အကြီးစားရေအား လျှပ်စစ်ဓာတ်အားပေး စက်ရုံ ၂၈ ရုံ ၊ အသေးစား ရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံ ၃၂ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေး စက်ရုံ ၁ ရုံ၊ သဘာဝ ဓာတ်ငွေ့ဓာတ်အားပေးစက်ရုံ ၁၂ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များနှင့် ပုဂ္ဂလိကပိုင် သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့အား ဓာတ်အားပေးစက်ရုံ ၁၆ ရုံ တို့မှ စုစုပေါင်း ၅,၉၀၁ မဂ္ဂါဝပ် တပ်ဆင်ထားပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တို ဘာလမှမတ်လ) တွင် စုစုပေါင်း ကီလိုဝပ်နာရီ ၁၁,၁၆၉ သန်း ထုတ်လုပ်၍ ကီလိုဝပ်နာရီ ၉,၂၆၃.၁ သန်း သုံးစွဲနိုင်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) တွင် ၃၉၄ ရှာ ထပ်မံမီးလင်းရန် ဆောင်ရွက်နိုင်သဖြင့် စုစုပေါင်း ၃၃,၉၉၆ ရွာ မီးလင်းခဲ့ပြီးဖြစ်ပါသည်။ ကျေးရွာများ မီးလင်းရေးအတွက် နိုင်ငံပိုင် ဓာတ်အားလိုင်းအပြင် အခြား ဒီဇယ်မီးစက်၊ အသေးစား ရေအား၊ ဆိုလာ၊ ဇီဝဓာတ်ငွေ့ (Bio gas/ Bio mass)၊ လေအား စသည်တို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်မှုနှင့် တိုးတက်မှုနှုန်းကို ယခင်အလားတူ ကာလများနှင့် နှိုင်းယှဉ်၍ ဖော်ပြအပ်ပါသည်-

**လျှပ်စစ်ဓာတ်အားကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)**
**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၂၈) အကောင်အထည်ဖော်နိုင်မှု**
**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၂၉) တိုးတက်မှုနှုန်း**
**(ပုံမှန်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ တိုင်းဒေသကြီး/ပြည်နယ်များ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလ မှ မတ်လ) အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှုအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၃-၃၀)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ တိုင်းဒေသကြီး/ပြည်နယ်များ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ရာဇဂြိုလ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို စမ်းသပ်လည်ပတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ (၂၂၅ မဂ္ဂါဝပ်) စီမံကိန်းနှင့် ဓာတ်ငွေ့အင်ဂျင်သုံး (၉၀ မဂ္ဂါဝပ်) ဓာတ်အားပေးစက်ရုံတို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စီးပွားဖြစ် စတင်လည်ပတ်နိုင်ခဲ့ပါသည်။ မွန်ပြည်နယ် သထုံမြို့နယ်တွင် နိုင်ငံပိုင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ (၁၁၈.၉ မဂ္ဂါဝပ်) စမ်းသပ်မောင်းနှင်နိုင်ခဲ့ခြင်း၊ နိုင်ငံပိုင် ရေအားလျှပ်စစ်စက်ရုံများကို ပြုပြင်ထိန်းသိမ်းအဆင့်မြှင့်တင်၍ စက်စွမ်းအားပြည့် လည်ပတ်နိုင်ခဲ့ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်ခဲ့ပါသည်။

နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေး ၊ အမျိုးသား ဝင်ငွေ တိုးတက်ရရှိရေး၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့ချရေး အစီအစဉ်များ ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အပြင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်လာနိုင်ရန် ပေါင်းစပ်ညှိနှိုင်းပြီး မူဝါဒများနှင့် အညီ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

**ဆောက်လုပ်မှုကဏ္ဍ။** နိုင်ငံအဝန်း လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးအတွက် နိုင်ငံတကာနှင့် ဆက်သွယ်သောလမ်းများ၊ ပြည်ထောင်စုလမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်များ အတွင်းရှိ လမ်းမကြီးများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ခရိုင်ချင်းဆက်လမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းများအား စနစ်ကျနစွာ ခေတ်မီစွာ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်စေရန် လမ်း/တံတားများကို အဆင့်မြှင့်တင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေးစရိတ်နှင့် အချိန်ကိုလျှော့ချနိုင်ရန်၊ မြို့ပြကွန်ယက်စနစ် ပေါ်ပေါက်နိုင်ရန်နှင့် သင့်လျော်ကောင်းမွန်သည့်အိမ်ရာများ ဖြည့်ဆည်းပေးနိုင်ရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများ ကို စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍ၏ ဆောက်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆,၈၇၃,၀၃၄.၈ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၈.၆ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ပါသည်။ ပထမ(၆)လပတ်တွင် ဆောက်လုပ်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄,၁၂၅,၆၆၈.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်း ရည်မှန်းချက်အပေါ် ၅၈.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့သော်လည်း ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ်အလားတူကာလအောက် ၆.၆ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ အဓိကအားဖြင့် ယခင်နှစ် အလားတူကာလတွင် နိုင်ငံပိုင်အခန်းမှ တည်ဆောက်ရေးလုပ်ငန်းများတွင် တင်ဒါကာလ ပြီးစီး၍ တည်ဆောက်ချိန်ဖြစ်သော်လည်း ယခုနှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာနှစ်ကာလ ပြောင်းလဲမှုကြောင့် တင်ဒါခေါ်ယူပြီး လုပ်ငန်းများစတင်၍ အကောင်အထည်ဖော်ချိန် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဒုတိယ(၆) လပတ်တွင် အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်ရန် လိုပါသည်။

**ပုံ (၃-၃၁)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးရုံး။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ဆောက်လုပ်မှုကဏ္ဍ၏ နိုင်ငံပိုင်အခန်း အကောင်အထည်ဖော်နိုင်မှုမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) တိုင်းဒေသကြီး/ပြည်နယ်များနှင့် ချိတ်ဆက်လျက်ရှိသည့် ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သော အဓိကပြည်ထောင်စု လမ်းမကြီးများဖြစ်သည့် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း၊ တွင်းငယ်-မိုးမိတ်လမ်း (တွင်းငယ်-ညောင်ပင်စောက် ( မိုးမိတ်) လမ်း)၊ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်း၊ ကျန် ပြည်ထောင်စုလမ်းများ ဖြစ်သည့် ဟားခါး-မတူပီလမ်း၊ မတူပီ-ပလက်ဝ လမ်းအပါအဝင် ပြည်ထောင်စုလမ်းမကြီး (၂၇) လမ်း တို့ကို လမ်းတိုးတက်ပြုပြင်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

(ခ) နိုင်ငံတကာနှင့်ဆက်သွယ်မည့် ပြည်ထောင်စုလမ်းမကြီးများဖြစ်သည့် မုဒုံ-မြဝတီ လမ်း (မုဒုံ-ချောင်းနှစ်ခွ-မဲသရော-လှိုင်ကွယ် (ကော့ကရိတ်)လမ်း) (မုဒုံ-ချောင်းနှစ်ခွ -မဲသရော အပိုင်း) မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း (ဟားခါး-ဂန့်ဂေါလမ်း)၊ ဂန့်ဂေါ-ကလေးလမ်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်း၊ အဓိကပြည်ထောင်စု လမ်းမကြီးများ ဖြစ်သည့် ရွှေဘို - မြစ်ကြီးနားလမ်း၊ အောင်ပန်း - ပင်လောင်း- မိုးဗြဲ- လွိုင်ကော်လမ်း၊ တောင်ငူ - မော်ချီး-လွိုင်ကော်လမ်း (တောင်ငူ - မော်ချီး - ဒီမော့ဆိုလမ်း) အပါအဝင် ပြည်ထောင်စုလမ်းမကြီး(၁၁)လမ်း၊ ကျန်ပြည်ထောင်စုလမ်းများ ဖြစ်သည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ် - ပူတာအိုလမ်း ၊ ဖားဆောင်း - မယ်ဆည်နန် - မယ်စဲ့ -နန်းမန်းလမ်း (ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း-ဘီပီ ၁၃ လမ်း) အပါအဝင် ပြည်ထောင်စုလမ်းမကြီး(၁၈)လမ်း တို့ကို လမ်းတိုးတက်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ဂ) နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ကွန်ကရစ်လမ်း(၂၂) မိုင်၊ ကတ္တရာလမ်း (၃၄) မိုင်၊ ကျောက်လမ်း (၃၇၄) မိုင် ၊ မြေသားလမ်း (၆၈၉) မိုင် တို့ကို ဖောက်လုပ်ခဲ့ပါသည်။

(ဃ) ကျေးလက်ဖွံ့ဖြိုးရေးလမ်းများကို ရာသီမရွေး သွားလာနိုင်သည့် ကွန်ကရစ်လမ်း (၁၆) မိုင် (၇.၅၄) ဖာလုံ၊ ကတ္တရာလမ်း(၇၄) မိုင် (၃.၄၇)ဖာလုံ၊ ကျောက်ချောလမ်း (၃၅) မိုင် (၇.၁၅)ဖာလုံ၊ ဂဝံလမ်း (၉)မိုင် (၀.၇၈)ဖာလုံ၊ မြေသားလမ်း (၇၂)မိုင် (၇.၀၈)ဖာလုံ၊ စုစုပေါင်း (၂၀၉) မိုင် (၂.၀၂) ဖာလုံ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ကွန်ကရစ်တံတား (၈)စင်း (၂၅၀)ပေ၊ ရေကျော် တံတား (၁)စင်း (၈၀)ပေ၊ Box Culvert (၅၂)စင်း (၂၃၅) ပေ ၊ စုစုပေါင်း (၆၁)စင်း (၅၆၅)ပေ တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

(င) ကချင်ပြည်နယ်တွင် ဆီနင်ခတံတား(၆/၁၁၁)၊ နန့်ဆိုင်းယံတံတား(၁/၈၀)၊ ကရင်ပြည်နယ်တွင် နောင်လုံတံတား၊ ချင်းပြည်နယ်တွင် ကုလားတန်မြစ်ကူး(ပလက်ဝ)

တံတား၊ မွာလ်ဇမ်(ကွဲ)ချောင်းကူးတံတား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပုထိုးလုံးချောင်းတံတား၊ ပဲခူးတိုင်းဒေသကြီးတွင် စစ်တောင်းမြစ်ကူးတံတား(မြို့စိုး)၊ စစ်တောင်းမြစ်ကူးတံတား (အုတ်ဖြတ်)၊ စစ်တောင်းမြစ်ကူးတံတား(ရေတာရှည်)၊ ရွှေကျင်တံတား၊ မကွေးတိုင်းဒေသကြီးတွင် ယော(ကံတွင်း)တံတား ၊ မုန်းချောင်းတံတား (ပွင့်ဖြူ)၊ ဧရာဝတီတံတား (အောင်လံ-သရက်)၊ မန္တလေးတိုင်းဒေသကြီးတွင် ဆင်တဲဝချောင်းတံတား၊ သူရဲချောင်းတံတား၊ ကုန်းသာတံတား၊ မွန်ပြည်နယ်တွင် အတ္တရံမြစ်ကူး (စံပယ်ဂူ)တံတား၊ ရခိုင်ပြည်နယ်တွင် ဒါးလက်ချောင်းတံတား၊ ကြပ်စင်တံတား၊ တိမ်ညိုတံတား၊ ကင်းချောင်းတံတား၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပဲခူးမြစ်ကူး တံတား အမှတ်(၃)၊ ဒလတံတား (မြန်မာ - ကိုရီးယားချစ်ကြည်ရေးတံတား) ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် တာကော်တံတား၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရေတွင်းချောင်းကျယ် တံတား၊ ကျွန်းပြဿဒ်တံတား (၂၂/၄)၊ စော်ကဲတံတား၊ မြောင်းမြတံတား အပါအဝင် ဆောင်ရွက်ဆဲတံတား တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

(စ) လုပ်ငန်းသစ်များအနေဖြင့် ကချင်ပြည်နယ်တွင် ဝါရာဇွပ်တံတား၊ ချင်းပြည်နယ်တွင် လည်မျိုတံတား၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကမ္ဘားနီတံတား၊ ပဲခူးတိုင်း ဒေသကြီးတွင် ဝေါမြို့လယ်တံတား၊ မကွေးတိုင်းဒေသကြီးတွင် နွယ်တမယ် တံတားနှင့် မဲဇလီတံတား၊ ရခိုင်ပြည်နယ်တွင် ရာမောင်တံတား၊ ရှမ်းပြည်နယ်တွင် သံလွင်တံတား(တာဆန်း) ၊ နမ့်ပန်ချောင်းတံတား(မိုင်းရှူး) ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်မြစ်ကူး တံတား အမှတ်(၂)၊ လပွတ္တာ(ပင်လယ်လေး)တံတား၊ ကျွန်းကုန်းတံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတားအပါအဝင် တံတားကြီး များကို တည်ဆောက်လျက်ရှိပါသည်။

(ဆ) ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်အတွင်း ပြန်လည် ဖွံ့ဖြိုးရေး ဆောင်ရွက်မည့် ကျေးရွာများအား ကျေးရွာအကွက်ချပုံစံ စီမံကိန်းရေးဆွဲခြင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် မြို့ပြအဆင့်မြှင့် စီမံကိန်း ပုံစံရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် လှည့်ပတ်ရန်ပုံငွေဖြင့် အိမ်ရာစီမံကိန်း (၁၂) ခု ကို ဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အိမ်ရာစီမံကိန်း (၂၃)ခု ရှိပြီး၊ မန္တလေးတိုင်းဒေသကြီးတွင် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

(ဇ) မြေအောက်ရေ ကြီးကြပ်ထိန်းသိမ်းရေးဥပဒေ(မူကြမ်း)၊ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဥပဒေ၊ အမျိုးသားအိမ်ရာ ဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း) ၊ ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုး

တိုးတက်ရေး ဥပဒေ(မူကြမ်း) တို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရန် ရေးဆွဲဆောင်ရွက်ခြင်းနှင့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

ဆောက်လုပ်မှုကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဆောက်လုပ်မှုကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၃၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၃၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးရုံး။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ဆောက်လုပ်မှု ကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

## ပုံ(၃-၃၄)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

## (နှစ်အလိုက်ဈေးနှုန်း)




ဖြစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးရုံး။

တိုင်းဒေသကြီး/ပြည်နယ်များတွင် တံတားများတည်ဆောက်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ဖောက်လုပ်ခြင်း၊ မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းများ ဖောက်လုပ်ခြင်း၊ တာတမံပြုပြင်ထိန်းသိမ်းခြင်း၊ ဆေးရုံ၊ ရုံး၊ ကျောင်းများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းစသည့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ကရင်ပြည်နယ်တွင် ဂျိုင်းမြစ်ကူး Potton ဒုတိယတံတား တည်ဆောက်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် SEA VIEW CONDO နှင့် အထပ်မြင့်အိမ်ရာများ ဆောက်လုပ်ခြင်း၊ ပဲခူးတိုင်းဒေသကြီးတွင် မက်(စ်)မြန်မာ ကုမ္ပဏီမှ ရန်ကုန်-ပြည်လမ်းမကြီးအား ပြင်ဆင်မွမ်းမံခြင်း၊ ကမ္ဘောဇကုမ္ပဏီမှ အမြန်လမ်းမကြီး ပြင်ဆင်မွမ်းမံခြင်း၊ မန္တလေးတိုင်းဒေသကြီးတွင် Oriental Highway Co.Ltd မှ BOT စနစ်ဖြင့် ပြင်ဦးလွင်-မန္တလေး (၄)လမ်းသွား တိုးချဲ့ခြင်း၊ လူထုဗဟိုပြုစီမံကိန်းဖြင့် လမ်းနှင့်တံတားများ ဆောက်လုပ်ခြင်း၊ ရခိုင်ပြည်နယ်တွင် MAY YU SHOPPING COMPLEX တည်ဆောက်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် Sky Suite ကွန်ဒိုဆောက်လုပ်ခြင်း၊ ရွာဝဏ်-ရွှေလီအိမ်ရာစီမံကိန်း၊ ရတနာ Bus Terminal ဆောက်လုပ်ခြင်း၊ အနော်ရထာအိမ်ရာ ဆောက်လုပ်ခြင်း၊ Inno International Development Co.Ltd မှ လူနေအိမ်ခန်း၊ ဟိုတယ်၊ ရုံးခန်းနှင့် ဈေးဝယ်စင်တာ၊ ယာဉ်ရပ်နားစခန်းနှင့် တွဲလျက်ခန်းမဆောင် တည်ဆောက်ခြင်း၊ မင်္ဂလာဈေး ပြန်လည်တည်ဆောက်ခြင်း၊ MARGA Land Mark

(လူနေအိမ်နှင့်ဆိုင်ခန်း)၊ Kanbae Tower (လူနေအိမ်)၊ YBS ကားထားကွင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ်များအနက် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် မြို့နယ်ရှိ New Mandalay Resort City စီမံကိန်းကို PPP Program ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မိုးပျံ အမြန်လမ်းစီမံကိန်း၊ လှည်းကူးမြို့နယ်တွင် Eco Green City စီမံကိန်းနှင့် Korea-Myanmar Industrial Complex (KMIC) စီမံကိန်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် Smart District တို့ကို အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

**ပို့ဆောင်ရေးကဏ္ဍ။** ပို့ဆောင်ရေးသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် ကဏ္ဍ တစ်ခုဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်လူမှုဘဝများအတွက် များစွာအထောက်အကူ ဖြစ်စေသည်။ မြန်မာနိုင်ငံသည် ရေကြောင်း၊ လေကြောင်း၊ ရေကြောင်းနှင့်လေကြောင်း ဆက်သွယ်မှုများကို အဆင့်မြင့်တင် တည်ဆောက်လျက်ရှိသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ စက်တင်ဘာလ အမျိုးသားစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများ အရ ကျပ် ၁၁,၄၉၁,၇၇၃.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများ အရ ၈.၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ပို့ဆောင်ရေးကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ အထိ) ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများ အရ ကျပ် ၆,၉၁၅,၇၇၈.၈ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၆၀.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများ အရ ၉.၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

**ပုံ(၃-၃၅)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရောဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုး တိုးတက်မှု စီမံကိန်းကို ကမ္ဘာ့ဘဏ်အကူအညီဖြင့် လည်းကောင်း၊ တွံ့တေးတူးမြောင်း ဖွံ့ဖြိုးရေးစီမံကိန်းကို ကိုရီးယား နိုင်ငံချေးငွေဖြင့်လည်းကောင်း၊ မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်ရေးစီမံကိန်းကို တရုတ် နိုင်ငံ အထောက်အပံ့ဖြင့်လည်းကောင်း၊ မန္တလေးခေတ်မီ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးကို ဂျပန်နိုင်ငံ JICA

အထောက်အပံ့ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ချင်းတွင်းမြစ် ရေလမ်းဖွံ့ဖြိုးရေး လုပ်ငန်း၊ စီမံကိန်းဝင်တံတားကြီးများ တိုင်းတာခြင်းလုပ်ငန်း၊ သဲနုန်းပို့ချမှု တိုင်းတာခြင်းလုပ်ငန်း၊ ရေအရည်အသွေး စမ်းသပ်ရေးလုပ်ငန်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်၊ ရေနှင့်ပတ်သက်သည့် သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရန်၊ ရေအရင်းအမြစ် စီမံခန့်ခွဲသည့်အဖွဲ့အစည်းများ အားကောင်းလာစေရန်နှင့် ရေကြောင်းမှ စရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ ဆိပ်ကမ်းအသီးသီးသို့ ပင်လယ်ကူး သင်္ဘောကြီးများအတွက် လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရန်ကုန်ဆိပ်ကမ်းတွင် အပြည်ပြည်ဆိုင်ရာ ရေယာဉ်ကြီးများဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား (၄၁) စင်းဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ရေယာဉ်များနှင့် ကမ္ဘာလှည့်ခရီးသည်များ ပို့ဆောင်ပေးလျက်ရှိရာ ပန်းဆိုးတန်း- ဒလ၊ ဝါးတန်း-ဒလ၊ မန္တလေး-ဗန်းမော်(ထူးမြန်)၊ မန္တလေး-ကသာ၊ ရန်ကုန်-ခနောင်တို ခရီးလမ်းတို့မှ ပြည်တွင်းရေကြောင်းပိုင်သင်္ဘောများဖြင့် နိုင်ငံခြားသားခရီးသည်များကို ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်၊ အထက်မြန်မာပြည်၊ ချင်းတွင်းမြစ်ကြောင်း၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ခရီးလမ်း စုစုပေါင်း (၁၅)လမ်းဖြင့် ခရီးသည်နှင့်ကုန်စည်များကို သယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။

လေကြောင်းပို့ဆောင်ရေးအနေဖြင့် ခရီးသည်ဝင်ထွက်မှုများပြားသော မြစ်ကြီးနား၊ ပူတာအို၊ လားရှိုး၊ ဟဲဟိုး၊ မိုင်းဆတ်၊ စစ်တွေ၊ သံတွဲ၊ လွိုင်ကော်၊ မာန်အောင်နှင့် ညောင်ဦးလေဆိပ်များ၏ လေဆိပ်အဆောက်အဦ၊ ပြေးလမ်းတိုးချဲ့ခြင်းနှင့် လိုအပ်သော ပြင်ဆင်မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ချင်းပြည်နယ် ဖလမ်းမြို့တွင် ATR-72 လေယာဉ်များ အသုံးပြုနိုင်မည့် ဖလမ်းလေဆိပ်ကို တည်ဆောက်လျက်ရှိပါသည်။ မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ပြည်တွင်း ၂၈ မြို့သို့ ပျံသန်းခြင်းနှင့် စင်ကာပူ၊ ဗန်ကောက်၊ ချင်းမိုင်၊ ဟောင်ကောင်၊ ချန်ဒူးနှင့် ဂယာမြို့များသို့ ပြင်ပ ပုံမှန်ခရီးစဉ် ပျံသန်းခြင်းအပြင် ရန်ကုန်-ပုသိမ် စင်းလုံးငှားခရီးစဉ်ကို စတင်ပျံသန်းနိုင်ခဲ့ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မိုးလေဝသစခန်း(၅၅)ခု၊ ဇလဗေဒ စခန်း (၂၃) ခု၊ မိုးလေဝသနှင့်ဇလဗေဒ (မိုး) စခန်း(၄၆)ခု၊ မိုးလေဝသနှင့်ဇလဗေဒ (ဇလ) စခန်း (၅၁)ခု၊ စိုက်ပျိုးရေးမိုးလေဝသစခန်း(၁၇)ခု၊ မြေငလျင်တိုင်းထွာရေးစခန်း (၂၁)ခု၊ လေကြောင်းမိုးလေဝသစခန်း (၁၀) ခုနှင့် ရေဒါ(၃)ခုတို့မှ တိုင်းထွာချက် အကြိမ်ပေါင်း ၂၅၃,၃၂၈ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများနှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် JV ကုမ္ပဏီများမှ ယာဉ်များသည် YBS ယာဉ်လိုင်းများတွင် ပါဝင် ပြေးဆွဲပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်းလမ်းပို့ဆောင်ရေးပိုင် မြေနေရာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ BOT စနစ်ဖြင့် ငှားရမ်း၍ ပို့ဆောင်ရေးနှင့် ဆက်စပ်သော

လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းအသီးသီး၌ နေ့စဉ်ပျမ်းမျှ အမြန်ရထား (၄၀) စင်း၊ စာပို့ရထား (၆၀) စင်း၊ လူစီးကုန်တင်ရထား (၅၀) စင်း၊ ခရီးတိုရထား (၁၈) စင်း၊ မြို့ပတ်ရထား (၂၃၉) စင်း၊ စုစုပေါင်း လူစီးရထား(၄၀၇)စင်းနှင့် ကုန်ရထား(၂၄)စင်းတို့ ပြေးဆွဲပေးလျက်ရှိပါသည်။ နေပြည်တော် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံမှ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းသစ် ၁၀ စင်းကို တည်ဆောက်နိုင်ခဲ့ပါသည်။ စက်ခေါင်းအသစ်နှင့် လေအိတ်ပါ ဘိုကီတပ်ဆင်ထားသည့် လူစီးတွဲသစ်များကို မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲ အသုံးပြုလျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ) အကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှုနှုန်းကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

**ပို့ဆောင်ရေးကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)**

**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၃၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၃၇)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပို့ဆောင်ရေးကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လအထိ) တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၃၈)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီးရှိ ရေကြောင်းပို့ဆောင်ရေး (ကုန်ပို့ဆောင်ရေးဌာနခွဲ) တွင် ကွန်တိန်နာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်း၊ ဇက်ရေယာဉ်ကြီးများ ပိုမိုငှားရမ်းလာခြင်း၊ တံတားစီမံကိန်းအတွက် လိုအပ်သော ပစ္စည်းများ ပို့ဆောင်ပေးခဲ့ခြင်း၊ လေကြောင်းပို့ဆောင်မှု ဝင်ငွေ တိုးလာခြင်း၊ YBS ယာဉ်လိုင်း၊ အငှားယာဉ်၊ အဝေးပြေးကားလုပ်ငန်း၊ လုပ်ငန်းသုံးယာဉ်၊ ကုန်တင် ယာဉ်များ၊ ရေယာဉ်နှင့် အနေးယာဉ် လုပ်ငန်းများမှ ဝင်ငွေတိုးတက်လာသည်ကို တွေ့ရှိရပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် ပုဂ္ဂလိကလေကြောင်းလိုင်းများ၏ ဝန်ဆောင်မှု ပိုမိုကောင်းမွန် လာခြင်း၊ စင်းလုံးငှားမော်တော်ယာဉ်များ၊ ဝန်ဆောင်မှုပိုမိုကောင်းမွန်သော ပုဂ္ဂလိက မော်တော်ယာဉ် (Express) လိုင်းများဖြင့် ရုံး/ကျောင်းပိတ်ရက်ကာလများတွင် ဘုရားဖူးခရီးနှင့် ပြည်တွင်း အလည်အပတ် ခရီးစဉ်များ သွားလာမှုပိုမိုလာခြင်း၊ မြို့တွင်းသွားလာမှုတွင် ဘတ်စ်ကားနှင့် တက္ကစီကားများထက် သုံးဘီးယာဉ်ငယ်များအသုံးပြုမှု ပိုမိုတွင်ကျယ်လာခြင်း၊ ကုန်တင်ဝန်လေးနှင့် ဝန်ပေါ့ကားများ ပိုမိုပြေးဆွဲ လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ရှေးဟောင်းအမွေအနှစ်များရှိရာ ဟန်လင်း၊ ဗိသနိုးမြို့များ တည်ရှိခြင်း၊ တန်ခိုးကြီးဘုရားများနှင့် မိုးယွန်းကြီးအင်းစသည့် ထင်ရှားသော အပန်းဖြေစရာနေရာများရှိခြင်း တို့ကြောင့် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု ပိုမိုများပြားခြင်း၊ မြို့နယ်ချင်းဆက် လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာခြင်းကြောင့် ဒေသထွက်ကုန်ပစ္စည်းများနှင့် သွင်းကုန်ပစ္စည်းများအား ပိုမိုပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ။** ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးကောင်းမွန်သော ဆက်သွယ်ရေးဝန်ဆောင်မှုများကို အများပြည်သူမှ ထိုက်သင့်မျှတသောနှုန်းထားဖြင့် ရယူသုံးစွဲနိုင်စေရန် ဆောင်ရွက်လျက်ရှိသည်။ ဆက်သွယ်ရေး ဝန်ဆောင်မှုပေးသူနှင့် ရယူသုံးစွဲသူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊ e-Government လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ မြန်မာ့စာတိုက်လုပ်ငန်းအား ခေတ်မီသည့် IT နည်းစနစ်များ အသုံးပြုပြီး အရည်အသွေး ပြည့်ဝပြီး ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ပြည်သူလူထု မှယုံကြည်စွာ အသုံးပြုလာစေရန်အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးမှုများကို တွန်းအားအဖြစ် အသုံးချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်စျေးနှုန်းအရ ကျပ် ၂,၃၀၇,၄၅၄.၆ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်စျေးနှုန်းအရ ၁၅.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) စာရင်းများအရ ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်စျေးနှုန်းများအရ ကျပ် ၉၅၈,၅၄၉.၃ သန်း ရရှိခဲ့၍ စီမံကိန်းရည်မှန်းချက်အပေါ် ၄၁.၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်စျေးနှုန်းအရ ယခင်နှစ်အလားတူကာလထက် ၁၁.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၃၉)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်စျေးနှုန်း)**




ရင်းမြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် နှစ်စဉ် တယ်လီဖုန်းသုံးစွဲသူ တိုးတက်လာစေရန် အတွက် ဆွဲဆောင်မှုရှိသော အစီအစဉ်များ၊ နှုန်းထားအသစ်၊ ပိုမိုကောင်းမွန်သော ထပ်ဆောင်း ဝန်ဆောင်မှုများ၊ မိုဘိုင်း Money ဝန်ဆောင်မှုနှင့် လက်ရှိသုံးစွဲသူများ ဆက်လက်တည်တံ့စေရေးနှင့် လျော့နည်းမသွားစေရေးတို့ကို ဆောင်ရွက်လျက်ရှိရာ တယ်လီဖုန်းသိပ်သည်းဆ ၉၉.၅၇ ရာခိုင်နှုန်း နှင့် မိုဘိုင်းဆက်သွယ်ရေးကွန်ရက်မှာ နိုင်ငံလူဦးရေ၏ ၉၂ ရာခိုင်နှုန်းထိ လွှမ်းခြုံနိုင်ခဲ့ပါသည်။

ဆက်သွယ်ရေးကွန်ရက်များတိုးတက်မှု အခြေအနေ၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ထုတ်ပေးခြင်း၊ မိုက္ကရိုဝေ့(ဗ်)လှိုင်းနှုန်းစဉ် အသုံးပြုမှု နှင့် လှိုင်းနှုန်းအနှောင့်အယှက်ဖြစ်မှု စသည့် လှိုင်းနှုန်းစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်သွယ်ရေး နံပါတ်စီစစ်ခြင်းတို့ကို ဆက်သွယ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်ခြင်း၊ လိုင်စင်ခွန်အမျိုးမျိုးမှ ဝင်ငွေကောက်ခံ ရရှိရေးနှင့် လှိုင်းနှုန်းစဉ် အသုံးပြုခများ အပြည့်အဝ ရရှိရေးတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ဝန်ကြီးဌာနများမှ ဆောင်ရွက်လျက်ရှိသော e-Government လုပ်ငန်းစဉ်များအား လေ့လာ ဆန်းစစ်အကဲဖြတ်ခြင်း၊ ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ ထိရောက် အောင်မြင်စေရန် ဆိုက်ဘာလုံခြုံရေး ကျိုးပေါက်မှု သတင်းများကို အများပြည်သူသို့ အသိပညာပေး ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာဂြိုဟ်တုစနစ် Myanmar Sat - 2 ကို မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်အဖြစ် စတင်လွှင့်တင်နိုင်ရန် ဆောင်ရွက်နိုင်ခြင်း၊ Pyidaungsu Font ကို အစိုးရဝန်ကြီးဌာနများ၊ Telecom Opertator များနှင့် နိုင်ငံတစ်ဝန်းပြောင်းလဲသုံးစွဲနိုင်ရန်ဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများ၏ Sever များကို Co-location ထားရှိနိုင်ရန် နိုင်ငံတကာအဆင့်မီ Tier 3 အဆင့်ရှိသည့် e-Government Integrated Data Center (eGIDC) ကို တည်ထောင်နိုင်ရန် ဆောင်ရွက် လျက်ရှိပါသည်။

ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းကို မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှု ပေးခြင်း၊ ကိုယ်စားငွေကောက်ခံခြင်း (မိုဘိုင်းဖုန်းငွေဖြည့်ပေးခြင်း၊ လေယာဉ်၊ ကားလက်မှတ်၊ အမြတ်ခွန် နှင့် အာမခံလုပ်ငန်း) ။ Online Shopping လုပ်ငန်းများအတွက် ပေးဝေခြင်းနှင့် ငွေကောက်ခံပေးခြင်း၊ ဘဏ်လုပ်ငန်း ကိုယ်စားလှယ်ဆောင်ရွက်ခြင်း၊ Mobile Money လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အခြားဝန်ဆောင်မှုပေးခြင်းများကို ဆောင်ရွက်လျက် ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင် အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

## ဆက်သွယ်ရေးကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၃-၄၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၄၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ဆက်သွယ်ရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှုအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည် -

## ပုံ(၃-၄၂)
## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်း ရေးဆွဲရေးဦးစီးဌာန။

ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းစဉ်များ၊ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော e-Government လုပ်ငန်းစဉ်များ အကျိုးရှိရှိထိရောက်အောင်မြင်စေရန်၊ တယ်လီဖုန်းသုံးစွဲသူ တိုးတက်လာစေရန်အတွက် ဆွဲဆောင်မှုရှိသော အစီအစဉ်များ၊ နှုန်းထားအသစ်၊ ပိုမိုကောင်းမွန်သော ထပ်ဆောင်းဝန်ဆောင်မှုများ၊ မိုဘိုင်းဖြင့် ဝန်ဆောင်မှုပေးခြင်း၊ Wave Money ဖြင့်ငွေလွှဲခြင်း၊ ပင်စင်တွက်ခြင်းတို့ကို သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ Money ဝန်ဆောင်ခပေးခြင်း၊ ဝင်ငွေကောက်ခံရရှိရေးနှင့် လိုင်းနှုန်းစဉ် အသုံးပြုခများ အပြည့်အဝရရှိရေးတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

**ငွေရေးကြေးရေးကဏ္ဍ။** ငွေရေးကြေးရေးကဏ္ဍကို အထောက်အကူပြုမည့် လျင်မြန်တိကျမှန်ကန်သည့် ခေတ်မီဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝမြှင့်တင်ဆောင်ရွက်နိုင်ရန် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဝန်ဆောင်မှုများမှ ချေးငွေများ ထုတ်ချေးပေးလျက် ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရကျပ် ၃၃၃,၆၀၆.၄ သန်း ဖြစ်ပေါ်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၉.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ မတ်လအထိ) ပထမ (၆) လစာရင်းများအရ ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးသည် မတ်လကုန်တွင် နှစ်အလိုက်ဈေးနှုန်းအရကျပ် ၁၈၀,၃၀၉.၆ သန်းဖြစ်ပေါ်ခဲ့သဖြင့် ရည်မှန်းချက်အပေါ် ၅၄.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းအရ ၇.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၄၃)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ငွေရေးကြေးရေးကဏ္ဍ တိုးတက်ရေးအတွက် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

(က) ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆) လတွင် ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၁၄၀ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အိမ်ရာပိုင်ဆိုင်မှု အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် ပြည်တွင်းဘဏ်များအားစုစုပေါင်းချေးငွေ (Total Loan Potfolio) ၏ ၅ ရာခိုင်နှုန်း ကိုသက်တမ်း (၃) နှစ်ထက်ပိုသည့် အိမ်ရာချေးငွေ (Housing Loan) များ ထုတ်ချေး ခွင့်ပြုခဲ့ပါသည်။

(ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာခိုင်နှုန်းပြည့်ပိုင်ဆိုင်သော နိုင်ငံခြား အသက်အာမခံကုမ္ပဏီများကို မြန်မာနိုင်ငံတွင် အသက်အာမခံ လုပ်ငန်း ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

(ဃ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် ပြည်သူများ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအားလွယ်ကူစွာဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး OK $ ဖြင့် Mobile Payment ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြောင်းလဲ တိုးတက်လာသည့် ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများတွင် များစွာ အထောက်အကူ ပြုနိုင်မည့် Bloomberg Platform အသုံးပြု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Treasury Bills Auction သို့ ဝင်ရောက်ခြင်းမှ အတိုးရငွေများရရှိခဲ့ပါသည်။

(င) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် နိုင်ငံခြားငွေ လဲလှယ်မှုနှုန်းထားများ တည်ငြိမ်မှုရှိရေး၊ နိုင်ငံခြားငွေလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံခြားသုံးငွေလဲလှယ်ရေးကောင်တာ (Exchange Counter) ကို (၁၉-၂-၂၀၁၉) ရက်နေ့မှ စတင်၍ ဖွင့်လှစ် ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။

(စ) မြန်မာ့စီးပွားရေးဘဏ်သည် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း တိုးချဲ့ ဖွင့်လှစ်နိုင်ခြင်း၊ ATM ဝန်ဆောင်မှုလုပ်ငန်းထပ်မံတိုးချဲ့နိုင်ခြင်း၊အငြိမ်းစားများသို့ E-Pension ကဒ်ထုတ်ပေးခြင်းနှင့် Wave Money (Digital Money Myanmar Co., Ltd) တို့ အကျိုးတူ ပူးပေါင်း၍ မိုဘိုင်းလ်စနစ်ဖြင့် အငြိမ်းစားလစာထုတ်ပေးခြင်း၊ တယ်လီဖုန်းဘီလ်များကို Online မှတစ်ဆင့် ကောက်ခံသည့်လုပ်ငန်းအား တိုးမြှင့်ဝန်ဆောင်မှုပေးခြင်းတို့ကိုဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဆ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် သည်စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသလူမှု စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဘဏ်လုပ်ငန်း ဆောင်ရွက်မှုများဖြင့် ထိရောက်စွာအထောက်အကူပြုစေရန် မြန်မာ-ဂျပန် ပူးပေါင်း ဆောင်ရွက်မှု (JICA Two Step Loan) အစီအစဉ်ဖြင့် တောင်သူများသို့ လယ်ယာသုံး စက်ကိရိယာ ဝယ်ယူရေး

အတွက်ချေးငွေများ၊ လယ်ယာအခြေခံသောစက်နှင့် အဆောက်အအုံများ အတွက် နှစ်တို/နှစ်ရှည် ချေးငွေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှစ်ဆင့်ချေးငွေ(MEB Two Step Loan)များဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသုံးစက်ကိရိယာချေးငွေများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံသော စီးပွားရေးလုပ်ငန်း (အထူးသဖြင့်ပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန် အစားထိုးရေးလုပ်ငန်းများ)အတွက် နှစ်တို/နှစ်ရှည် ချေးငွေများကို ထုတ်ချေး ပေးလျက် ရှိပါသည်။

(ဓ) ငွေစုငွေချေးသမဝါယမအသင်းများသည် အသင်းသားများ၏ နှစ်အတွင်း စုဆောင်းငွေ ကျပ် ၇၃,၈၈၄.၇၅၀ သန်းရှိပြီးငွေစုငွေချေးလုပ်ငန်း၏ ဝင်ငွေမှာကျပ် ၄၅,၈၇၅.၁၃၉ သန်းရရှိခဲ့ပါသည်။ သမဝါယမအသင်းများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။

(န) ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လအတွင်းအသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းပြည်တွင်းကုမ္ပဏီ (၂) ခုကို လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် ထုတ်ပေးခဲ့ပါသည်။

ငွေရေးကြေးရေးကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလ မှ မတ်လအထိ ပထမ (၆) လ အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကိုအောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

## ငွေရေးကြေးရေးကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၃-၄၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၄၅)တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိပထမ (၆) လငွေရေးကြေးရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။

### ပုံ(၃-၄၆)

### ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်စျေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိပထမ (၆) လငွေရေးကြေးရေးကဏ္ဍ၏ ရည်မှန်းချက်အပေါ် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းယူနစ်များတိုးချဲ့ခြင်းမှ အတိုးရငွေများ၊ ငွေရေးကြေးရေး အဖွဲ့အစည်း (Micro Finance) များ၊ INGO၊ NGO၊ ပြည်ပကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီများနှင့် အသေးစားငွေချေးလုပ်ငန်းများမှ အတိုးရငွေများ တိုးတက်ခဲ့ပါသည်။

ကရင်ပြည်နယ်တွင် သမဝါယမငွေစုငွေချေး လုပ်ငန်းများ၏ ထုတ်ချေးငွေအပေါ် အတိုးရငွေများ တိုးတက်ခဲ့ပါသည်။ သမဝါယမဦးစီးဌာနက ကုန်ထုတ်လုပ်ငန်းများအတွက် ဖွဲ့စည်းထားသော အသင်း (၃၈၇)သင်း ကို မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေအနေဖြင့် Exim Bank တွင် လည်းကောင်း၊ ဝန်ဆောင်မှု အသင်း (၁၄၄) သင်းကိုလည်း ဆေးပေးခန်း၊ ရေပေးဝေရေးလုပ်ငန်းများအပြင် မိုတယ် လုပ်ငန်းများကိုပါ ချေးငွေအဖြစ်ထုတ်ချေးခဲ့ရာ ဝင်ငွေများရရှိခဲ့ပါသည်။ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သည့် ငွေကြေးအဖွဲ့အစည်းကုမ္ပဏီ (၁၀) ခုမှ ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ချေးငွေအပေါ် အတိုးရငွေများရရှိခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် သွင်းကုန် အစားထိုး စက်မှုလုပ်ငန်းများကိုချေးငွေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ တိုးမြှင့်ထုတ်ချေးလျက်ရှိခြင်း၊

မြန်မာ့အာမခံလုပ်ငန်းမှ အသက်အာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ မီးနှင့်အထွေထွေအာမခံ၊ ရေကြောင်း (ကုန်ပစ္စည်း) အာမခံရငွေများပိုမိုရရှိခဲ့ပါသည်။ ထို့ပြင် ပုဂ္ဂလိကအာမခံလုပ်ငန်း (၄) ခု ကိုလည်း ဖွင့်လှစ်နိုင်ခြင်းကြောင့် ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးတွင် နိုင်ငံပိုင်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းများမှ ဝင်ငွေများတိုးတက်ခြင်း၊ သမဝါယမပိုင်အနေဖြင့် ဌာနဆိုင်ရာ ငွေစုငွေချေး သမဝါယမအသင်း၊ ရပ်ကွက်ငွေစုငွေချေးသမဝါယမအသင်း၊ ဂျီအီးစီသမဝါယမအသင်း၊ လယ်ယာကုန်ထုတ်သမဝါယမအသင်း၊ လက်လုပ်လက်စားသမဝါယမအသင်း၊ စက်မှုလက်မှုကုန်ထုတ်အသင်းများမှ ဝင်ငွေများတိုးတက်ခြင်း၊ သမဝါယမဘဏ် (ပခုက္ကူ) မှ အတိုးရငွေများတိုးတက်ခြင်း၊ ပုဂ္ဂလိကဘဏ်များဖြစ်သော ရိုးမဘဏ်၊ ရောဝတီဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ ကမ္ဘောဇရတနာဘဏ်နှင့် စက်မှုဖွံ့ဖြိုးရေးဘဏ်များမှ အတိုးရငွေများပိုမိုရရှိခဲ့ပါသည်။

မွန်ပြည်နယ်တွင် မြန်မာ့အာမခံလုပ်ငန်းမှ ဝင်ငွေများတိုးတက်ရရှိခြင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ အတိုးရငွေများပိုမိုရရှိခြင်း၊ ပုဂ္ဂလိကဘဏ်ခွဲများ၏ အတိုးရငွေများနှင့် ငွေလွှဲခရငွေများပိုမိုရရှိခြင်း၊ ပုဂ္ဂလိကအသေးစားငွေရေးကြေးရေးလုပ်ငန်း ၃ ခုဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဝင်ငွေများကို တိုးတက်ရရှိခဲ့ပါသည်။

ရောဝတီတိုင်းဒေသကြီးတွင် ပုဂ္ဂလိကဘဏ်များမှ အတိုးရငွေများနှင့် အသေးစား ငွေရေးကြေးရေး လုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော အဖွဲ့အစည်း (၄၁) ဖွဲ့မှ မြို့နယ် (၂၆) မြို့နယ်၊ ရပ်ကွက် (၂၇၃) ရပ်ကွက်၊ ကျေးရွာပေါင်း (၇,၁၂၅) ရွာသို့ ချေးငွေကျပ် ၁,၃၀၉.၆၇၈ သန်းအထိ ထုတ်ချေးနိုင်ခဲ့ပါသည်။

**လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ။** နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့် အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြင့်တင်ရန်၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်၊ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရန်၊ ပညာရည် အဆင့်အတန်း မြင့်မားရန်၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်း၍ လူမှုရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၆၁၁,၅၈၀.၂ သန်း ရရှိစေရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ပထမ (၆) လပတ်ကုန်ထိ ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၆၈၉,၁၂၅.၃ သန်း ရရှိခဲ့၍ ရည်မှန်းချက်၏ ၄၆.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၄.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပုံ(၃-၄၇)

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

## လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၃-၄၈) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၃-၄၉)တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ ပထမ(၆)လကုန်အထိ တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးကို ပုံပြ ဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

ပုံ(၃-၅၀)

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

နိုင်ငံ့ဝန်ထမ်းများ၏ လစာကို ၂၀၁၈ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ အရာထမ်းများ လစာ၏ (၁၀)%၊ အမှုထမ်းများလစာ၏ (၂၀)% တိုးမြှင့်ခံစားခွင့်ပြုခြင်းနှင့် နေ့စားဝန်ထမ်းများအတွက် အနည်းဆုံး အခကြေးငွေနှုန်းထားကို ၂၀၁၈ခုနှစ်၊ မေလ(၁၄)ရက်နေ့မှစ၍ ၃၆၀၀ ကျပ် မှ ၄၈၀၀ ကျပ် သို့ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။ ထို့အပြင် ဒေသစရိတ်များ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်ကုန်အထိ (အောက်တိုဘာလမှ မတ်လ အထိ)တွင် လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါကိစ္စရပ်များကို ဆောင်ရွက် နိုင်ခဲ့ပါသည်-

(က) အခြေခံပညာ ပြုပြင်ပြောင်းလဲမှုများအနေဖြင့် KG+12 ပညာရေး စနစ်သစ် အကောင်အထည်ဖော်ရာ၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ဒုတိယတန်း (Grade-2) သင်ရိုးသစ်ဖြင့် သင်ကြားပို့ချခဲ့ပါသည်။ အခြေခံကျောင်းပေါင်း ၆,၃၈၇ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်၊

(ခ) ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာ၊ ဘုန်းတော်ကြီးသင်နှင့် လေ့ကျင့်ရေး ကျောင်းများအား ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ ၂၉,၃၉၅ ကျပ်သန်း ထောက်ပံ့ခြင်း နှင့် မြို့နယ်(၅၅) မြို့နယ်ရှိ (မူ၊ လယ်၊ ထက်) ကျောင်းသားပေါင်း ၁၉၃,၁၄၆ ဦး အား ပညာသင်ထောက်ပံ့ကြေး ၉,၀၅၇.၄၇၄ ကျပ်သန်း ထောက်ပံ့ပေးခဲ့ပါသည်၊

(ဂ) ပညာရေးကဏ္ဍပိုမို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကိုယ်ပိုင်ကျောင်း ၈၉၆ ကျောင်းအား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ၂,၅၆၁ ဦးအား ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ် ထုတ်ပေးခဲ့ပါသည်၊

(ဃ) အခမဲ့ပညာရေးဖော်ဆောင်မှုနှင့်အတူ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၄၇,၀၃၂ ကျောင်းတွင် ဆရာ/ဆရာမ ၄ သိန်းခန့်ဖြင့် ကျောင်းသားဦးရေ ၉ သန်းခန့်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်၊

(င) ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်စေရန်အတွက် ယာယီပိတ်ထားသော ကျောင်း ၄၂၄ ကျောင်းအနက် ၃၄၂ ကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး မူ/လယ်/ ထက် အဆင့်ကလေးများအတွက် ကျောင်းဝတ်စုံစုစုပေါင်း ၅,၁၀၁ စုံ၊ ကျောင်းသုံး ပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများ ၊ကျောင်းထောက်ပံ့ကြေး နှင့် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးခဲ့ပါသည်၊

(စ) အဆင့်မြင့်ပညာဦးစီးဌာနနှင့် ပြည်ပကျောင်းများအကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ ၁၀ ခုကို လက်မှတ် ရေးထိုးခဲ့ပြီး အစိုးရနည်းပညာ အထက်တန်းကျောင်း (လှိုင်သာယာ) တွင် စားသောက်ကုန် ထုတ်လုပ်ခြင်း နှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ခဲ့ပါသည်၊

(ဆ) အစီရင်ခံသည့်ကာလအတွင်း ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့ ၂၀ ဦး၊ ဆေးလက်တွေ့ ပါရဂူဘွဲ့ ၁၂၇ ဦး၊ သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ ၁၂ ဦး၊ ဒီပလိုမာဘွဲ့ ၁၁၇ ဦး၊ ဆေးပညာမဟာသိပ္ပံ ၈၅၉ ဦး၊ သူနာပြုမဟာသိပ္ပံ ၆၁ ဦးနှင့် ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ ၂၅ ဦး တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်းများအနေဖြင့် တီဘီရောဂါ ၇၀,၈၈၇ ဦး၊ အနာကြီးရောဂါ ၆,၃၉၅ ဦး နှင့် မျက်မမြင်ကာကွယ်ကုသမှု ၇၅,၁၃၅ ဦး တို့ကို ကုသပေးနိုင်ခဲ့ပါသည်၊

(ဇ) တိုင်းရင်းဆေးရုံများတွင် ပြင်ပလူနာ ၁၉၂,၁၅၃ ဦး၊ မြို့နယ်တိုင်းရင်းဆေးကုဌာနတွင် ပြင်ပလူနာ ၃၀၆,၄၂၉ ဦး၊ အတွင်းလူနာ ၈,၉၁၃ ဦးနှင့် ကွင်းဆင်းကုသပေးသည့် လူနာ ၁၃၇,၈၆၉ ဦး တို့ကို ကုသပေးနိုင်ခဲ့ပါသည်၊

(ဈ) ဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအနေဖြင့် မတော်တဆမှု ၅၆၂ ကြိမ် ၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး ၂၄၁,၅၉၁ ဦး တို့ကို ပညာပေးနိုင်ခဲ့ပါသည်။

(ည) အင်းစိန်၊ မန္တလေးနှင့် သာယာဝတီ ဗဟိုအကျဉ်းထောင်များရှိ အကျဉ်းသား/အကျဉ်းသူ စုစုပေါင်း ၃၀၂ ဦး တို့ကို လက်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြား ပေးခဲ့ပါသည်၊

(ဋ) သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းမှ ကာကွယ်ရန်အတွက် စုစုပေါင်း သစ် ၃,၉၃၃ တန် ကို ဖမ်းဆီးနိုင်ခဲ့ခြင်း၊ ဒေသခံတိုင်းရင်းသားလူနာ စုစုပေါင်း ၁၈၈,၃၇၄ ဦး ကို အခမဲ့ ဆေးကုသပေးခြင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ပေးရေးလုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်၊

(ဌ) နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် မြေလမ်း ၁၄၇ မိုင်၊ ကျောက်လမ်း ၉၁ မိုင်၊ ကတ္တရာလမ်း ၅ မိုင်၊ ကွန်ကရစ်လမ်း ၄ မိုင်၊ လမ်းတာချဲ့ခြင်း ၁၂၆ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၁၉ မိုင်၊ တံတားငယ် ၈၁ စင်း၊ Box Culvert ၈၀၀ စင်း၊ ရေပြွန် ၂၉၀ စင်း၊ ရေကျော် ၂၄ စင်း၊ ဆိုလာ ၁၁,၆၀၃ စုံ၊ လျှပ်စစ်မီးသွယ် တန်းခြင်း ၉ ခုနှင့် ဘုန်းကြီး ကျောင်း ၁ ကျောင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်၊

(ဍ) ပြည်သူလူထုအား စာပေအသိပညာ ရရှိစေရန်အတွက် ပြည်သူ့စာကြည့်တိုက်များ အတွက် သုတ၊ ရသ စာအုပ် ၄၃,၄၀၃ အုပ် ဖြည့်တင်းပေးနိုင်ခဲ့ပြီး ဒို့ကျေးရွာ ဂျာနယ် ၄၁၉,၃၈၀ စောင် နှင့် အထိမ်းအမှတ် လက်ကမ်းစာစောင် ၈၀၀,၀၀၀ စောင် ဖြန့်ဝေခဲ့ပါသည်။

(ဎ) အခြားဘာသာဝင်များမှ Religious Visa လျှောက်ထားသူ ၁၈ ဦး၊ ပြည်ဝင်ခွင့်ဗီဇာနှင့် သက်တမ်း တိုးနေထိုင်ခွင့်ဗီဇာ လျှောက်ထားသူ ၆၆ ဦးတို့ကို ထောက်ခံပေးခဲ့ပြီး ကျမ်းစာအုပ် စုစုပေါင်း ၅၇၇,၇၀၃ အုပ်ကို ရိုက်နှိပ်ပေးနိုင်ခဲ့ပါသည်၊

(ဏ) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန်အတွက် ရွှေ ၁၂ ခု၊ ငွေ ၁၅ ခု၊ ကြေး ၄၀ ခု၊ အခြား ၂,၆၃၈ ခု စုစုပေါင်း ရှေးဟောင်းပစ္စည်း ၂,၇၀၅ ခုတို့ကို စုဆောင်းနိုင်ခဲ့ပြီး ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြုပြင်ထိန်းသိမ်းခြင်းနှင့် မှတ်တမ်းတင်ခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(တ) လုပ်သားများရွှေ့ပြောင်းသွားလာမှုကို သိရှိစေရန်အတွက် နှစ်စဉ် လုပ်သား အင်အား စစ်တမ်းကို ကောက်ယူပြုစုခြင်း၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် ပြုစုခြင်း၊နေပြည်တော်နှင့်ရန်ကုန်မြို့တို့တွင် Complaints Mechanism Center ဖွင့်လှစ်၍ အလုပ်သမားရေးရာများကို ဆောင်ရွက်ပေး ခဲ့ပါသည်၊

(ထ) ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ပြင်ပလူနာ ၄၇,၇၈၅ ဦးနှင့် အတွင်းလူနာ ၃,၈၇၂ ဦး တို့အား စောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး စုစုပေါင်း ငွေကြေးအကျိုးခံစားခွင့် ကျပ် ၇,၃၉၁.၈၉၃ သန်း ကို ထုတ်ပေးခဲ့ပါသည်၊

(ဒ) ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအနေဖြင့် ကလေးငယ်ပြုစုစောင့်ရှောက်မှု ၁၇,၆၇၀ ဦး ၊ လူငယ် ၄,၀၀၄ ဦးကို ပညာသင်ကြားပေးခဲ့ပြီး ရပ်ရွာအခြေပြုအိမ်တွင်းမှုသက်မွေးသင်တန်း ၂,၈၅၃ ဦးသင်ကြားပေးခဲ့ပါသည်၊

(ဓ) ပထမ(၆)လပတ်အတွင်း ဘိုးဘွား ၃၅၀,၂၅၄ ဦးအတွက် ငွေကျပ် ၁၀,၅၀၇.၆၂၀ သန်းနှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ် အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးရေး အစီအစဉ်အရ ကယား/ ကရင်/ ချင်း/ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ၁၄၂,၂၇၉ ဦးအတွက် ငွေကျပ် ၅,၈၁၈.၆၉၅ သန်း ထောက်ပံ့ပေးခဲ့ပြီး ဘေးအန္တရာယ် အတွက် ပစ္စည်းနှင့် ငွေသား စုစုပေါင်း ကျပ် ၁,၂၆၁.၅၂၈ သန်း ထောက်ပံ့ခဲ့ပါသည်၊

(န) မသန်စွမ်းသူများ၏ အခွင့်အရေးရရှိရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် မသန်စွမ်းကျောင်း (ရန်ကုန်၊မန္တလေး) တွင် ၃၉၉ ဦး၊ မျက်မမြင်ကျောင်း (ရန်ကုန်၊ စစ်ကိုင်း) တွင် ၂၄၂ ဦး နှင့် နားမကြားသောကလေးများကျောင်း(မန္တလေး ၊ ရန်ကုန်)တွင် ၃၂၆ ဦး တို့ကို အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်ကုန်အထိ (အောက်တိုဘာလမှ မတ်လ အထိ)တွင် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) စင်္ကာပူသမ္မတနိုင်ငံတွင် ကျင်းပသည့်(၃၃)ကြိမ်မြောက် အာဆီယံထိပ်သီးနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးများတွင် သက်ဆိုင်ရာကဏ္ဍများ အလိုက် အကောင်အထည်ဖော်မှု အခြေအနေ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ဦးစားပေးလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်၊

(ခ) စင်္ကာပူသမ္မတနိုင်ငံတွင် ကျင်းပသည့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံ အစိုးရအချင်းချင်း ဆိုင်ရာကော်မရှင်တွင် ကော်မရှင်၏ ဦးစားပေးအစီအစဉ်များ၊ ဆောင်ရွက်မှုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ပါသည်၊

(ဂ) အာဆီယံပင်လယ်ရေကြောင်း ဖိုရမ်နှင့် တိုးချဲ့ဖိုရမ်များတွင် ဒေသတွင်းပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်မှုနှင့် စိန်ခေါ်မှုများ၊ ပင်လယ်ပြင် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေး၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ နည်းလမ်းရှာဖွေရေး၊ ရေကြောင်းလုံခြုံရေး တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်၊

(ဃ) နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်းလမ်းညွှန်များ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး(၂) ကြိမ်၊ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲ (၁) ကြိမ်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ရေးနှင့် ညှိနှိုင်းရေး အစည်းအဝေး (၇) ကြိမ် ကျင်းပခဲ့ပါသည်၊

(င) ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်ပြီး လူကုန်ကူးမှုတားဆီး ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် လုံခြုံရေး စီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ပါသည်၊

(စ) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရုပ်မြင်သံကြား၊ စာပေ၊ အနုပညာနှင့် သတင်းမီဒီယာဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေ (၄)မျိုးတို့ ရေးဆွဲနိုင်ရေးနှင့် ပြင်ဆင်နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်၊

(ဆ) ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံခြားသားများအတွက် နေထိုင်ခွင့်သက်တမ်းတိုးမြှင့် ပေးခြင်း ၁၄,၈၁၁ ဦး နှင့် အခမဲ့လျှောက်ထားသူ ၂,၆၃၃ ဦး၊ ပြည်ပြန်ဝင်ခွင့် ဗီဇာနှင့် တစ်ကြိမ်/အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့်ဗီဇာ လျှောက်ထားသူ ၅,၇၂၄ ဦး နှင့် အခမဲ့ လျှောက်ထားသူ ၁,၇၄၇ ဦး တို့အား စိစစ်ခဲ့ပြီး နိုင်ငံခြားသား ၃,၉၂၅ ဦး အား အမည်မည်းစာရင်း ကင်းရှင်းကြောင်း ပြန်ကြားခဲ့ပါသည်၊

(ဇ) ၁၂၆,၀၅၇ ဦးကို Visa On Arrival ထုတ်ပေးခဲ့ပြီး ကမ္ဘာလှည့်ဗီဇာဖြင့် ၁၈၅,၂၁၁ ဦး ၊ လုပ်ငန်းဗီဇာဖြင့် ၂၈,၈၄၇ ဦးနှင့် အမြန်ကြေးနှုန်းဖြင့် ၂၃,၈၉၄ ဦး ဝင်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံသားအဖြစ် လျှောက်ထားသူ ၂၇ ဦး နှင့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူ ၅၉ ဦး တို့ကို ခွင့်ပြုခဲ့ပါသည်၊

(ဈ) နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးမှုမှာ အသက်(၁၀)နှစ်ပြည့် ၄၄၉,၉၉၆ ဦး၊ အသက်(၁၈)နှစ်ပြည့် ၂၈၄,၄၆၈ ဦး၊ အသက်(၁၀)နှစ်ပြည့်မှ အသက်(၁၈) နှစ်ပြည့် ၂၀၉,၉၆၃ ဦး ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ထုတ်ပေးသူ ၂၇၅,၇၉၅ ဦး၊ ဧည့်နိုင်ငံသားလက်မှတ် ၉၇ ဦး၊ နိုင်ငံသားပြုခွင့်ရသူ ၁,၀၄၈ ဦး၊ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးသူ ၁,၆၂၇ ဦး ရှိပါသည်။

(ည) ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဆိုင်ရာ အရည်အသွေးစံ အကဲဖြတ် အညွှန်းဘောင် (Alternative Education Quality Standards Assessment Frame work – AEQSAF)(မူကြမ်း) ရေးဆွဲနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(ဌ) ဆရာအတတ်ပညာ အရည်အသွေး မြင့်မားလာစေရေးအတွက် ၂ နှစ်သင် ပညာရေး ကောလိပ်များကို ၄ နှစ်သင် ပညာရေးဒီဂရီကောလိပ်များ အဖြစ်သို့ အဆင့်တိုးမြှင့်ရန် အတွက် သင်ရိုးညွှန်းတမ်းများရေးဆွဲခြင်းနှင့် မူကြိုကျောင်းအခြေပြု လုပ်ငန်းလက်စွဲ စာအုပ် (Prioritization Guideline) ပြင်ဆင်ရေး ဆွဲပြုစုလျက်ရှိပါသည်၊

(ဍ) နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့်လေ့ကျင့်ရေး ဥပဒေနှင့် နည်းဥပဒေ၊ ပုဂ္ဂလိကကျောင်းဥပဒေ ရေးဆွဲနိုင်ရေးကို ဆောင်ရွက်လျက်ရှိပြီး ပညာရေးဒီဂရီ ကောလိပ်များအဖြစ် အဆင့်မြှင့်တင်ရန် ပထမနှစ်သင်ရိုး(မူကြမ်း)ကို ရေးဆွဲ ဆောင်ရွက် ခဲ့ပါသည်၊

(ဎ) အစီရင်ခံသည့်ကာလအတွင်း ကျန်းမာရေးဆိုင်ရာဥပဒေ(မူကြမ်း)(၇)မျိုး ရေးဆွဲ ပြဋ္ဌာန်း နိုင်ရန် ဆောင်ရွက်ခဲ့ပြီး၊ ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင် စေရန်အတွက် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁၀)ရုံနှင့် ကျေးလက် ကျန်းမာရေးဌာန (၅၃) ခုတို့ကို အသစ်တိုးချဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပန်းတောင်းမြို့နယ် ဥဿျှစ်ပင် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အား (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်းနှင့် နေပြည်တော် ခုတင် ၃၀၀ ဆံ့ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းဆေးရုံအား နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၃၀၀ ဆံ့အဖြစ် အမည်ပြောင်းလဲ ပြင်ဆင် ခဲ့ပါသည်၊

(ဏ) ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ ပြုစုရေးနှင့် MSDPနှင့်အညီ ရေးဆွဲ တင်ပြထားသော စီမံကိန်းများကို Project Bank Proposal Template, Project Screening Tool, Project Prioritization Tool ဖြင့် စိစစ်၍ Project Bank သို့ ထည့်သွင်းနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်၊

(တ) မှတ်တမ်းများ စုဆောင်းခြင်း၊ မှတ်တမ်းဖလှယ်ခြင်း၊ ကွင်းဆင်းရယူခြင်းတို့ဖြင့် သမိုင်းဝင် မော်ကွန်းမှတ်တမ်းများအား ထိန်းသိမ်းခြင်း၊ မိတ္ထီလာစီးပွားရေး တက္ကသိုလ်နှင့် ပူးပေါင်း ၍ MBA ၊ MPA သင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာ နှင့် ဘာသာရပ်ဆိုင်ရာ ရက်တိုသင်တန်း များ ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်ခဲ့ပါသည်၊

(ထ) ၂၀၁၈ ခုနှစ် စာရင်းအင်းနည်းဥပဒေများ ထုတ်ပြန်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အကောင်အထည် ဖော်ရာ၌ စောင့်ကြည့်အကဲဖြတ်နိုင်ရန်အတွက် အမျိုးသားညွှန်ကိန်း မူဘောင် ပေါ်ထွက် လာစေရန် ဆောင်ရွက်ခဲ့ပါသည်၊

(ထ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းရှင် ၃၄၅ ဦးအား ထုတ်ချေးနိုင်ခဲ့ပြီး ငွေရေးကြေးရေး ဝန်ဆောင်မှု အနေဖြင့် မိုဘိုင်းနှင့် ATM ဝန်ဆောင်မှုလုပ်ငန်းများကို ဘဏ် ၁၂ ဘဏ်တွင် တိုးချဲ့ခြင်း၊ အငြိမ်းစားများအား E-Pension ကဒ် ၃၅,၆၀၇ ကဒ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်၊

(ဒ) ဘဏ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရန်အတွက် Mobile Phone များမှ တစ်ဆင့် Digital Money အဖြစ်သုံးစွဲနိုင်စေရန်နှင့် ခေတ်မီ ငွေကြေး စနစ် ဖြစ်ပေါ်လာစေရေးအတွက် OK Dollar Counter နှင့် နိုင်ငံခြားသုံးငွေ လဲလှယ်ရေး ကောင်တာတို့ကိုဖွင့်လှစ်ခဲ့ပါသည်၊

(ဓ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမားများ လိုအပ်သော ငွေကြေးအရင်းအနှီးများကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ရာသီအလိုက် နှစ်ချင်းဆပ် စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေး ပေးခဲ့ပါသည်၊

(န) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်၍ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ Other Account များ ပိတ်သိမ်း၍ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ အစီအစဉ် SEE Account ဖြင့် ဆောင်ရွက်ရန် အတွက် ညွှန်ကြားချက်များ ထုတ်ပြန်ရန် ဆောင်ရွက်လျက်ရှိပါသည်၊

(ပ) အစိုးရ၏ ဝယ်ယူရေးနှင့် ပိုင်ဆိုင်ပစ္စည်းများ ထုခွဲရောင်းချရေးဆိုင်ရာ ဥပဒေ (မူကြမ်း) ရေးဆွဲနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါသည်၊

(ဖ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှု ဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှု မူပိုင်ခွင့်ဥပဒေ တို့ကိုအတည်ပြုပြဋ္ဌာန်းခဲ့ပါသည်၊

(ဗ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစား ငွေရေး ကြေးရေးဥပဒေ(မူကြမ်း)ရေးဆွဲနိုင်ရေးကို ဆောင်ရွက်ခဲ့ပါသည်၊

(ဘ) နိုင်ငံ့ဝန်ထမ်းများ အကျိုးခံစားခွင့်များရရှိစေရန်အတွက် ဝန်ထမ်းနောင်ရေးဇာဟို ရန်ပုံငွေ အကောင်အထည်ဖော်နိုင်ရေးကို ဆောင်ရွက်ခဲ့ပါသည်၊

(မ) လူကုန်ကူးခံရသူ ၂၃၆ ဦးအား မိဘနေရပ်သို့ ပြန်လည်အပ်နှံခဲ့ပြီး ၂၁၁ ဦး အား နောက်ဆက်တွဲ စောင့်ရှောက်မှုပေး၍ စုစုပေါင်းငွေ ကျပ် ၅၄၈.၂၆၅ သန်း ကို ထောက်ပံ့ ပေးနိုင်ခဲ့ပါသည်၊

(ယ) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ (မူကြမ်း) အတည်ပြု ပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်ကုန်အထိ (အောက်တိုဘာလမှ မတ်လ အထိ)တွင် စီးပွားရေးနှင့်ဆက်နွယ်ရာ စီမံခန့်ခွဲမှု အပိုင်းတွင် အောက်ပါ တို့ကို ဆောင်ရွက်နိုင် ခဲ့ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆောက်အဦး ၁,၃၅၄ လုံးမှ မီးဘေးလုံခြုံရေး စစ်ဆေးခ အနေဖြင့် ကျပ် ၂,၂၈၉.၂၂ သန်း အား နိုင်ငံတော်ဘဏ္ဍာအဖြစ် ပေးသွင်းနိုင် ခဲ့ပါသည်၊

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးများတွင် ၄၆၅,၄၄၉ ဦးနှင့် ထိုင်းနိုင်ငံ၊ ဘန်ကောက် မြို့တွင် မြန်မာရွှေ့ပြောင်းအလုပ်သမား ၆,၂၈၉ ဦး တို့အား မြန်မာနိုင်ငံကူး လက်မှတ်များ ထုတ်ပေး နိုင်ခဲ့ပါသည်။

(ဂ) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ Digital ရုပ်ရှင်ရုံ ၁၇ ရုံကို လိုင်စင်ထုတ်ပေးခဲ့ပြီး ပုံနှိပ်သူ ၂၈ ဦး၊ ထုတ်ဝေသူ ၁၂၉ ဦး၊ သတင်းအေဂျင်စီ ၄၈ ဦး တို့ကို လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပြီး ပြည်တွင်း/ပြည်ပ ဇာတ်ကား စုစုပေါင်း ၄၁၆ ကား စိစစ်ခွင့်ပြုခဲ့ပါသည်၊

(ဃ) ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရ အေဂျင်စီ ၂၆၃ ခုမှ ပြည်ပနိုင်ငံ ၉ နိုင်ငံသို့ အလုပ်သမား ၁၀၆,၄၁၅ ဦး စေလွှတ်ခဲ့ပြီး အေဂျင်စီ ၂၃ ခုအား ပြည်ပအကျိုးဆောင် လိုင်စင်များ ထုတ်ပေးခဲ့ပါသည်။

**အခြားဝန်ဆောင်မှုကဏ္ဍ။** နိုင်ငံတစ်နိုင်ငံ၏ အခြားဝန်ဆောင်မှု လုပ်ငန်းများသည် ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သကဲ့သို့ တိုင်းပြည်စီးပွားရေးတွင် အရေးပါသည့်လုပ်ငန်းများဖြစ်ပါသည်။ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှုများအပြင် ဖျော်ဖြေပေးမှုများမှာလည်း ပြည်သူလူထုအတွက် လိုအပ်ချက်များဖြစ်ပါသည်။ အခြားဝန်ဆောင်မှုကဏ္ဍတွင်ပါရှိသည့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းသည် မီးခိုးမထွက်သည့်လုပ်ငန်းဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်လုပ်ငန်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းတွင် အခြားဝန်ဆောင်မှုကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၄၃၄,၉၆၆.၇ သန်းအကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၁၂.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

အခြားဝန်ဆောင်မှုကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၇၂၀,၃၃၀.၁ သန်းရှိသဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၀.၁ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ပုံမှန်ဈေးနှုန်းများအရ ၁၂.၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

ပုံ(၃-၅၁)

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး

(နှစ်အလိုက်ဈေးနှုန်း)




ဖာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှာ ခရီးသည် ၂,၁၆၅,၀၅၉ ဦးဝင်ရောက်ခဲ့ပြီး၊ ယခင်နှစ်ကာလထက်ခရီးသည် ၃၁၅,၆၃၃ ဦးတိုးတက်ခဲ့ပါသည်။ ကမ္ဘာလှည့် ခရီးသည်များ သုံးစွဲမှုမှာ

အမေရိကန်ဒေါ်လာသန်း ၁,၁၀၄.၁၄၂ ရရှိခဲ့သဖြင့် ယခင်နှစ်ကာလထက် အမေရိကန်ဒေါ်လာသန်း ၅၇.၀၄၆ တိုးတက်ခဲ့ပါသည်။

ထို့အပြင် အခြားဝန်ဆောင်မှု လုပ်ငန်းများဖြစ်သည့် အလှပြင်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ ဖျော်ဖြေရေးဝန်ဆောင်မှုရုပ်သံလိုင်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ဆံပင်ညှပ်ဆိုင်လုပ်ငန်းများ၊ အိမ်ငှားဝန်ဆောင်မှု လုပ်ငန်းများ၏ ဝန်ဆောင်နိုင်မှု ဝင်ငွေများမှာလည်း ပိုမိုတိုးတက်လာခဲ့ပါသည်။

အခြားဝန်ဆောင်မှုကဏ္ဍ၏ နှစ်အလိုက် အောက်တိုဘာလမှ မတ်လအထိ ပထမ(၆)လအကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**အခြားဝန်ဆောင်မှုကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)**
**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၅၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၅၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဓာတ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) အခြားဝန်ဆောင်မှုကဏ္ဍ၏ ရည်မှန်းချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၃-၅၄)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တိုင်းဒေသကြီး/ပြည်နယ်များတွင် ခေတ်မီဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း ဖြစ်သည့် ပုဂ္ဂလိကဆေးရုံများလည်း တိုးတက်လာခဲ့ပါသည်။ ဆရာဝန်ဦးရေ အပြင် ၎င်းတို့၏ ဝင်ငွေများ မြင့်တက်ခဲ့ပါသည်။

ကျန်းမာရေးဝန်ဆောင်မှုတွင် ပုဂ္ဂလိကဆေးရုံ ၂၅၅ခု၊ ဆေးကုသခန်း၆,၄၃၃ခု၊ တိုင်းရင်းဆေး ကုသခန်း ၈၇၆ခု၊ သွားဆေးကုသခန်း ၁,၀၃၈ ခုတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျန်းမာရေး ဝန်ဆောင်မှုကဲ့သို့ပင် ပုဂ္ဂလိက စာသင်ကျောင်းများ တိုးတက်ဖြစ်ပေါ်မှု မြင့်တက်ခဲ့ ပါသည်။

ပုဂ္ဂလိကပိုင်အခန်း ပညာရေးဝန်ဆောင်မှုမှာ ပုဂ္ဂလိကကျောင်း ၈၂၈ ကျောင်း၊ ဘော်ဒါဆောင် လုပ်ငန်း ၄,၀၃၁ ၊ နေ့ကလေးထိန်းလုပ်ငန်း ၂,၁၁၈ ခု တို့ဖြင့် ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုအပြင် အိမ်ငှားခများ၊ ဖျော်ဖြေမှုလုပ်ငန်းများမှ ဝန်ဆောင်မှု တန်ဖိုးများလည်း တိုးတက်လာပါသည်။

**ကုန်သွယ်မှုကဏ္ဍ။** ပို့ကုန်တိုးချဲ့မြှင့်တင်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသတွင်းနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့် ပူးပေါင်း၍ ကုန်သွယ်မှုတိုးချဲ့ရေးမူဝါဒတို့အပေါ် အခြေခံပြီး မြန်မာ့ပို့ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပို့ကုန် အခြေပြု စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ ဒေသတွင်း နိုင်ငံများနှင့် သာမက နိုင်ငံတကာဈေးကွက်သို့ ကုန်သွယ်မှုတိုးချဲ့နိုင်ရေး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အာဆီယံစီးပွားရေး အသိုက်အဝန်း၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ စသည့် အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် ကုန်သွယ်မှုကဏ္ဍ၏ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂၂,၁၃၅,၃၅၆.၉ သန်းနှင့် ပုံမှန်ဈေးနှုန်းအရ ၇.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ ကုန်သွယ်မှုတန်ဖိုး သည် နှစ်အလိုက်ဈေးနှုန်းဖြင့် ကျပ် ၁၄,၈၈၃,၂၇၁.၈ သန်း ဖြစ်ပေါ်ခဲ့သဖြင့် အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် ၆၇.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ် ပါက ပုံမှန်ဈေးနှုန်းများအရ ၇.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

**ပုံ(၃-၅၅)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းကုန်သွယ်မှုသာမက နိုင်ငံတကာနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်၍ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ ဖွင့်လှစ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်းနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်လွယ်ကူပြီး ဒေသဖွံ့ဖြိုးမှုသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်လာမည် ဖြစ်ပါသည်။

ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ကုန်ထုတ်ကဏ္ဍများ တိုးတက်လာသကဲ့သို့ ကုန်သွယ်နိုင်မည့် ပမာဏလည်း နှစ်စဉ်တိုးတက်လာခဲ့ပြီး ကုန်သွယ်မှုတန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှမတ်လထိကျပ် ၁၁,၀၄၈,၁၀၆.၁ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလမှမတ်လထိ ကျပ် ၁၂,၈၀၄,၆၆၆.၀ သန်း ဖြစ်ပေါ်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှမတ်လထိ ၁၄,၈၈၃,၂၇၁.၈ သန်း နှင့် ပုံမှန်ဈေးနှုန်းအရ ၇.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ၏ နှစ်အလိုက်ပထမ (၆) လပတ် (အောက်တိုဘာလမှ မတ်လ) အကောင်အထည် ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

**ကုန်သွယ်မှုကဏ္ဍ၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)**
**အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ**

**ပုံ(၃-၅၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၃-၅၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

**ပြည်ပကုန်သွယ်မှုအခြေအနေ**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းပြည်ပကုန်သွယ်မှုတန်ဖိုး (ပို့ကုန်တွင် Re-export အပါအဝင်) အမေရိကန်ဒေါ်လာ ၃၁, ၁၀၀.၀ သန်း ကုန်သွယ်ရန် ရည်မှန်းထားပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်မှုတွင် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၈,၃၀၆.၂ သန်း၊ ပြည်ပ သွင်းကုန် အမေရိကန်ဒေါ်လာ ၈,၉၆၅.၇ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇,၂၇၁.၉ သန်း ကုန်သွယ်နိုင်ခဲ့သဖြင့် လျာထားချက်အပေါ် ၅၅.၅ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်များအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) တွင် စက်မှုကုန်ချောပစ္စည်း အမေရိကန်ဒေါ်လာ ၂,၈၇၄.၉ သန်း၊ လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁,၇၀၈.၈ သန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အမေရိကန်ဒေါ်လာ ၁,၇၆၅.၂ သန်း၊ သတ္တုတွင်းထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၅၄၈.၉ သန်း၊ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၄၃၂.၈ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၂၇၅.၄ သန်း၊ သစ်တောထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၉၀.၈ သန်းနှင့် အခြားပစ္စည်း အမေရိကန်ဒေါ်လာ ၆၀၉.၄ သန်း၊ စုစုပေါင်းအမေရိကန်ဒေါ်လာ ၈,၃၀၆.၂ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပါသည်။

အများဆုံးတင်ပို့သည့် ပို့ကုန်များမှာ ချုပ်ပြီးအထည်၊ သဘာဝဓာတ်ငွေ့၊ ပဲအမျိုးမျိုး၊ သတ္တုနှင့်သတ္တုရိုင်း၊ ဆန်တို့ ဖြစ်ကြပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂,၆၄၇.၂ သန်း၊ ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁,၅၇၀.၀ သန်း၊ ဂျပန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၁၈.၉ သန်း၊ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၃၇.၆ သန်းနှင့် စင်္ကာပူနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၉၈.၀ သန်း ဖြစ်ပါသည်။

သွင်းကုန်များအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃,၆၈၆.၈ သန်း၊ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂,၉၅၃.၃ သန်း၊ လူသုံးကုန်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂,၃၂၅.၆ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈,၉၆၅.၇ သန်း တင်သွင်းခဲ့ ပါသည်။

ရေနံထွက်ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းတို့ကို အများဆုံး တင်သွင်းခဲ့ပါသည်။

သွင်းကုန်အများဆုံး တင်သွင်းသည့်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃,၀၃၃.၇ သန်း၊ စင်္ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၆၄၇.၄ သန်း၊ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁,၀၇၅.၂ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၆၇.၄ သန်းနှင့် အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၄၄.၉ သန်း ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) တွင် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၆၅၉.၅ သန်း ဖြစ်ပေါ်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အများဆုံး ကုန်သွယ်ဘက်နိုင်ငံများအနေဖြင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် ၃၂.၉ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံနှင့် ၁၅.၃ ရာခိုင်နှုန်း၊ စင်္ကာပူနိုင်ငံနှင့် ၁၁.၃ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံနှင့် ၅.၇ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံနှင့် ၄.၅ ရာခိုင်နှုန်း၊ အခြားနိုင်ငံများနှင့် ၃၀.၃ ရာခိုင်နှုန်း အသီးသီး ကုန်သွယ်နိုင်ခဲ့ပါသည်။

ကုန်သွယ်မှုကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်း ရည်မှန်းချက်အပေါ် ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၃-၅၈)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကုန်သွယ်မှုကဏ္ဍ၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီးသည် ၂၉.၃ ရာခိုင်နှုန်း ဖြင့် ပါဝင်မှုအချိုးအစား အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ ဒုတိယအများဆုံးမှာ စစ်ကိုင်းတိုင်း ဒေသကြီးဖြစ်ပြီး ၎င်းနောက် မန္တလေးတိုင်းဒေသကြီး ဖြစ်သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်း/ပြည်ပကုန်စည်ပြပွဲများမှတစ်ဆင့် ဈေးကွက်ရရှိရေးနှင့် ပို့ကုန်အမယ်သစ် တိုးမြှင့် တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းကုန်စည်ပြပွဲ (၂၀) ပွဲ၊ ပြည်ပကုန်စည်ပြပွဲ (၂၂) ပွဲ နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကုန်စည်ပြပွဲ (၂) ပွဲ ကျင်းပနိုင်ခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်

အသီးသီးတွင် ကုန်သွယ်မှုဗဟိုဌာန ၁၂ခု ကို ဖွင့်လှစ်ခဲ့ပြီး ဗီဇာသက်တမ်းတိုးခြင်းနှင့် ကုန်ပစ္စည်းဝယ်ယူရောင်းချမှုနှင့်ပတ်သက်၍ မေးမြန်းလာသည့် ကုန်သွယ်မှုဆိုင်ရာ ကိစ္စများကို ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဆန်၊ ပဲနှင့် ဆီထွက်သီးနှံ၊ ရေထွက်ကုန်၊ သစ်တောထွက်ကုန်၊ ရာဘာနှင့် အထည်ချုပ်လုပ်ငန်းတို့ကို တိုးမြှင့်တင်ပို့ရန်နှင့် ပို့ကုန်ဝန်ဆောင်မှုကဏ္ဍဖြစ်သော ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါသည်။ ပို့ကုန်မြှင့်တင်ရေးကို အထောက်အကူပြုမည့် ကဏ္ဍများဖြစ်သည့် Quality Management, Trade facilitation and Logistic တို့အပြင် အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍတို့မှ လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းစဉ်များကို ဖော်ထုတ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ဖြေလျှော့ပေးမှုများနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ**

ယှဉ်ပြိုင်မှုဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရန် မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ နှင့်ဗီယက်နမ်နိုင်ငံတို့အတွက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုဒေသအောက်ရှိ ယှဉ်ပြိုင်မှုဥပဒေအကောင်အထည်ဖော်ရေး အစီအစဉ်(Competition Law Implementation Program- CLIP) ဖြင့်ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ ပြင်ဆင်ရေးဆွဲခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ကုန်သွယ်မှုနှင့် သက်ဆိုင်သောကဏ္ဍများအားလုံးကို လွှမ်းခြုံနိုင်မည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက် ကုန်သွယ်မှုဥပဒေမူကြမ်းရေးဆွဲခြင်းနှင့် Antidumping and Countervailing Law အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင် မှတ်ပုံတင်အမှတ် ထုတ်ပေးမှုစနစ်အား အဆင့်မြှင့်တင် နိုင်ရန် MyCo စနစ်မှ အချက်အလက်တို့ကို MOC Registration စနစ်နှင့် ချိတ်ဆက်နိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် တစ်ဦးချင်းကုန်သွယ်ခွင့် မှတ်ပုံတင်လက်မှတ် (Individual Trading Card–ITC) များအား Manual စနစ်ဖြင့် ထုတ်ပေးလျက်ရှိရာမှ Online Application စနစ်သို့ ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ပါသည်။

သွင်းကုန်လိုင်စင်လျှောက်ထားရယူရန်လိုအပ်သော ကုန်စည်လိုင်းများအပေါ် Auto/ Non–Auto ခွဲခြားသတ်မှတ်နိုင်ရေးနှင့် Fully Online Licensing စနစ်သုံး Myanmar Tradenet Website တွင် System Integration ဆောင်ရွက်သည့်အနေဖြင့် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း၏

Online စနစ်ဖြင့် ချိတ်ဆက်၍ စက်ရုံပေါင်း (၃၇၂) ရုံမှ CMP အထည်များကို Digital License များထုတ်ပေးလျက်ရှိပါသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ လျင်မြန်ချောမွေ့စေရန်နှင့် ကုန်သွယ်မှုဆိုင်ရာအခက်အခဲများ ပူးပေါင်းဖြေရှင်းနိုင်ရန် နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေး ကော်မတီ (JBTCCC) အား ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနခွဲသည် လွတ်လပ်သောကုန်သွယ်မှုဒေသများတွင် ကျင့်သုံးမည့် ပင်ရင်းနိုင်ငံစည်းမျဉ်း (Rules of Origin-ROO) ဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၁၁ (ခ) အရ ဆင့်ပွားဈေးကွက်ဖြန့်ချီရေး လုပ်ငန်း (Multi-Level Marketing - MLM) တားမြစ်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပြီး MLM လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်ခြင်းအပေါ် အရေးယူဆောင်ရွက်နိုင်ရန်နှင့် အများပြည်သူ တိုင်ကြားလာမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် အဖွဲ့များဖွဲ့၍ ဆောင်ရွက်လျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် တရုတ်-မြန်မာစီးပွားရေး စင်္ကြံတစ်လျှောက် အကောင်အထည်ဖော်လိုသည့် စီမံကိန်းများအတွက် ကုန်စည်ပြပွဲခန်းမနှင့် မြန်မာကုန်သွယ်မှု အထောက်အကူပြုရေးစင်တာ (Exhibition Center and Myanmar Trade Support Center) တည်ဆောက်နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် ပြည်ထောင်စု ဝန်ကြီးဌာန (၆) ခုမှ လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၁,၉၃၁,၂၈၄.၈၆၃ သန်း လျာထားခဲ့ပါ သည်။ အောက်တိုဘာလမှ မတ်လအထိ ပထမ( ၆ ) လပတ်အတွင်း လုပ်ငန်းစီမံကိန်းများ၏ စုစုပေါင်းအသုံး စရိတ် ကျပ် ၅၅၉,၇၃၄.၈၄၀ သန်း သုံးစွဲနိုင်ခဲ့သောကြောင့် လျာထားချက်အပေါ် ၂၈.၉၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ နိုင်ငံပိုင်အခန်းမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစီမံကိန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်း ဆောင်ရွက်နိုင်မှု အခြေအနေကို ငွေကြေးထုတ်ယူ သုံးစွဲ အကောင်အထည်ဖော်မှုအလိုက် စိစစ်တင်ပြအပ်ပါသည်။

**(က) စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းစီမံကိန်းများအတွက် ကျပ် ၃၇၉,၉၅၄.၆၂၈ သန်း လျာထားခဲ့ရာ အောက်တိုဘာလမှ မတ်လအထိ ပထမ(၆) လပတ် အတွင်း ကျပ် ၁၂၀,၃၃၅.၃၄၈ သန်း သုံးစွဲပြီး လျာထားချက်အပေါ် ၃၁.၆၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးရုံးမှ ကျပ် ၂၈၃.၇၉၈ သန်း နှင့် ၃.၁၄ ရာခိုင်နှုန်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကျပ် ၃၃,၆၄၆.၇၁၇ သန်းနှင့် ၂၄.၃၁ ရာခိုင်နှုန်း၊ စက်မှုလယ်ယာဦးစီးဌာနမှ ကျပ် ၁၁၆.၀၁၄ သန်း နှင့် ၀.၅၃ ရာခိုင်နှုန်း၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ကျပ် ၃၂.၈၈၄ သန်း နှင့် ၁၃.၅၃ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ကျပ် ၆၂၈.၆၁၉ သန်း နှင့် ၂၂.၃၄ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ကျပ် ၂,၇၇၈.၅၀၁ သန်း နှင့် ၉.၀၃ ရာခိုင်နှုန်း၊ ငါးလုပ်ငန်းဦးစီး ဌာနမှ ကျပ် ၃,၀၃၂.၁၅၆ သန်း နှင့် ၅၄.၇၅ ရာခိုင်နှုန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျပ် ၂၀.၀၀၀ သန်း နှင့် ၀.၂၀ ရာခိုင်နှုန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျပ် ၇၉,၇၉၆.၆၅၉ သန်း နှင့် ၄၉.၇၆ ရာခိုင်နှုန်း အသီးသီးသုံးစွဲခဲ့ပြီး ဖြစ်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အိန္ဒိယချေးငွေ ဖြင့်ဆောင်ရွက်သည့် မြန်မာနိုင်ငံ ဆည်မြောင်းဖွံ့ဖြိုးရေးစီမံကိန်းတွင် ချေးငွေပမာဏလျှော့ချရေးနှင့် စပ်လျဉ်း၍ အိန္ဒိယ ဘက်မှ အတည်ပြုချက်ရရှိရေး ညှိနှိုင်းနေဆဲဖြစ်သောကြောင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိခြင်း၊ ကျေးလက်ဒေသ ဆင်းရဲသားများ၏ ဝင်ငွေတိုးတက်မြင့်မားရေးအတွက် ဘက်စုံလယ်ယာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Eastern States Agribusiness Project ) International Fund for Agricultural Development ချေးငွေများဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများသည် စီမံကိန်း စီမံခန့်ခွဲမှု

အဖွဲ့၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက် ညှိနှိုင်း နေဆဲဖြစ်သောကြောင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။

စက်မှုလယ်ယာဦးစီးဌာနမှ စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေးစီမံကိန်း Agricultural Income Improvement Project သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ရေဦး၊ကန့်ဘလူ၊ဝက်လက်နှင့် ဘုတလင်မြို့နယ်တို့တွင် စက်ပြင်ရုံ (၅) လုံး ဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ယူညှိနှိုင်းနေဆဲ ဖြစ်သောကြောင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိခြင်းဖြစ်ပါသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း (Agriculture Development Support Project ) အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းဧရိယာအတွင်းရှိ တောင်သူများ နှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး မြေတိုင်းတာခြင်းနှင့် မြေပုံရေးဆွဲခြင်းလုပ်ငန်းများ၊ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို တတိယသုံးလပတ်နှင့် နောက်ပိုင်းမှသာ ဆောင်ရွက်မည်ဖြစ်ပါသည်။ လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း Irrigated Agriculture Inclusive Development Project နှင့် စိုက်ပျိုးရေးကဏ္ဍ ဝင်ငွေတိုးတက်ရေး စီမံကိန်း Agricultural Income Improvement Project တို့တွင် ငွေကြေးနှင့် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းနေဆဲဖြစ်သောကြောင့် လုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိကြောင်း တွေ့ရှိရပါသည်။

စီမံကိန်းဦးစီးဌာနမှ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာတန်ဖိုးကွင်းဆက်စီမံကိန်း (GASFP အထောက်အပံ့ ) သည် စီမံကိန်း စီမံခန့်ခွဲမှုယူနစ် (Project Management Unit PMU) ဖွဲ့စည်းပြီးဖြစ်သော်လည်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဘဏ္ဍာရေးကျွမ်းကျင်သူနှင့် ပစ္စည်းများဖြည့်တင်းရေး ကျွမ်းကျင်သူများ ခန့်ထားရန် အာရှဖွံ့ဖြိုးရေးဘဏ်သို့ ပဏာမရွေးချယ်ထားသော အမည်စာရင်းများပေးပို့ထားပြီး အတည်ပြုချက်ရရှိရန် ညှိနှိုင်းနေဆဲဖြစ်သောကြောင့် လုပ်ငန်းများဆောင်ရွက်နိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။

## ကချင်ပြည်နယ်၏ နှစ်အလိုက် ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

**ပုံ(၄-၄) အကောင်အထည်ဖော်နိုင်မှု**

**(နှစ်အလိုက်ဈေးနှုန်း)**




**ပုံ(၄-၅) တိုးတက်မှုနှုန်း**

**(ပုံမှန်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကချင်ပြည်နယ်စီမံကိန်းဦးစီးရုံး

ကချင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၆)**

**ကချင်ပြည်နယ်၏ ဒေသန္တရစီမံကိန်းအပေါ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ကချင်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လတွင် နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ၆၈.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍ နှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် နှစ်စဉ်ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး သစ်တောကဏ္ဍတွင် ရည်မှန်းချက်အပေါ် ၃၂.၀ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

စက်မှုလယ်ယာဦးစီးဌာနက လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းအနေဖြင့် ဝိုင်းမော်မြို့နယ်တွင် ၁၀၀ ဧက၊ မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးဒေသတွင် ၁၀၀ ဧက၊ မချမ်းဘော မြို့နယ်တွင် ၇၀ ဧက၊ စုစုပေါင်း ၂၇၀ ဧက ဖော်ထုတ်ခြင်း၊ စိုက်ပျိုးမြေဖော်ထုတ်ရေး လုပ်ငန်းအနေဖြင့် တနိုင်းမြို့နယ်တွင် ၆၂၀ ဧက၊ မိုးညှင်းမြို့နယ်တွင် ၂၀၀ ဧက၊ မိုးကောင်းမြို့နယ်တွင် ၅၀၀ ဧက၊ ဗန်းမော်မြို့နယ်တွင် ၁၅၀ ဧက၊ ရွှေကူမြို့နယ် တွင် ၂၀၀ ဧက၊ ပူတာအိုမြို့နယ်တွင် ၂၀၀ ဧက၊ ခေါင်လန်ဖူးမြို့နယ်တွင် ၂၇၀ ဧက၊ နောင်မွန်မြို့နယ်တွင် ၃၀၀ ဧက၊ စုစုပေါင်း ၂,၄၄၀ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ လယ်ယာကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တောင်သူ ၂,၉၆၀ ဦးအား နည်းပညာသင်တန်း ၈၂ ကြိမ် ပေးခြင်း၊ တောင်သူ ၂၃,၀၉၇ ဦးအား ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ ကွင်းဆင်းသရုပ်ပြပွဲ ၃၅ ကြိမ် တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သစ်တောထွက်ပစ္စည်းများ ပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် စနစ်တကျထုတ်လုပ်ရန် ရည်မှန်းထားသဖြင့် နိုင်ငံပိုင်အခန်းတွင် ကျွန်း၊ သစ်မာထုတ်လုပ်မှု လျော့နည်းခဲ့ခြင်း၊ ပုဂ္ဂလိကပိုင်အခန်းမှ ယခင်နှစ် အလားတူကာလတွင် တရားမဝင်ထုတ်ယူသည့် ဖမ်းဆီးသစ် ကျွန်း၊ သစ်မာ၊ ကျွန်းနှင့်သစ်မာတိုင်များရှိခဲ့သော်လည်း ယခုကာလတွင် မရှိသဖြင့် လျော့နည်းခဲ့ပါသည်။ သစ်တောစိုက်ခင်း ၄၇၅ ဧကတွင် မြေတိုင်းခြင်း၊ ပျိုးထောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် သမဝါယမပိုင်လမ်းခင်းကျောက်၊ ပုဂ္ဂလိကပိုင်ကျောက်စိမ်း၊ သံသတ္တုအရိုင်း (ကန်တော်ယန်)နှင့် ရွှေထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ စက်မှုလက်မှုကဏ္ဍအနေဖြင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းများကို တစ်ပတ်လျှင် ၃ ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး ရက်ကန်းသင်တန်းကျောင်းမှ အခြေခံစက်ချုပ်သင်တန်း ၂ ကြိမ်၊ သဘာဝဆိုးဆေးသင်တန်း ၁ ကြိမ်၊ အထည်ပန်းပုံရိုက်နှင့် ဆေးရေးနည်း အခြေခံသင်တန်း ၁ ကြိမ် တို့ကို ဖွင့်လှစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် မိုးညှင်းခရိုင်၌ ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ခွဲရုံလုပ်ငန်းများ၊ ဗန်းမော်ခရိုင်တွင် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစနစ် တိုးချဲ့ခြင်း နှင့် ပင်မဓာတ်အားခွဲရုံများ၊ပူတာအိုခရိုင်တွင်အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင် မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး မန္တလေး-မြစ်ကြီးနား လေအိတ်အထူးရထားကို စတင်ပြေးဆွဲနိုင်ခဲ့ပါသည်။ ငွေရေးကြေးရေးကဏ္ဍတွင် မြန်မာ့စီးပွားရေးဘဏ်များသည် ငွေလွှဲပို့ခြင်းလုပ်ငန်းမှ ဝင်ငွေတိုးတက်ရရှိခဲ့သည့်အပြင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ချေးငွေများမှ အတိုးရရှိခဲ့ပါသည်။ ငွေစုငွေချေး သမဝါယမအသင်း ၅၆၂ သင်းမှ အသင်းသား ၇၁,၁၃၁ ဦးသို့ ချေးငွေများထုတ်ချေးပေးနိုင်ခဲ့ပြီး ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

သောက်သုံးရေရရှိရေးအတွက် မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ဗန်းမော်ခရိုင်နှင့် ပူတာအိုခရိုင်အတွင်းရှိကျေးရွာများတွင် ရေကန်တူးဖော်ခြင်း၊ လက်တူးတွင်းတူးဖော်ခြင်း၊တွင်းနက်တူးဖော်ခြင်း၊ စိမ့်စမ်းရေသွယ်ခြင်းစသည့် ကျေးလက်ဒေသရေရရှိရေးလုပ်ငန်း ၁၁၄ ခုတို့ကိုစတင်ဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါခရိုင် ၄ ခရိုင်အတွင်းရှိ ကျေးရွာများတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ကျောက်ဖြည့်ရေကာပြုလုပ်ခြင်း၊ အခြေပြုမျောဂရစ်တန်း ရေကာပြုလုပ်ခြင်း၊ ကျောက်စီမြေထိန်းနံရံနှင့် မြေထိန်းတမံတည်ဆောက်ခြင်း၊ ကွန်ကရစ်လှေကားထစ်များပြုလုပ်ခြင်း စသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို တင်ဒါခေါ်ယူပြီးလုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိပါသည်။

**ကယားပြည်နယ်**

ကယားပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား(၄-၂)**

**ကယားပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၄,၅၂၉.၅၆ | ၄,၅၂၉.၅၆ |
| ၂ | လူဦးရေ | ဦးရေထောင် | ၃၁၀ | ၃၁၇ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁၉၉,၀၃၁.၆ | ၂၀၄,၈၀၈.၁ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၃.၆ | (-) ၂.၁ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၃.၅ | ၃၅.၉ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၁.၁ | ၂၄.၂ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၅.၄ | ၃၉.၉ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကယားပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကယားပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃၆၀,၁၂၈.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၈.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂၀၄,၈၀၈.၁ သန်းရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၅၆.၉ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၂.၁ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

ကယားပြည်နယ်သည် လယ်ယာကဏ္ဍတွင် တိုးတက်ခဲ့သော်လည်း သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍတို့တွင် လျော့နည်းခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း မြေပဲ၊ နှမ်း၊ နေကြာ၊ ကွမ်းရွက်၊ ကွမ်းသီး၊ အာလူး၊ ဘိုကိတ်၊ ပဲလွမ်း၊ ပဲယင်း၊ မတ်ပဲအထွက်များ ယခင်နှစ်ထက် ပိုမို

ထွက်ရှိခဲ့ပါသည်။ အဓိကသီးနှံ(၁၀) မျိုးဖြစ်သည့်စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ မတ်ပဲ စုစုပေါင်း စိုက်ဧက ၆,၅၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီလိုက်ရောရာ သတ္တုထုတ်လုပ်မှုများ လျော့နည်းခြင်းနှင့် နိုင်ငံပိုင်တည်ဆောက်ရေးလုပ်ငန်းများမှာ တည်ဆောက်ဆဲ ကာလဖြစ်၍ လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၇)

**ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**ပထမ (၆)လပတ်(အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကယားပြည်နယ်စီမံကိန်းဦးစီးရုံး

ကယားပြည်နယ်၏ ဒေသန္တရစီမံကိန်းအပေါ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင် အလားတူ ကာလများနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## ကယားပြည်နယ်၏ နှစ်အလိုက် ပထမ(၆)လပတ်( အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၈) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၉) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကယားပြည်နယ်စီမံကိန်းဦးစီးရုံး

ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၁၀)

## ကယားပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကယားပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လတွင် နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ၅၆.၉ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ နှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် နှစ်စဉ်ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍတွင် နှစ်စဉ်ရည်မှန်းချက်အပေါ် ၃၄.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင် ခဲ့ပါသည်။

ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ(Integrated High Technology Demonstration Village) ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူများအား ဌာန စနစ်၊ ဌာနနှင့် ပုဂ္ဂလိကဘဏ် ပေါင်းစပ်စနစ်၊ အရစ်ကျစနစ်တို့ဖြင့် လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူး ရောင်းချပေးခဲ့ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေး၊မွေးမြူရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းကဏ္ဍ ( Agri-business ) ဆောင်ရွက်သည့် တောင်သူလယ်သမားများသို့ လိုအပ်သော နှစ်တို/နှစ်ရှည် ချေးငွေများထုတ်ချေးလျက်ရှိခြင်း၊ ဖွံ့ဖြိုးရေးချေးငွေအနေဖြင့် JICA (Two Step Loan) ချေးငွေနှင့် MEB(Two Step Loan)ချေးငွေတို့ကို ထုတ်ချေးပေးခဲ့ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပထမ(၆)လပတ်တွင်ဝက်မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးခြင်း၊ ကုသဆေးများ ဖြန့်ဖြူးခြင်း နှင့် မွေးမြူရေးဆိုင်ရာ အထောက်အကူပြုသင်တန်းများ ပို့ချပေးနိုင်ခဲ့ပါသည်။ မွေးမြူရေးအစု အဖွဲ့ ၈ဖွဲ့ ရှိပြီး အဖွဲ့ဝင် ၃,၅၆၇ ဦးဖြင့် မွေးမြူဆောင်ရွက်လျက်ရှိပါသည်။ တိရစ္ဆာန်များအား ရောဂါကာကွယ်ဆေးများထိုးနှံခြင်းလုပ်ငန်း၊ မေထုန်မဲ့သားစပ်လုပ်ငန်း၊ အပူဒဏ်ခံကြက်လည်လိမ်ကာကွယ် ဆေးထိုးလုပ်ငန်းနှင့် School Milk Programme အရ ကျောင်းနေအရွယ် ကလေးများအား အာဟာရ နို့တိုက်ကျွေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

လှိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင်အတွင်းရှိ လုပ်ငန်း ၃၄ ခုအား SME Member Card ရရှိရေး အတွက် ဆောင်ရွက်ခဲ့ပါသည်။ SME လုပ်ငန်းရှင်များ၏ Capacity Building မြှင့်တင်နိုင်ရေးအတွက် ကယားပြည်နယ် MSME Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် Coca Cola လက်လီ စီးပွားရေး ကျွမ်းကျင်မှုသင်တန်းတို့ကို ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး သင်တန်းသား ၁၆၄ ဦး တက်ရောက်ခဲ့ပါသည်။ အခြေခံ တွင်ခုံ ဖောက်ခုံသင်တန်း၊ အခြေခံသံဂဟေဆက်သင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ တစ်လုံးထိုး ဒီဇယ် အင်ဂျင်ပြုပြင်နည်း သင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ကယားပြည်နယ်အတွင်း ရပ်ကွက် ၄၄ ခု၊ ကျေးရွာ ၅၁၇ ရွာ အနက် အစိုးရဓာတ်အားစနစ်အတွင်း ရပ်ကွက် ၄၄ ခု၊ ကျေးရွာ ၃၇၉ ရွာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ကျေးရွာ ၁၃၈ တွင် ဆိုလာစနစ်ဖြင့် ၇၄ ရွာ၊ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ၂ ရွာ မီးလင်းရေး ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဘီလူးချောင်း (၁)၊ (၂)၊ (၃) စက်ရုံများမှ ဓာတ်အားပေး စက်ရုံကြီးများ ထိန်းသိမ်း

ပြုပြင်ရေးလုပ်ငန်းများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား အသစ်တည်ဆောက်ခြင်း၊ အစားထိုး လဲလှယ်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မီးသုံးသူ ပြည်သူများအား အသိပညာပေးခြင်း၊ အန္တရာယ် ကင်းရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် အိတ်ချိန်း တိုးချဲ့ခြင်း၊ ကွန်ကရစ်တိုင် တိုးချဲ့ခြင်း၊ ကေဘယ်အစားထိုး လဲလှယ်ခြင်း၊ မြေအောက်ကြိုးများကို ကောင်းကင်ကေဘယ်ကြိုးဖြင့် အစားထိုးခြင်း၊ အိတ်ချိန်းအရန် ဓာတ်အားပေးစက် လဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ တာဝါတိုင်များ တည်ဆောက်ခြင်း၊ အော်တိုတယ်လီဖုန်းလိုင်း နှင့် ADSL လိုင်း တိုးချဲ့ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ MPT,GSM,BTS စခန်းပေါင်း ၆၃ ခု ထိ တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

သဘာဝခရီးသွားလုပ်ငန်း (Eco Tourism) နှင့် လူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Base Tourism)တို့ကို ခရီးစဉ်ဒေသ ဖြစ်သည့် တနီးလာလဲကျေးရွာ၊ ပန်ပက်ကျေးရွာ၊ ဒေါတမကြီးကျေးရွာနှင့် ထေခိုကျေးရွာများတွင် (၄)နှစ်တာကာလအတွင်း (International Trade Center) နှင့်ပူးပေါင်း ဆောင်ရွက် နိုင်ခဲ့ပြီး ကျေးရွာရှိ ရွာသူ၊ ရွာသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာခြင်းနှင့်အတူ ခရီး သွားကဏ္ဍများ တဖြည်းဖြည်း တိုးတက်အောင်မြင်လာပြီး ဟိုတယ်၊ မိုတယ်နှင့်တည်းခိုခန်းဦးရေများ ပိုမိုတိုး တက်လာခြင်း၊ ၎င်းနှင့် ဆက်စပ်လျက်ရှိသော ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ ဧည့်လမ်းညွှန် ဝန်ဆောင်မှု လုပ်ငန်းများ၏ ဝင်ငွေများတိုးတက်ခဲ့ခြင်းနှင့် ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှု စသည့် အခြားဝန်ဆောင် မှုလုပ်ငန်းများ၏ ဝင်ငွေများ ယခင်နှစ်ထက် တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍများ၏ ထွက်ကုန်များကို ပြည်နယ်အတွင်းသာမက ပြည်နယ်ခြားသို့ တင်ပို့ရောင်းချ ကုန်သွယ်နိုင်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်း မှ အိမ်သုံးကုန်ပစ္စည်းများ၊ တင်သွင်းရောင်းချနိုင်ခြင်းနှင့် ပြည်နယ်အတွင်းမှ စိုက်ပျိုးထွက်ရှိသော ဒေသထွက်ကုန် စားဖိုဆောင် ဟင်းခတ်အမွေးအကြိုင်များဖြစ်သော ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်ခြောက်များ တင်ပို့ရောင်းချနိုင်ခြင်း တို့ကြောင့်ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူနစ်နာ ဆုံးရှုံးမှုများအတွက် တိုင်ကြားနိုင်ရန်စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာ Consumer Information and Complaint Center (CICC) ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

## ကရင်ပြည်နယ်

ကရင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ် ပါသည်-

ဇယား(၄-၃)

ကရင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၁,၇၃၀.၈၅ | ၁၁,၇၃၀.၈၅ |
| ၂ | လူဦးရေ | ဦးရေထောင် | ၁,၅၉၃ | ၁,၆၀၁ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁,၁၄၄,၀၂၀.၃ | ၁,၃၀၆,၄၂၅.၄ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၆.၃ | ၇.၅ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၆.၅ | ၃၇.၄ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၂.၁ | ၂၀.၄ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၁.၄ | ၄၂.၂ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကိုနှစ်အလိုက်ဈေးနှုန်းများအရကျပ် ၁,၈၈၆,၃၀၄.၃ သန်းအကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၅ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၁,၃၀၆,၄၂၅.၄ သန်းရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၆၉.၃ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပြီးပုံမှန်ဈေးနှုန်းများအရ ၇.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

ကရင်ပြည်နယ်၏စီးပွားရေးတိုးတက်မှုကိုအဓိကတွန်းအားပေးသည့်ကဏ္ဍများမှာလယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ နှင့်ကုန်သွယ်မှုကဏ္ဍ တို့ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် ဖူးစားပြောင်း၊ မတ်ပဲ၊ ပဲလွမ်း၊ ပဲစဉ်းငုံ၊ ပဲတီစိမ်း၊ မြေပဲ၊ ကြက်ပေါင်စေး၊

ကွမ်းသီးနှင့် ကွမ်းရွက်စသည့် သီးနှံများထွက်ရှိမှုတိုးတက်ခြင်း၊ တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူရေး ကောင်ရေများ တိုးတက်မွေးမြူလာခြင်း၊ ဘားအံစက်မှုဇုန်နှင့် မြဝတီစီးပွားရေး ဇုန်မှ ပုဂ္ဂလိက စက်မှုလုပ်ငန်းများနှင့် အသေးစားအိမ်တွင်းမှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာခြင်း၊ အာရှလမ်းသစ်ကြီး ဖောက်လုပ်ပြီးစီးမှုကြောင့် ဘုရားဖူးခရီးသွားများ ပိုမိုများပြားလာခြင်းနှင့် ပို့ကုန်သွင်းကုန်လိုင်စင်များကို အချိန်နှင့်တပြေးညီ ခွင့်ပြုနိုင်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကရင်ပြည်နယ်၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄–၁၁)

**ကရင်ပြည်နယ်၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**ပထမ(၆)လပတ်(အောက်တိုဘာလမှ မတ်လ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး

ကရင်ပြည်နယ်၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလား တူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ကရင်ပြည်နယ်၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၁၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၁၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး

ကရင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကိုပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၁၄)

ကရင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလမှ မတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကရင်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လတွင် ၆၉.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ နှင့် ကုန်သွယ်ရေးကဏ္ဍ တို့တွင် နှစ်စဉ်ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ကျန်ကဏ္ဍများသည် ရည်မှန်းချက်အပေါ် ၄၀ ရာခိုင်နှုန်းကျော်သာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူပညာပေးဟောပြောပွဲ စုစုပေါင်း ၃၁၄ ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး တောင်သူဦးရေ ၁၉,၄၂၄ ဦးတို့အားပညာပေးနိုင်ခဲ့ပါသည်။ စုစုပေါင်းတောရိုင်းမြေ ၄,၈၈၅ ကေကိုဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးမျိုးသန့်ဇုန် စိုက်ကေ ၆၀ ကေဆောင်ရွက်ထားပြီးဖြစ်ပါသည်။ အကျိုးပြုတောင်သူအိမ်ထောင်စုများ စိစစ်ရွေးချယ်ခြင်း နှင့် လာရောက်ပံ့ပိုးကူညီခြင်းကိုFAOမိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် PIN (People In Need) အဖွဲ့မှ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်ဒေသများတွင် အိမ်ထောင်စုတစ်စုလျှင် ဟင်းသီးဟင်းရွက်မျိုး (၇)မျိုးပါ (၁)ထုတ်၊ ပဲတီစိမ်း(၁)ထုတ်၊ မတ်ပဲ(၁)ထုတ်တို့နှင့် ဓာတ်မြေသြဇာ (၁)အိတ်ဖြင့် အိမ်ထောင်စုစုစုပေါင်း ၅,၂၂၀ စုအား ဆောင်းသီးနှံနှင့် စိုက်ပျိုးအမီ အောက်တိုဘာလမှစ၍ ဖေဖော်ဝါရီလကုန်အထိ တောင်သူများအား စိစစ်၍ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်မှစ၍ ယခုအစီရင်ခံသည့် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ)အထိ ကိုင်းရှည် လက်တွန်းစက် (၅၀၆) စီးနှင့် ဒေါင်းဖန်း (၆) စီးအား အရစ်ကျစနစ်ဖြင့် ရောင်းချစီစဉ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်(၇)မြို့နယ်၌ တိရစ္ဆာန်ကျန်းမာရေးနှင့် လေ့ကျင့်ပညာပေးလုပ်ငန်း (၆၉) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဇာသပြင်ငါးလုပ်ငန်းစခန်းနှင့် ကျုံဒိုးငါးလုပ်ငန်းစခန်းတို့မှ ငါးသားပေါက်ကောင်ရေ ၄၅၀,၀၀၀ ထုတ်လုပ်နိုင်ခဲ့ပြီးငါးသားပေါက်ကောင်ရေ ၂၀၀,၀၀၀ ရောင်းချနိုင်ခဲ့ခြင်း၊ ငါးသားပေါက်ကောင်ရေ ၂၅၀,၀၀၀ ငါးမျိုးစိုက်ထည့်နိုင်ခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် 66/11 KV ဘားအံမြို့ စက်မှုဇုန်ခွဲရုံ၊ မြိုင်ကလေးခွဲရုံ၊ ကြာအင်းဆိပ်ကြီးခွဲရုံနှင့် ကော့ကရိတ်-ကြာအင်းဆိပ်ကြီး ဓာတ်အားလိုင်းများ ကိုဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ၂၃၀ ကေဗွီမြဝတီ(သဃ်န်းညီနောင်) ဓာတ်အားခွဲရုံမှ 66/11 KV ကော့ကရိတ် ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်ပြီးကော့ကရိတ်မြို့အားဓာတ်အားစနစ်ဖြင့် ဖြန့်ဖြူးပေးရန် ဆောင်ရွက်လျက်ရှိပါသည်။ JICA ချေးငွေဖြင့် ဘားအံ-လှိုင်းဘွဲ့ ၆၆ ကေဗွီလိုင်း (၁၃.၆၄) မိုင် တည်ဆောက်ခြင်း၊ လှိုင်းဘွဲ့-မြိုင်ကြီးငူ ၃၃ ကေဗွီလိုင်း (၂၅.၂၄) မိုင်၊မြိုင်ကြီးငူမြို့တွင် ၁၁ ကေဗွီလိုင်း(၁.၅၉)မိုင်၊ ၁၁/၀.၄ ကေဗွီထရန်စဖော်မာ (၃)လုံးနှင့် ၄၀၀ ဗို့လိုင်း (၁)မိုင် တည်ဆောက်ခြင်း၊ လိပ်သိုမြို့တွင် ၃၃ ကေဗွီလိုင်း (၂၄.၀၅) မိုင်၊ ၁၁ ကေဗွီလိုင်း (၂) မိုင် ၁၁/၀.၄ ကေဗွီထရန်စဖော်မာ (၃)လုံးနှင့် ၄၀၀ ဗို့လိုင်း (၂)မိုင် တည်ဆောက်ခြင်း၊ လှိုင်းဘွဲ့မြို့ တွင် ၆၆/၃၃ ကေဗွီ၊ ၁၀ အမ်ဗွီအေ

ခတ်အားခွဲရုံ (၁)ရုံတည်ဆောက်ခြင်း၊ မြိုင်ကြီးငူမြို့တွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေခတ်အားခွဲရုံ (၁)ရုံတည်ဆောက်ခြင်း၊ လိပ်သိုမြို့တွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေခတ်အားခွဲရုံ (၁)ရုံတည်ဆောက်ခြင်း လုပ်ငန်း တို့အားဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံပိုင်အခန်း ဆောက်လုပ်မှုအနေဖြင့် ပြည်ထောင်စုဘတ်ဂျက်၊ ပြည်နယ်ဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်သောလုပ်ငန်းစီမံကိန်းများသည်တင်ဒါအောင်မြင်ပြီးမြောက်ပြီးလုပ်ငန်းများဆောင်ရွက်လျက် ရှိပါသည်။ ပုဂ္ဂလိကအိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများအနေဖြင့် (၄)ခန်းတွဲ(၄)ထပ်၄လုံးအခန်းပေါင်း ၆၄ ခန်းပါဝင်သော ရွှေဖားစည်အဆင့်မြင့်အိမ်ရာ(၁)သည် ရာနှုန်းပြည့်ပြီးစီးခဲ့ပြီး၊ (၄)ခန်းတွဲ (၅)ထပ် ၁၅လုံး၊ (၂) ခန်းတွဲ (၅)ထပ်၃လုံးအခန်းပေါင်း ၃၃၀ ပါဝင်သော ရွှေဖားစည်အဆင့်မြင့် အိမ်ရာ (၂) မှာ ပြီးစီးပြီးအိမ်ခန်းများအပ်နှံပြီးဖြစ်ပါသည်။ ဖွဲကပင်ပလာဇာရွှေ့ပြောင်းမော ဆောက်လုပ်ခြင်း လုပ်ငန်းမှာ (၂၀) ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါသည်။ မြဝတီမြို့နယ် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား အမှတ်(၂) တံတားနှင့် BCF (Border Control Facility) အဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ)တွင် ပထမပုဂ္ဂလိကဘဏ် (၁)ခု၊ ကမ္ဘောဇဘဏ် (၂)ခုနှင့် ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် (၁)ခု စုစုပေါင်း ပုဂ္ဂလိကဘဏ် (၄)ခုကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကဘဏ်များအနေဖြင့် ကုမ္ပဏီများနှင့်ချိတ်ဆက်ပြီး ဘဏ်ထုတ်ချေးငွေအပေါ်အတိုးရငွေများ၊ ရွှေဖားစည်အိမ်ရာ၊ ဆိုင်ကယ်နှင့်ဖုန်းများအရစ်ကျ ရောင်းချခြင်းအပေါ်အတိုးများရရှိခြင်း၊ ချေးငွေလုပ်ငန်းများ၊ နိုင်ငံခြားငွေလဲလှယ်လုပ်ငန်းများ၊ နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခြင်း၊ တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်သူများမှ ငွေလွှဲပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေများတိုးတက် ရရှိခဲ့ပါသည်။

အာရှလမ်းသစ်ကြီး ဖောက်လုပ်ပြီးစီးမှုကြောင့် ဘုရားဖူးများနှင့် အပန်းဖြေခရီးသွားလာမှုများပြားလာခြင်း၊ ဒေသတွင်း ခရီးတိုသွားလာမှု ပိုမိုများလာခြင်း၊ ပြည်နယ်အတွင်း အဖွဲ့အစည်းများမှ စင်းလုံးငှားယာဉ်များ ပြေးဆွဲနေခြင်း၊ သံတောင်ကြီးမြို့နယ်ရှိ နော်ဘူဘောဆုတောင်းတောင်နှင့် သံတောင်မြို့ရှိ ပသိချောင်းရေတံခွန်တို့မှာ လူသိများလာပြီး ခရီးသွားများ ဝင်ရောက်မှုရှိသဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်ဝန်ဆောင်မှုများမှ ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။ ကရင်ပြည်နယ်သည် အာဆီယံ၏ မြို့ပြခရီးစဉ်ဒေသဆု (ASEAN Sustainable Tourism Award 2018)ကို ရရှိခဲ့ပါသည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်၏ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်(အောက်တိုဘာလမှ မတ်လ) ဖြစ်ပေါ်ခဲ့သည့်စီးပွားရေးအခြေအနေများကိုအောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

ဇယား(၄-၄)

ချင်းပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေးအခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၃,၉၀၆.၉၇ | ၁၃,၉၀၆.၉၇ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၅၀၈ | ၅၁၄ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၂၅၉,၀၆၀.၁ | ၂၄၂,၀၆၆.၇ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၆.၂ | (-) ၁၁.၂ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၂၈.၁ | ၃၁.၃ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၄၇.၉ | ၃၉.၄ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၂၄.၀ | ၂၉.၃ |

ဇာစ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချင်းပြည်နယ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင်ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄၃၆,၆၅၃.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင်စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂၄၂,၀၆၆.၇ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၅၅.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၁၁.၂ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

ချင်းပြည်နယ်၏စီးပွားရေးကို အဓိကကျဆင်းစေသောကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍတို့ဖြစ်ပါသည်။ မိုးသီးနှံအား ရွှေ့ပြောင်းတောင်ယာတွင်သာ အများအားဖြင့် စိုက်ပျိုးခြင်းဖြစ်သဖြင့် ခုတ်ထွင်သည့် တောင်ယာခင်းသည်လည်း တစ်နှစ်ပြီးတစ်နှစ် ကျဉ်းမြောင်းလာသောကြောင့် ရွှေ့ပြောင်းတောင်ယာခင်းတွင် စိုက်ပျိုးသည့်သီးနှံများသည် လျော့နည်းလာပြီး၊ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ မိုးမြေပဲ၊ မိုးနှမ်း စသည့်သီးနှံများ၏ စိုက်ဧကနှင့်ရိတ်သိမ်းဧကမှာလည်း လျော့နည်း

လာခြင်းဖြစ်ပါသည်။ သစ်တောကဏ္ဍတွင် နိုင်ငံပိုင်ကျွန်းနှင့် သစ်မာထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် ပြည်ထောင်စုဘတ်ဂျက်၊ ပြည်နယ်ဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများမှာ တင်ဒါခေါ်ယူပြီးဖြစ်သော်လည်း လုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်ပါသည်။

ချင်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လအထိ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကိုပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

ပုံ(၄-၁၅)

**ချင်းပြည်နယ်၏၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဓာတ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး

ချင်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ (၆) လ (အောက်တိုဘာလမှ မတ်လအထိ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကိုယခင်အလားတူကာလများ နှင့်နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ချင်းပြည်နယ်၏ နှစ်အလိုက်ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၁၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၁၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဓာတ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး

ချင်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကိုပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

ပုံ(၄-၁၈)

ချင်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)ကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဓာတ်မြစ်။သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချင်းပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လတွင် နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ၅၅.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် ရည်မှန်းချက်အပေါ် ၈၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ လယ်ယာကဏ္ဍ၊လျှပ်စစ်ကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် ၅၀ ရာခိုင်နှုန်းကျော်၊ ဆက်သွယ်ရေးကဏ္ဍတွင် ၂၂.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ကျန်ကဏ္ဍများတွင် ၄၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ကုန်းမြင့်လယ်ယာဦးစီးဌာနက ကုန်းမြင့်ဒေသလယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းကို ပြည်နယ် ရန်ပုံငွေဖြင့် ဟားခါးမြို့နယ်၊ ထန်တလန်မြို့နယ်၊ ရေဇွာမြို့နယ်များရှိ ကျေးရွာများတွင် စုစုပေါင်းဧက ၂၅၀ နှင့် ကန်ထရိုက်စနစ်ဖြင့် ဟားခါးမြို့နယ်၊ ထန်တလန်မြို့နယ်၊ ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်၊ ကန်ပက်လက်မြို့နယ်၊ မတူပီမြို့နယ်များရှိကျေးရွာများတွင် စုစုပေါင်း ဧက ၅၀၀ ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ပြည်နယ် ရန်ပုံငွေဖြင့် ထန်တလန်မြို့နယ်တွင် လုပ်ငန်း(၁၂)ခု၊ တွန်းဇံမြို့နယ်၊ ရှာလ်ထောဇန်ကျေးရွာနှင့် နတ်မြောင်းကျေးရွာတို့တွင် လယ်မြေများ ရေတိုက်စားမှုမှ ကာကွယ်ရန် ရေကာတာဘောင် တည် ဆောက်ခြင်း လုပ်ငန်း (၇) ခုတို့ ဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေရရှိရေးအတွက် ပြည်နယ်ရန်ပုံငွေဖြင့် ဟားခါးမြို့နယ်၊ ဖိုင်ဖာ(ခ) ကျေးရွာ၊ တီးတိန်မြို့နယ်၊ ပန်ဇန်ကျေးရွာ၊ ပလက်ဝမြို့နယ်၊ ရကန်ကျေးရွာများတွင် ဆောင် ရွက်လျက်ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် သဘာဝသစ်တောသယံဇာတများ ရေရှည်ဖွံ့ဖြိုး တိုးတက် ရန်အတွက် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှုကို ကန့်သတ်ဆောင်ရွက်လျက်ရှိပြီး သစ်တောစိုက်ခင်း များ တည်ထောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာ ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လူထုမှပါဝင်စိုက်ပျိုးသည့် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်း စသည့် လုပ်ငန်း များကို ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်နယ်အတွင်း စိမ်းလန်း စိုပြေစေရေးအတွက်သစ်တောဦးစီးဌာနက ပြည်နယ်ရန်ပုံငွေဖြင့် ရုန်းတောင် (ရုန်းတောင်ရေဝေ ရေလဲ) မြေယာထိန်းသိမ်းရေးဧက ၅၀ ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ပြည်ထောင်စု ရန်ပုံငွေဖြင့် သစ်တောစိုက်ခင်း ၁,၄၇၀ ဧက တည်ထောင်ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ချင်းပြည်နယ် အသေးစားစက်မှု လက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်နယ်ရန်ပုံငွေဖြင့် ဖလမ်းရက်ကန်းကျောင်းအတွက် ချားဆွဲစက်(၁)စုံ၊

ဘီတင်စက်(၁)စုံ၊ ချည်ခင်ဆေးဆိုးစက်(၁)စုံ၊ ဂျက်ကက်စက်ရက်ကန်းစင် (၁)စုံ နှင့် မင်းတပ်မြို့တွင် Shettleless(၁)စင် စုစုပေါင်းလုပ်ငန်း(၅)ခုကို ဆောင်ရွက်လျက်ရှိပါသည်။ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းကပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းဖြစ်သောရေဇွာမြို့၊ ဝမ်ဖူချောင်းရေအား လျှပ်စစ်စီမံကိန်းနှင့်ထရန်စဖော်မာအသစ်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းများ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက် လျက်ရှိပါသည်။

လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဖလမ်းလေဆိပ် တည်ဆောက်ရေးလုပ်ငန်းတွင် မြေနေရာရှင်းလင်းခြင်း၊ အပေါ်ယံမြေသားဖယ်ရှားခြင်း၊ Transitional အတွင်း မြေဖြတ်ခြင်း၊ ပြေးလမ်းနယ်အတွင်း မြေတူးဖြတ်ခြင်း၊ မြေဖို့ကြိတ်ခြင်း၊ လေယာဉ်ပြေးလမ်းသစ် Flexible Pavement တည်ဆောက်ခြင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက် လျက် ရှိပါသည်။

စည်ပင်သာယာရေးအဖွဲ့က မြို့ပြများ သောက်သုံးရေဖူလုံစွာရရှိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ကန်ပက်လက်၊ တီးတိန်၊ ထန်တလန်၊ ပလက်ဝ၊ ဖလမ်း၊ မတူပီ၊ မင်းတပ်၊ ဟားခါး၊ ရိခေါဒါရ်၊ ရေဇွာ၊ ခိုင်ကမ်း နှင့်လိုင်လင်းပီတို့တွင် စုစုပေါင်းလုပ်ငန်း (၂၃)ခုကို ဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသသောက်သုံးရေရရှိရေးအတွက် ပြည်နယ်ရန်ပုံငွေဖြင့် ထန်တလန်မြို့နယ်ခွာပီးလိုကျေးရွာ၊ဖလမ်းမြို့နယ် ရိရွာဟောင်းကျေးရွာ၊ ဝေဘူလ ကျေးရွာ၊ ရန်ထလိုကျေးရွာနှင့် မတူပီမြို့နယ် လုံကားကျေးရွာတို့တွင် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ကျေးရွာများအား ရေရရှိရေးလုပ်ငန်းများ ဆောင် ရွက်လျက်ရှိပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စု ရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေးအတွက် လုပ်ငန်း(၂)ခုအားဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်ရေးကဏ္ဍတွင် ချင်းပြည်နယ်၏ ဒေသထွက်ကုန်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့ရောင်းချပြီး၊ မန္တလေး-ဂန့်ဂေါ-ဟားခါးလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ကလေး-တီးတိန်လမ်း၊ ပခုက္ကူ-မင်းတပ်လမ်းများဖြင့် ဒေသတွင်း ကုန်စည်များ ဖြန့်ဖြူးပေးခဲ့ပါသည်။ အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ ကုန်စည်များကို ချင်းပြည်နယ် ရိခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်နှင့် ကူးသန်းရောင်းဝယ် လျက်ရှိပြီး သွားလာရေးခက်ခဲမှုကြောင့် နယ်စပ်ကုန်သွယ်ရေး ကုန်စည်စီးဆင်းမှုကြန့်ကြာပြီး များစွာ ဖွံ့ဖြိုးမှုမရှိကြောင်း တွေ့ရှိရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**

စစ်ကိုင်းတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလ မှ မတ်လ)ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၅)

စစ်ကိုင်းတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၃၆,၁၇၈.၇၂ | ၃၆,၁၇၈.၇၂ |
| ၂ | လူဦးရေ | ဦးရေထောင် | ၅,၄၉၁ | ၅,၅၃၁ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၇,၄၇၇,၀၁၂.၁ | ၈,၄၅၃,၀၄၃.၆ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၆.၇ | ၈.၄ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၃.၂ | ၃၀.၆ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၈.၂ | ၃၉.၆ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၂၈.၆ | ၂၉.၈ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၂,၆၆၆,၃၀၉.၅ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၈,၄၅၃,၀၄၃.၆ သန်းရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၆၆.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ပုံမှန်ဈေးနှုန်းများအရ ၈.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုကို အဓိကထွန်းအားပေးသည့် ကဏ္ဍများမှာ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍတို့ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် မုံရွာ၊ ရွှေဘို၊ ခင်ဦး၊ ရေဦး၊ ကန့်ဘလူ(ဇီးကုန်း)နှင့် ယင်းမာပင် မြို့နယ်တို့တွင် ကြက်မွေးမြူရေးခြံများ

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မုံရွာမြို့နယ်တွင် နို့စားနွားမွေးမြူရေးဇုန်ဆောင်ရွက်ထားရှိပါသည်။ စက်မှုဇုန်များမှ အမယ်သစ်များအဖြစ် သစ်ပါးလွှာ၊ သစ်ခွဲသားထုတ်လုပ်မှု၊ ပရိဘောဂအမျိုးမျိုး၊ ချည်မျှင်ထုတ်လုပ်ငန်း၊ ဆိုင်ကယ်အပိုပစ္စည်းထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် ငွေကြေးကဏ္ဍ တိုးတက်လာသည့်အလျောက် ကုန်စည်ဒိုင်များ၊ လက်လီလက္ကား အရောင်းဆိုင်များ၊ ပွဲရုံလုပ်ငန်းများ၏ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလ မှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၁၉)

**စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်ပထမ(၆)လပတ် (အောက်တိုဘာလ မှ မတ်လ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူ ကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## စစ်ကိုင်းတိုင်းဒေသကြီး၏ နှစ်အလိုက် ပထမ (၆)လပတ် (အောက်တိုဘာလ မှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၂၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၂၂)
စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်
ပထမ (၆)လပတ် (အောက်တိုဘာလ မှ မတ်လ)ကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆)လတွင် နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ၆၆.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် နှစ်စဉ် ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် ရည်မှန်းချက်အပေါ် ၄၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

စနစ်တကျလယ်ယာမြေဖော်ထုတ်ပြီးစီးမှုအခြေအနေသည် ချောင်းဦးမြို့နယ်တွင် ဧက ၂၀၀၊ ဘုတလင်၊ မြောင်၊ ဝက်လက်မြို့နယ်တို့တွင် ဧက ၁၀၀ စီ၊ စုစုပေါင်းဧက ၅၀၀ ကို တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ အထူးအထွက်တိုး စပ်မျိုးစေ့ထုတ်လုပ်ခြင်းမှ ရရှိမည့် F1 မျိုးစေ့များ စိုက်ပျိုးခြင်းဖြင့် တစ်ဧကအထွက်နှုန်းတိုးလာစေခြင်း၊ ရွှေဘိုခရိုင်အတွင်း အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်သည့် ရွှေဘိုပေါ်ဆန်း နှင့် ရောမင်း၊ မော်ဘီ(၂)၊ လုံးသွယ်မွှေး စသည့် အရည်အသွေးကောင်း စပါးမျိုးများ တိုးတက် စိုက်ပျိုးခဲ့ပါသည်။ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍမှ ကျောက်မီးသွေးထုတ်လုပ်သည့် ကုမ္ပဏီများ တိုးလာခြင်းကြောင့် ကျောက်မီးသွေး ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်နိုင်ခြင်း၊ မီးလင်းပြီးကျေးရွာစုစုပေါင်း ၅,၀၂၅ ရွာတွင် အစိုးရဓာတ်အားပေးစနစ်ဖြင့် ၁,၈၆၆ ရွာ၊ ပုဂ္ဂလိက လျှပ်စစ်မီးလင်းပြီးကျေးရွာစုစုပေါင်း ၃,၁၅၉ ရွာရှိပြီး၊ အသေးစားရေအားဖြင့် ၁၇၂ ရွာ၊ ဇီဝလောင်စာဖြင့် ၁၆ ရွာ၊ စပါးခွံလောင်စာဖြင့် ၁၀၃ ရွာ၊ ဒီဇယ်ဖြင့် ၁,၂၉၃ ရွာ၊ နေရောင်ခြည်ဖြင့် ၁,၅၇၅ ရွာဖြစ်ပါသည်။

ပုဂ္ဂလိကပိုင်အခန်းမှ ကုန်တင်(ဝန်ပေါ့)၊ ထော်လာဂျီ သုံးဘီးဆိုင်ကယ် နှင့် အခြား အမျိုးအစား စီးရေများ ယခင်နှစ်ကထက် များပြားလာခြင်း၊ ယာဉ်စီးရေများ တိုးချဲ့ပြေးဆွဲခြင်း၊ ကုန်စည်ဝန်ဆောင်မှု ခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်းနှင့်ရေကြောင်းပို့ဆောင်ရေး၊ ပုဂ္ဂလိကပိုင်အခန်းတွင် ခရီးသည်တင် အမြန်ရေယာဉ်ပြေးဆွဲလျက်ရှိခြင်း၊ အာရှလမ်းမကြီးတစ်ခုဖြစ်သည့် မိုးရေး-တမူး-မုံရွာ-မန္တလေးလမ်းမကြီး သည် တိုင်းဒေသကြီး၏ အလယ်ဗဟိုမှ ဖြတ်သန်း တည်ရှိနေသဖြင့် အိန္ဒိယနိုင်ငံနှင့် ကူးသန်းသွားလာမှု ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ခဲ့ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT အပြင် အခြားအော်ပရေတာ (၃)ခုဖြစ်သော Telenor ၊ Ooredoo နှင့် Mytel တို့မှ ဝန်ဆောင်မှု လုပ်ငန်းများအပြိုင် ဆောင်ရွက်လာခြင်းတို့ကြောင့် ဆက်သွယ်ရေးလုပ်ငန်း တိုးတက်လာပါသည်။

နိုင်ငံပိုင်အခန်းတွင် မြန်မာ့စီးပွားရေးဘဏ် နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့၏ ချေးငွေအပေါ် အတိုးရငွေများရရှိခြင်း၊ မြန်မာ့အာမခံလုပ်ငန်းတွင် အသက်အာမခံ၊ သူတစ်ပါး ထိခိုက်မှုအာမခံ၊ မီးနှင့်အထွေထွေအာမခံ၊ ရေကြောင်းကုန်ပစ္စည်းအာမခံနှင့် ခရီးသွားအာမခံရငွေများ ယခင်နှစ်ကထက်

ပိုမိုများပြားလာခြင်း၊ ပုဂ္ဂလိကပိုင်အခန်းတွင် ပုဂ္ဂလိကဘဏ်များမှ ငွေလွှဲခအပြင် ဘဏ်ဆောင်ရွက်ခနှင့် အခြားရငွေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ချေးငွေများအပေါ် အတိုးရငွေများ၊ ဘဏ်ဆောင်ရွက်မှု ရငွေများ ယခင်နှစ်ထက် တိုးတက်လာခြင်းဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်အခန်းမှ စားသောက်ဆိုင်လုပ်ငန်းဝင်ငွေများ၊ ဟိုတယ်နှင့်တည်းခိုခန်း ဝင်ငွေများအပြင် သမိုင်းဝင်ဒေသများသို့ ပြည်တွင်းပြည်ပ ဧည့်သည်များ ဝင်ရောက်လာခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းဝင်ငွေများ တိုးတက်ခဲ့ပါသည်။ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပြည်ပပို့ကုန် အများဆုံးတင်ပို့နိုင်သော ကုန်ပစ္စည်းများအနက် လယ်ယာ ထွက်ကုန်ပစ္စည်းအများဆုံးဖြစ်ပြီး၊ သွင်းကုန်အများဆုံးဖြစ်သည့် မော်တော်ဆိုင်ကယ်၊ ဂျုံမှုန့်၊ ဓာတ်မြေဩဇာ၊ ပလတ်စတစ် အကြည်ပြား၊ ပလတ်စတစ်ရေလှောင်ကန် တို့ကို တင်သွင်းခဲ့ပါသည်။

**တနင်္သာရီတိုင်းဒေသကြီး**

တနင်္သာရီတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ် ပါသည်-

**ဇယား (၄-၆)**

**တနင်္သာရီတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၆,၇၃၅.၅၆ | ၁၆,၇၃၅.၅၆ |
| ၂ | လူဦးရေ | ဦးရေထောင် | ၁,၄၆၀ | ၁,၄၇၃ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၂,၂၁၁,၉၀၀.၂ | ၂,၃၆၂,၈၈၄.၁ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၅.၈ | ၁.၉ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၄၆.၆ | ၄၆.၈ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၆.၈ | ၂၄.၃ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၂၆.၆ | ၂၈.၉ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄,၃၁၁,၈၃၅.၃ သန်း အကောင် အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများ အရ ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ပထမ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများ အရ ၂,၃၆၂,၈၈၄.၁ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၅၄.၈ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများ အရ ၁.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍနှင့်ကုန်သွယ်မှုကဏ္ဍ တို့ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် ဆီအုန်း၊

ကြက်ပေါင်စေး၊ ကွမ်းသီး၊ ကွမ်းရွက်၊ ရော်ဘာစို၊ ရော်ဘာကောင်း၊ ကော်ဖီ စသည့်သီးနှံများထွက်ရှိမှု တိုးတက်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

ကျေးရွာများတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးမှ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်လာခြင်း၊ တိရစ္ဆာန်များကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်း လျော့နည်းခြင်းတို့ကြောင့် သားငါး ထုတ်လုပ်မှု တိုးတက်လာပါသည်။

ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး မော်တောင်၊ ထီးခီး ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဝင်ငွေတိုးတက်ရရှိနေခြင်း၊ လမ်းပန်းဆက်သွယ်ရေးကွန်ယက်များ ချောမွေ့လာခြင်းကြောင့် ကုန်စည်စီးဆင်းမှုများ မြန်ဆန်သွက်လက်လာ၍ တိုင်းဒေသကြီး၏ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ရခြင်း ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ဒေသန္တရစီမံကိန်း အပေါ် ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၂၃)**

**တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း အပေါ် ပထမ(၆)လပတ်(အောက်တိုဘာလမှ မတ်လ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ (၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## တနင်္သာရီတိုင်းဒေသကြီး၏ နှစ်အလိုက် ပထမ(၆)လပတ်(အောက်တိုဘာလ မှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၂၄) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၅) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၂၆)

### တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း အပေါ် ပထမ(၆)လပတ်(အောက်တိုဘာလမှ မတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တနင်္သာရီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လတွင် နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ၅၄.၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓါတ်အားကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍ တို့တွင် နှစ်စဉ်ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖေါ်နိုင်ခဲ့ပြီး သစ်တောကဏ္ဍတွင် ၃၄.၁ ရာခိုင်နှုန်းနှင့် ဆောက်လုပ်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် ရည်မှန်းချက်အပေါ် ၄၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

လက်ရှိထွက်ရှိနေသော သဘာဝဓာတ်ငွေ့တွင်းများသည် ဓာတ်ငွေ့နှင့် အတူရောနှော ပါလာသော ရေပမာဏမှာ ပိုမိုများပြားလာသဖြင့် ဓာတ်ငွေ့သိုက်မှ ထွက်ရှိမှု အနည်းငယ်လျော့နည်းရခြင်း ဖြစ်ပြီး ရေနံစိမ်းထွက်ရှိမှုမှာလည်း သဘာဝဓာတ်ငွေ့ ထွက်ရှိမှုအပေါ် တည်မှီနေပါသဖြင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

မြိတ်ခရိုင် စက်မှုဇုန်မှ မုန့်မျိုးစုံ၊ မျှင်ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်၊မုန့်ဟင်းခါး၊ ငါးအမှုန့်ကြိတ်နှင့် ရေခဲထုတ်လုပ်ခြင်း၊ငါးအအေးခန်းလုပ်ငန်းများ၊ အထွေထွေစက်မှုလုပ်ငန်း၊ သင်္ဘောပြင်ဆင်ခြင်း၊ ကားဝပ်ရှော့လုပ်ငန်းများ၏ ဝင်ငွေများတိုးလာပါသည်။

ပုဂ္ဂလိကလျှပ်စစ်မီးလင်းပြီးကျေးရွာစုစုပေါင်း ၇၄၈ ရွာရှိပြီး၊ အသေးစားရေအားလျှပ်စစ်ဖြင့် ၄ရွာ၊ ဇီဝလောင်စာဖြင့် ၁၄၄ ရွာ၊ ဒီဇယ်ဖြင့် ၄၅၈ ရွာနှင့် နေရောင်ခြည်ဖြင့် ၁၄၂ ရွာကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ခရီးသွားရာသီကာလ ဖြစ်ခြင်းကြောင့် ထားဝယ်မြို့တွင်ရှိသည့် ရှင်ကိုးရှင်ဘုရား၊ ကမ်းခြေ၊ မြိတ်မြို့နှင့် ကော့သောင်းမြို့တွင်ရှိသည့် ကျွန်းများသို့ အလည်အပတ်လာရောက်သည့် ခရီးသည် များပြားလာခြင်းတို့ကြောင့် ပို့ဆောင်ရေးကဏ္ဍ တိုးတက်ခဲ့ပါသည်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ၏ ဧည့်သည်တည်းခိုမှုမှာ ပြည်တွင်းခရီးသွားဦးရေ ၇၀၉,၂၇ ဦး၊ ပြည်ပခရီးသွားဦးရေ ၄၁,၈၁၄ ဦး၊ စုစုပေါင်း ၁၁၂,၇၄၁ ဦးရှိပါသည်။

တိုင်းဒေသကြီးအတွင်း သမိုင်းဝင်ဘုရားများ၊ မောင်းမကန်ကမ်းခြေ၊ လောင်းလုံးမြို့နယ်ရှိ ရေပူတွင်းနှင့် ကော့သောင်းမြို့နယ်ရှိ သူဌေးကျွန်း အပန်းဖြေစခန်းတို့ ထူးခြားစွာ တည်ရှိပါသည်။ ထားဝယ်အထူးစီးပွားရေးဇုန်၊ ကော့သောင်းမြို့နယ်နှင့် မြိတ်ကျွန်းစုများတွင် ကျွန်းအပန်းဖြေစခန်းများ တည်ဆောက်ခြင်း၊ ထီးခီးနှင့် ကန်ချနာပူရီ၊ မောတောင်နှင့် ပရော့၊ ကော့သောင်းနှင့် ရနောင်းတို့အား ညီအစ်မမြို့များအဖြစ် ထိုင်းနိုင်ငံ နှင့် ပူးပေါင်း ဆောင်ရွက်နေခြင်းတို့အပြင် တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

## ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ် ပါသည်-

ဇယား(၄-၇)

ပဲခူးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၅,၂၁၄.၁၃ | ၁၅,၂၁၄.၁၃ |
| ၂ | လူဦးရေ | ဦးရေထောင် | ၄,၉၁၉ | ၄,၉၂၉ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၅,၅၀၁,၁၁၂.၉ | ၆,၀၈၉,၉၈၁.၁ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၆.၁ | ၅.၄ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၂.၂ | ၃၁.၀ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၂.၃ | ၃၁.၉ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၅.၅ | ၃၇.၁ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပဲခူးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပဲခူးတိုင်းဒေသကြီး ၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၈,၅၇၂,၃၁၆.၃ သန်း အကောင်အထည် ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၇.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆,၀၈၉,၉၈၁.၁ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၇၁.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများ အရ ၅.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၏စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ စက်မှု လက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် ပဲခူးမြို့နယ်၊ ညောင်အင်း စက်မှုဇုန် နှင့် စက်မှုဇုန်ပြင်ပတို့တွင် ပုဂ္ဂလိကပိုင် အထည်ချုပ် စက်ရုံများနှင့် ဖိနပ်စက်ရုံများမှ အဝတ်အထည်နှင့် ဖိနပ်များကို ပြည်ပသို့လည်းကောင်း၊ ဂျုန်တန် အိမ်သုတ်ဆေး

စက်ရုံနှင့် MYANMAR Hayabusa ငါးမျှားချိတ်စက်ရုံတို့မှ ကုန်ပစ္စည်းများ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်ပသို့တင်ပို့နိုင်ခဲ့ပါသည်။ ရှေးဟောင်းအမွေအနှစ်များရှိရာ ဟန်လင်း၊ ဗိသနိုးနှင့် ပုဂံသို့သွားသော လမ်းနှင့် တစ်ဆက်တည်းရှိခြင်း၊ တန်ခိုးကြီးဘုရားများနှင့် (Eco-Tourism) လုပ်ငန်းများအပေါ် ပိုမို စိတ်ဝင်စားမှု ရှိခြင်းကြောင့် ပြည်တွင်း ပြည်ပခရီးသွားလာမှု ပိုမိုများလာခဲ့ပါသည်။ အသေးစားအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများမှလည်း တစ်နိုင်တစ်ပိုင် ကုန်ပစ္စည်းများ ထုတ်လုပ်မှု တိုးလာခြင်း၊ ကုန်စည် ရောင်းဝယ်ရာ အချက်အချာကျခြင်း၊ အခြားမြို့ကြီးများနှင့် အလွယ်တကူ ကူးသန်းရောင်းဝယ်နိုင်ခြင်း၊ လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်မှုကြောင့် ဒေသထွက်ကုန်ပစ္စည်းများ၊ သွင်းကုန်ပစ္စည်းများအား ပိုမိုမြန်ဆန်စွာ ကူးသန်းရောင်းဝယ်နိုင်ခြင်း တို့ကြောင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်ပထမ(၆)လပတ်(အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၂၇)**

**ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**ပထမ(၆)လပတ်(အောက်တိုဘာလမှ မတ်လ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်စျေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပဲခူးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ (၆) လပတ် (အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင် အလားတူ ကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ပဲခူးတိုင်းဒေသကြီး၏ နှစ်အလိုက် ပထမ(၆)လပတ်(အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၂၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၂၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပဲခူးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၃၀)

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလ မှ မတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပဲခူးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လတွင် နှစ်စဉ်ဒေသန္တရ စီမံကိန်းအပေါ် ၇၁.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ နှင့် ကုန်သွယ်မှု ကဏ္ဍတို့တွင် နှစ်စဉ်ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၃၉.၀ ရာခိုင်နှုန်းနှင့် စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆက်သွယ် ရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် ရည်မှန်းချက် အပေါ် ၄၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ပဲခူးခရိုင်အတွင်းရှိ ကဝမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့တွင် ယခင်နှစ်များ၌ ရေစားကမ်းပြိုမှုများ ရှိခဲ့ရာ လယ်မြေများပါခဲ့ခြင်း၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ဆွာတမံရေပိုလွှဲ ကျိုးပေါက်ခြင်း၊ တောင်နဝင်းဆည်၊ မြောက်နဝင်းဆည်တို့မှ ရေပိုလျှံထုတ်ခြင်း၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်တွင် ရောဝတီမြစ်ရေလျှံ၍ စိုက်ပျိုးမရခြင်းကြောင့် သီးနှံစိုက်ဧကနှင့် ထွက်ရှိမှု လျော့နည်းခဲ့ပါသည်။ ဘောင်စနစ်ဖြင့် စံပြကွက် ၂၇၀ ဧက၊ မျိုးစေ့ထုတ်စံပြကွက် ၃၅၀ ဧက၊ SRI စံပြကွက် ၁၆၀ ဧက၊ Drum Seeder စံပြကွက် ၅၉၅ ဧက၊ စိုက်နည်းစနစ် စမ်းသပ်ကွက် ၁၃ ကွက်၊ သီးနှံပုံစံစမ်းသပ်ကွက် ၁၉ ကွက် တို့ကိုဆောင်ရွက်နိုင်ခဲ့ပါသည်။ ချက်ကြံရင့် ရိတ်ဧက ၅၁,၇၇၁ ဧက ဖြစ်ပြီး ယခင်နှစ်ထက် ၃,၈၈၀ ဧက ပိုမိုခဲ့၍ အထွက် ၉၀,၅၇၆ တန်ရှည် ပိုမိုခဲ့ပါသည်။ ထိုသို့ ကြံသီးနှံ ပိုမိုရခြင်းမှာ စိုက်နည်းစနစ် ယှဉ်ပြိုင်စမ်းသပ်ကွက်၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ ကြံအထွက်တိုး နည်းပညာသုတေသန စမ်းသပ်ကွက်၊ အထူးအထွက်တိုး စံပြကွက်၊ ရာသီဥတုနှင့်ကိုက်ညီသော သုတေသနစမ်းသပ်ကွက် တို့ကို ဆောင်ရွက်ပေး ခဲ့ခြင်းများကြောင့် ဖြစ်ပါသည်။

ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရေးအတွက် အရင်းမပျောက် မတည်ငွေများကို မြစိမ်းရောင် စီမံကိန်းဖြင့် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ အစီရင်ခံသည့် ကာလအထိ စုစုပေါင်း ၄၅ ရွာသို့ ချေးငွေများ ထုတ်ချေးနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် ကျွန်း၊ သစ်မာ ထုတ်လုပ်မှုတွင် လျာထားချက်မရှိသော်လည်း သစ်တောဦးစီးရုံးချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက် အရ လေလံတင်ထုခွဲရောင်းချခြင်း၊ ပုံစံ(၈) သစ်များအား ကရင်ပြည်နယ် ရေဘေး၊ ဆွာရေဘေး နှင့် ပဲခူးတိုင်း ရေဘေး တို့အတွက် ထုတ်ခွင့်ပြုထားခြင်းကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ကျွန်းနှင့် သစ်မာတိုင်/မျော ထုတ်လုပ်မှု ယခင်နှစ်ထက် ပိုမိုခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ရေနံတွင်းများ တွင်းပြုပြင်ရန် အချိန်ပေးခဲ့ရခြင်း၊ ရေနံသဲကြောများ၏ထုတ်လုပ်မှု သဘာဝ ကျဆင်းခဲ့ခြင်းတို့ကြောင့် ရေနံစိမ်းထုတ်လုပ်မှုလျော့နည်းခဲ့ခြင်း၊ မြစ်ချောင်းတို့၏ သဘာဝမျှခြေ ထိခိုက်ပျက်ယွင်းမှုများ မရှိစေရေးအတွက် လုပ်ကွက်ရေိယာ၊ ထုတ်လုပ်သူလုပ်ငန်းရှင်ဦးရေ နှင့် ထုတ်လုပ်မှု အရေအတွက်တို့အား ကန့်သတ်မှုရှိခြင်းကြောင့် ပုဂ္ဂလိကပိုင် ကျောက်ထုတ်လုပ်မှု

လျော့နည်းခြင်း၊ ကျောက်ကြီးထုတ်လုပ်မှုမှာ လုပ်ကွက်ရှားပါးခြင်း၊ ကျောက်အရည်အသွေးမမီခြင်း၊ စီးပွားရေးတွက်ခြေမကိုက်ခြင်းတို့ကြောင့် ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ မြောက်နဝင်းဆည်၊ တောင်နဝင်းဆည်၊ ဝဲကြီးဆည်တို့အား ဆည်ရေသောက်စနစ်အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ တောင်ညိုဆည်အား ရေသောက်စနစ်ပြုပြင်ခြင်းနှင့် စက်ကိရိယာတန်ဆာပလာများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်း တို့အား နိုင်ငံခြားချေးငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အထိ ဆောင်ရွက်လျက်ရှိရာ ရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းခန့် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၈ ဖွဲ့မှ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ အနေဖြင့် ပြည်နှင့် သာယာဝတီတွင် မက်(စ်)မြန်မာကုမ္ပဏီမှ ရန်ကုန်-ပြည်လမ်းမကြီးအား ပြင်ဆင် မွမ်းမံလုပ်ငန်းများ၊ တောင်ငူတွင် ကမ္ဘောဇကုမ္ပဏီမှ အမြန်လမ်းမကြီးအား ပြင်ဆင်မွမ်းမံမှု လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

**မကွေးတိုင်းဒေသကြီး**

မကွေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ဇယား(၄-၈)**

**မကွေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၇,၃၀၅.၃၂ | ၁၇,၃၀၅.၃၂ |
| ၂ | လူဦးရေ | ဦးရေထောင် | ၃,၉၄၁ | ၃,၉၃၉ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၄,၆၇၅,၂၈၅.၆ | ၅,၁၃၆,၇၈၄.၄ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | (-) ၃.၇ | ၂.၉ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၂၉.၁ | ၂၄.၂ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၅.၆ | ၃၈.၄ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၅.၃ | ၃၇.၄ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် မကွေးတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၈,၆၄၅,၈၇၃.၆ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းများအရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၅,၁၃၆,၇၈၄.၄ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၅၉.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၂.၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုကို အဓိက တွန်းအားပေးသည့် ကဏ္ဍများမှာစွမ်းအင်ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် ပုဂ္ဂလိကပိုင်ရေနံစိမ်း ထုတ်လုပ်သည့် တွင်းအရေအတွက်

တိုးလာခြင်း၊ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်းမှ ဓာတ်ဆီ၊ အထွေထွေဆီ၊ ရေနံချေး၊ ဖယောင်း၊ ဖယောင်းတိုင်၊ လယ်ယာကြိတ်ခွဲသီးနှံများဖြစ်သော (ဆန်၊ ကုလားပဲခြမ်း၊ နှမ်းဆီ၊ မြေပဲဆီနှင့် နေကြာဆီ) ထုတ်လုပ်မှုများ တိုးတက်လာခြင်း၊ ပုဂ္ဂလိကပိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းများဖြစ်သော စားသောက်ရေး၊ နေထိုင်ရေး၊ လူသုံးကုန်ပစ္စည်း လုပ်ငန်းများမှ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ မော်တော်ယာဉ်လိုင်း နှင့် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲခဲ့ခြင်းကြောင့် ပုဂ္ဂလိကပို့ဆောင်ရေးမှ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ ပြည်တွင်း၊ ပြည်ပမှ ခရီးသည်ဝင်ရောက်မှု ဦးရေသည် ယခင်နှစ်ကထက် တိုးတက်ခဲ့ပြီး ခရီးသွားလုပ်ငန်းများ၏ ဝန်ဆောင်မှုများနှင့်အခြားဝန်ဆောင်မှု လုပ်ငန်းတို့မှ ဝင်ငွေများ တိုးတက်ခဲ့ပါသည်။ ကုန်သွယ်မှုကဏ္ဍနှင့်ပတ်သက်၍ အသေးစားအလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လျက်ရှိပြီး ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၃၁)

**မကွေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**ပထမ (၆) လပတ်(အောက်တိုဘာလမှမတ်လ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

မကွေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## မကွေးတိုင်းဒေသကြီး၏ နှစ်အလိုက် ပထမ(၆)လပတ်(အောက်တိုဘာလ မှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၃၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်စျေးနှုန်း)




ပုံ(၄-၃၃) တိုးတက်မှုနှုန်း (ပုံမှန်စျေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

မကွေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၃၄)
မကွေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလ မှ မတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်စျေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လတွင် နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ၅၉.၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ စွမ်းအင်ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် နှစ်စဉ်ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ရည်မှန်းချက်အပေါ် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၄၄.၄ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေများကို လိုအပ်သောသီးနှံအလိုက် စပါးသီးနှံတစ်ဧကလျှင် ကျပ် ၁၅၀,၀၀၀ နှင့် ကျန်သီးနှံများအတွက် တစ်ဧက ကျပ် ၁၀၀,၀၀၀ ဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၉,၉၄၀.၃၅ သန်း ထုတ်ချေးနိုင်ခဲ့ပါသည်။ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ၏ စားသောက်ရေး၊ နေထိုင်ရေး၊ လူသုံးကုန် ပစ္စည်းလုပ်ငန်းများတွင် ယခင်နှစ်က လုပ်ငန်းဦးရေ ၂,၇၄၇ ခု မှ ယခုနှစ်တွင် ၂,၈၀၂ ခု ရှိလာသဖြင့်၊ လုပ်ငန်းဦးရေ ၅၅ ခု တိုးတက်ခဲ့ပါသည်။ ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရန်အတွက် ပုဂ္ဂလိကယာဉ်လိုင်းများ ထပ်မံတိုးချဲ့ခဲ့ပါသည်။ ၎င်းယာဉ်လိုင်း အသစ်များမှ မကွေး-ရန်ကုန်၊ မကွေး-ပခုက္ကူ-ဆော၊ မကွေး-ပုသိမ်၊ ပေါက်-မူဆယ် ခရီးစဉ်များ တိုးချဲ့ ပြေးဆွဲခဲ့ပါသည်။ ခရီးစဉ်တိုးချဲ့မှု အနေဖြင့် အောင်ကမ္ဘာ ယာဉ်လိုင်းမှ မကွေး-ပြည်၊ အောင်လံမိုး မော်တော်ယာဉ်လိုင်းမှ သရက်-မန္တလေး-လားရှိုး၊ အောင်သရဖူယာဉ်လိုင်းမှ ဆင်ပေါင်ဝဲ-တောင်တွင်းကြီး-မကွေး၊ ပန်မြန်မာယာဉ်လိုင်းမှ ဆင်ပေါင်ဝဲ-မကွေး-မန္တလေး ခရီးစဉ်တို့ကို တိုးချဲ့ ပြေးဆွဲခဲ့ပါသည်။

စည်ပင်သာယာရေးအဖွဲ့မှ Transformer မီးလိုင်း ၁ ခု၊ ပြင်ဆင်ထိန်း သိမ်းခြင်းလုပ်ငန်း ၁၅ ခု၊ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စု ရန်ပုံငွေဖြင့် တွင်းတိမ် ၁ တွင်း၊ တွင်းနက် ၂ တွင်း၊ မြေသားကန် ၄ တွင်း၊ စိမ့်စမ်းကန် ၃ ခု၊ အခြား ရေ ရရှိရေးလုပ်ငန်း ၂၀ ခု၊ စုစုပေါင်း ၃၀ ခု တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

အကျဉ်းဦးစီးဌာနမှ ပင်မအုတ်ရိုး အောက်ခံ ကျောက်စီခြင်း၊ မကွေးတက္ကသိုလ် ဘက်စုံခန်းမ တွင်(Sound Proof System)နှင့် အပူရှိန်ထိန်းရန် (Aluminium Foil) ထည့်၍ ကျွန်းအလှကာ နံရံတပ်ဆင်ခြင်း၊ ပခုက္ကူတက္ကသိုလ်အရာရှိ နေအိမ်(၁)လုံး၊ မကွေးနည်းပညာတက္ကသိုလ် သုံးထပ် စာသင်ဆောင်နှင့် လေးထပ်ဝန်ထမ်းအိမ်ရာ၊ ကွန်ပျူတာတက္ကသိုလ် ကျောင်းသား/သူ အိပ်ဆောင်နှင့် ဆရာ/မဆောင်၊ အစိုးရစက်မှုလက်မှုသိပ္ပံ RC (၂) ထပ် စာသင်ဆောင်၊ ကျောင်းသား/သူဆောင်နှင့် ဆရာ/မဆောင်၊ အစိုးရနည်းပညာ အထက်တန်းကျောင်း RC (၃) ထပ် စာသင်ဆောင် (၁) လုံး၊ အလုပ်ရုံ Steel Structure (၁) လုံး၊ တိုင်းဒေသကြီးလွှတ်တော်ရုံး ပင်မအဆောက်အဦ ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ဆည်မြောင်းဦးစီးဌာနမှ ရေစကြိုမြို့နယ်တွင် တာတမံများ တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်း၊ မုန်းချောင်းရေလှောင်တမံ၏ ပင်မရေပို့လွှဲ အကြီးစား

ပြုပြင်ခြင်းနှင့် အကူရေပိုလွှဲတည်ဆောက်ခြင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ရေစကြို မြို့နယ်တွင် ဂါလံ ၁၀၀ ဆံ့ မိုးရေခံကွန်ကရစ်ကန် ၅၀ ပြုလုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစီမံချက်အရ ကျေးရွာ ၁၇၂ ရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ(ယူနီဆက်ပူးပေါင်း) နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ထောက်ပံ့ရန်ပုံငွေတို့ဖြင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်အတွင်း ပုဂ္ဂလိကဘဏ် ၅ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ ပါသည်။ နိုင်ငံပိုင်ဘဏ်များ၊ သမဝါယမဘဏ်များ၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် အသေးစား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး အတွက် ချေးငွေများအား တိုးမြှင့်ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်၊ မိုတယ် ၃၈ လုံး၊ တည်းခိုရိပ်သာ ၁၆၈ လုံးဖြင့် ခရီးသွားများ အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်ရန်အတွက် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပခရီးသည် ဝင်ရောက်မှုဦးရေသည် ယခင်နှစ်ကထက် တိုးတက်ခဲ့ပြီး ခရီးသွားလုပ်ငန်း များ၏ ဝန်ဆောင်မှုများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများမှ ဝင်ငွေများလည်း တိုးတက်အောင် ဆောင်ရွက် နိုင်ခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၉)

မန္တလေးတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၁,၈၂၅.၉၅ | ၁၁,၈၂၅.၉၅ |
| ၂ | လူဦးရေ | ဦးရေထောင် | ၆,၃၈၉ | ၆,၄၄၈ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၆,၃၈၁,၃၃၄.၅ | ၇,၀၃၉,၁၆၇.၂ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၇.၀ | ၄.၇ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၁၉.၆ | ၁၈.၉ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၉.၅ | ၃၈.၂ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၀.၉ | ၄၂.၉ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၁,၄၂၁,၄၀၃.၈ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၈.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၇,၀၃၉,၁၆၇.၂ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၆၁.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၄.၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ တို့ဖြစ်ပါသည်။

နံ့စားပြောင်း၊ မတ်ပဲ၊ ထောပတ်ပဲ၊ မြေပဲ၊ ချည်မျှင်ရှည်ဝါ၊ ရှောက်နှင့် အာလူးသီးနှံမှာ ယခင်နှစ်ထက် အထွက်နှုန်းများ တိုးတက်ခဲ့ပါသည်။ စက်မှုလက်မှုကဏ္ဍ၌ ပုဂ္ဂလိကပိုင်အခန်းတွင် ဖျော်ရည်၊ မုန့်မျိုးစုံ၊ ဘီစကစ်၊ ကွန်ကရစ်ခဲတတ်တိုင်များ၊ ပရိဘောဂလုပ်ငန်း၊ ပလပ်စတစ် ပုံနှိပ်လုပ်ငန်းများ၊ ပန်းတိမ်လုပ်ငန်းများ၊ စက်ယန္တရားလုပ်ငန်းများ၊ သတ္တုအရည်ကျိုလုပ်ငန်းများ၊ သံပန်း သံတံခါး လုပ်ငန်းများ၊ ကြေးသွန်းလုပ်ငန်းများ၊ အုတ်လုပ်ငန်းများ၊ စားသောက်ရေးလုပ်ငန်းများ၊ ရိုးရာချည်ထည် ယက်လုပ်မှုလုပ်ငန်းများ၊ ပရိဘောဂအမျိုးမျိုးနှင့် ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ခြင်း၊ ပုဂ္ဂလိကပိုင် ပို့ဆောင်ရေးဝန်ဆောင်မှုများ ပိုမို ကောင်းမွန်လာခြင်းကြောင့် ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

**ပုံ(၄-၃၅)**

**မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူ ကာလများနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## မန္တလေးတိုင်းဒေသကြီး၏ နှစ်အလိုက် ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၃၆) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၃၇) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၃၈)

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလ မှ မတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ၆၁.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် ကုန်သွယ်မှု ကဏ္ဍ တို့သည် နှစ်စဉ်ရည်မှန်းချက်၏ ၆၀ ရာခိုင်နှုန်းကျော်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ လျှပ်စစ် ဓာတ်အားကဏ္ဍ နှင့် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ၄၀ ရာခိုင်နှုန်းကျော်၊ စွမ်းအင်ကဏ္ဍတွင် ၂၄.၉ ရာခိုင်နှုန်း နှင့် ကျန်ကဏ္ဍများတွင် ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။

စိုက်ပျိုးမြေများနှင့် ကျေးရွာများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ဆည်မြောင်းဦးစီးဌာနမှ ဆည်/ ကန်များအား ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်း၊ သဲနုန်းတူးဖော်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ဆည်ကန်ငယ်များပြုပြင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အတွက် ဆည်ကန်များအတွင်း ရေပိုမို သိုလှောင်လာနိုင်ပြီး စိုက်ကေများသို့ ရေပြည့်ဝစွာ ပေးနိုင်ခဲ့ပါသည်။ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ မွေးမြူနည်းစနစ်များ သင်တန်းပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ ကူးစက် ရောဂါကာကွယ်တားဆီးရေး၊ ပညာပေးဆွေးနွေးဟောပြောပွဲများ ဆောင်ရွက်ခြင်းကြောင့် မွေးမြူသူများ အနေဖြင့် အသိပညာများ တိုးတက်ခြင်း၊ တိရစ္ဆာန်ကူးစက် ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းကြောင့် ကူးစက်ရောဂါဖြစ်ပွားမှု လျော့နည်းပြီး အသား ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။

သစ်တောကဏ္ဍတွင် ဖမ်းဆီးရမိသစ် လျော့နည်း၍ လေလံတင် ရောင်းချနိုင်မှု မရှိခြင်းနှင့် သစ်မာ၊ ထင်း၊ ဝါး၊ ကြိမ်၊ လျှော် နှင့် ဓနိသက်ငယ်တို့အစား အခြားအစားထိုး ပစ္စည်းများ သုံးစွဲလာခြင်းတို့ကြောင့် ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ စွမ်းအင်ကဏ္ဍတွင် ညောင်ဦးမြို့နယ် တက်မဒေသမှ ရေနံစိမ်း ပုံမှန်ထွက်ရှိသော်လည်း ကျောက်ပန်းတောင်းမြို့နယ် ငါးသျှန်တောင်ဒေသမှ ရေနံစိမ်းအထွက် လျော့နည်းခဲ့ပါသည်။ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် နိုင်ငံပိုင်အခန်းအနေဖြင့် ကျောက်မာ ထုတ်လုပ်မှုနှင့် အလှဆင်ကျောက်၊ သမဝါယမပိုင်အခန်းတွင် ကျောက်မျက်ရတနာ၊ ပုဂ္ဂလိကပိုင် အခန်းအနေဖြင့် ကျောက်မျက်ရတနာ၊ မာဘယ်ကျောက်တုံး၊ အလှဆင်ကျောက် နှင့် ခရိုမီယမ် သတ္တုရိုင်း စသည့် ထုတ်လုပ်မှုများ လျော့နည်းခြင်း၊ ရမည်းသင်းမြို့နယ်မှ အကြီးစားရွှေ ထုတ်လုပ်မှု ရပ်ဆိုင်း ထားခြင်း တို့ကြောင့် လျော့နည်းခဲ့ပါသည်။

မန္တလေး၊ ပြင်ဦးလွင်နှင့် ပုဂံ၊ ညောင်ဦး ဒေသ တို့သည် ပြည်တွင်းပြည်ပ ခရီးသွားလာမှု များပြား သောမြို့များဖြစ်ပါသည်။ အစီရင်ခံသည့် ကာလအတွင်း ခရီးသည်ဝင်ရောက်မှုမှာ ပြည်တွင်းမှ ၃၆၆,၃၇၈ ဦး၊ ပြည်ပမှ ၂၇၂,၀၉၄ ဦး ဝင်ရောက်ခဲ့ပါသည်။ မှတ်ပုံတင်ထားသည့် ဧည့်လမ်းညွှန် ၈၅၈ ဦး ရှိသဖြင့် ခရီးသွားလာရေးလုပ်ငန်းတွင် များစွာ အထောက်အကူပြုပါသည်။

## မွန်ပြည်နယ်

မွန်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ ၆ လ ( အောက်တိုဘာလ မှ မတ်လ ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၀)

**မွန်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၆ )လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆ )လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၄,၇၄၇.၇၆ | ၄,၇၄၇.၇၆ |
| ၂ | လူဦးရေ | ဦးရေ(ထောင်) | ၂,၀၁၂ | ၂,၀၀၀ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၂,၄၅၂,၁၉၉.၅ | ၂,၇၀၆,၇၁၉.၅ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၄.၃ | ၆.၅ |
| | (ဂ)ဂျီဒီပီတွင်ပါဝင်မှု(%) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၂၇.၆ | ၂၇.၅ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၃၇.၂ | ၃၅.၄ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၅.၂ | ၃၇.၁ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၄,၁၈၈,၂၉၁.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၆.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ်တွင် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂,၇၀၆,၇၁၉.၅ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၆၄.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၆.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

မွန်ပြည်နယ်၏ စီးပွားရေး တိုးတက်မှုကို အဓိက တွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ နှင့် ကုန်သွယ်ရေးကဏ္ဍတို့ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် မော်လမြိုင် စက်မှုဇုန်တွင် ကုန်ထုတ်လုပ်မှု လုပ်ငန်းအုပ်စု (၇) မျိုး၊ လုပ်ငန်းအရေအတွက် (၅၁) ခု ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ မော်လမြိုင်မြို့နယ်တွင် ကုန်စည်ဒိုင်တစ်ခု၊ ရတနာထွန်းပွဲရုံ နယ်မြေတွင် ပွဲရုံ (၇၆) ခု

တို့ဖြင့် ကုန်ပစ္စည်းများကို ရောင်းဝယ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ခရမ်းချဉ်သီး၊ သစ်သီးဖျော်ရည်၊ ငါးနှင့် ရေထွက်ပစ္စည်းများကို ကုန်ချောထုတ်လုပ်ပြီးနိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

မွန်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ် (အောက်တိုဘာလမှ မတ်လ)ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၃၉)**

**မွန်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**ပထမ(၆)လပတ်(အောက်တိုဘာလမှ မတ်လ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး

မွန်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်(အောက်တိုဘာလမှ မတ်လ)ဒေသန္တရစီမံကိန်းအပေါ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူ ကာလများနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## မွန်ပြည်နယ်၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ)
## အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၄၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၄၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး

မွန်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ် (အောက်တိုဘာလမှ မတ်လ) ဒေသန္တရ စီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၄၂)

မွန်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်
ပထမ(၆)လပတ်(အောက်တိုဘာလ မှ မတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မွန်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လတွင် နှစ်စဉ်ဒေသန္တရ စီမံကိန်းအပေါ် ၆၄.၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ တို့တွင် ၇၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ သားငါးကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍ တို့တွင် ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ကဏ္ဍ များတွင် ၄၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

မွန်ပြည်နယ်အတွင်းတွင် ရေလှောင်တမံ ၆ ခု၊ တာတမံ ၁၈ ခု၊ ရေနုတ်မြောင်း ၅၅ ခု ရှိပါ သည်။ ရေလှောင်တမံများမှ လယ်မြေ ၁၉,၆၄၇ ဧက ရေပေးဝေနိုင်ခြင်းနှင့် တာတမံ၊ ရေနုတ်မြောင်းများမှ ရေဘေး ကာကွယ်မှုဧရိယာ ၁၂၉,၃၀၇ ဧက ကိုကာကွယ်ပေးနိုင်ခြင်းတို့ကြောင့် နွေစပါးစိုက်ဧက ၄၅,၇၂၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအထိ နွေစပါး ၂၀,၂၀၉ ဧကကို ရိတ်သိမ်းနိုင်ခဲ့ပါသည်။ စပါးမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် ဆားငန်ဒဏ်ခံစပါးမျိုးများ၊ အရည်အသွေးကောင်းစပါးမျိုးများနှင့် ရေမြုပ်ဒဏ်ခံနိုင်သောစပါးမျိုးများ၊ ဆည်ရေသောက် လယ်စပါးမျိုးများကို စိုက်ပျိုးခဲ့ပါသည်။

ရော်ဘာများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်အတွက် ပင်အိုများနေရာတွင် အထွက်ကောင်း မျိုးသန့်ပင်များဖြင့် အစားထိုးပြန်လည် စိုက်ပျိုးခြင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ရော်ဘာ အထွက်တိုးအောင် ဆောင်ရွက်လျှက်ရှိပါသည်။ ရော်ဘာနှင့် ကြံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စံပြ ကွက်များ ဆောင်ရွက်ခြင်းကို ရော်ဘာသီးနှံ ၆၂ ဧက နှင့် ကြံသီးနှံ ၈ ဧကကို တောင်သူများအား လက်တွေ့ ပြသဆောင်ရွက်လျက်ရှိပါသည်။ ဆောင်းမြေပဲစံပြကွက် ၄၇ ဧက၊ နေကြာသီးနှံ စံပြကွက် ၁၂ ဧက၊ ဆောင်းပဲ မျိုးစုံ စံပြကွက်များကို မတ်ပဲ ၁၀ ဧက၊ ပဲတီစိမ်း ၈၄ ဧက၊ ပဲပုပ် ၁၄၇ ဧက၊ ပဲလွန်း ဧက ၂၀ တို့ကို စိုက်ပျိုး ခဲ့ပြီးဖြစ်ပါသည်။ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမှုတွင် ကျပ်တစ်သိန်းငါးသောင်းနှုန်းဖြင့် စပါး စိုက် ဧရိယာ ၁၈,၁၅၀ ဧကနှင့် ကျပ်တစ်သိန်းနှုန်းဖြင့် ပဲမျိုးစုံစိုက်ဧရိယာ ၃၉,၅၄၀ ဧက၊ တောင်သူဦးရေ ၈,၀၅၃ ဦး တို့အတွက် ကျပ် ၆,၆၇၆.၅၀ သန်း ထုတ်ချေးခဲ့ပြီးဖြစ်ပါသည်။ သစ်တောကဏ္ဍ နိုင်ငံပိုင်အခန်းမှ ကျွန်းနှင့် သစ်မာ ထုတ်လုပ်မှု မရှိခြင်း၊ ပုဂ္ဂလိကပိုင်အခန်းမှ ကျွန်း၊ သစ်မာ၊ ရော်ဘာထင်း၊ မီးသွေး၊ ဝါး၊ သစ်ခေါက် ထုတ်ယူရန် လိုင်စင် လျှောက်ထားမှု နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

စက်မှုလက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်အနေဖြင့် ဇုန်ပြင်ပထုတ်လုပ်မှုများအနေဖြင့် ပွင့်လင်း ရာသီဖြစ်၍ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သော လက်အုတ်/စက်အုတ်၊ ဘိလပ်မြေ၊ အိမ်တိုင်ကွန်ကရစ်ဖိနပ်၊ သောက်ရေသန့်နှင့်ရေခဲလုပ်ငန်း၊ ဝပ်ရှော့လုပ်ငန်း၊ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း၊ ဘုရားဖူးရာသီဖြစ်ခြင်းကြောင့် ဝါးနှင့် ဆက်နွယ်သည့်ပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းတို့မှ ဝင်ငွေများ ပိုမိုရရှိလာခဲ့ခြင်းကြောင့် ယခင်နှစ်ထက် တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်အခန်းဆောက်လုပ်မှုတွင် လမ်းဦးစီးဌာနက ကျိုက်ထိုမြို့ရှောင်လမ်း၊ ဘီးလင်း-ဇုတ်သုတ်- ဝင်းက – ယက္ကန်းသည်မ – ကျိုက်ထိုလမ်း၊ သံဖြူဇရပ် – ကျိုက္ခမီလမ်း၊ ဘုရားကြီး – မော်လမြိုင် – ထားဝယ် – မြိတ် – ဘုတ်ပြင်း – ကော့သောင်းလမ်း၊ မော်လမြိုင် (ဟသ်ာအဝိုင်း) – ကျိုက်မရောလမ်း၊ ချောင်းဆုံ – မုရစ်ကလေး – ကမာကေးလမ်း၊ ချောင်းဆုံ – သင်္ကော – မုဒ္ဒန်းဒေါင်းဥလမ်းတို့ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်း၊တံတားဦးစီးဌာနမှ ကျိုက်မရောမြို့နယ်တွင် စံပယ်ဂူတံတား တည်ဆောက်ခြင်း၊ ပေါင်မြို့နယ် လမ်းဦးစီးဌာနရုံး ဆောက်လုပ်ခြင်း၊ ကွန်ပျူတာတက္ကသိုလ် မှ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဆံ့ အိပ်ဆောင်နှင့် ၄ ခန်းတွဲ ဆရာ/ဆရာမဆောင်အတွက် ပြင်ပရေ ၄” အဝီစိတွင်း တူးဖော်ခြင်းနှင့် ဂါလံ ၁,၂၀၀ ဆံ့ မြေအောက်ရေလှောင်ကန်ဆောက်လုပ်ခြင်း၊ တရားလွှတ်တော်ရုံး ဆောက်လုပ်ခြင်း၊ မော်လမြိုင်တက္ကသိုလ် ဆရာ/ဆရာမနေအိမ် ဆောက်လုပ်ခြင်း၊ အမှတ် ၃ အကြီးစား စက်မှုလုပ်ငန်း Raw Salt Storage(B) ဆောက်လုပ်ခြင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သထုံခရိုင်ရုံး ခြံစည်းရိုးကာရံခြင်း၊ ဆည်မြောင်း တာတမံများ ပြုပြင်ထိန်းသိမ်းခြင်း နှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကပိုင် အခန်းတွင် ရေးမြို့နယ်တွင် ဝဥစက်ရုံနှင့် ရော်ဘာသစ်ခွဲသား သစ်ပါးလွှာစက်ရုံ အဆောက်အဦ ဆောက်လုပ်ခြင်း၊ မုဒုံမြို့နယ်တွင် Neo World အပန်းဖြေမှုလုပ်ငန်း၊ မော်လမြိုင်မြို့နယ်တွင် ရေလှိုင်းတု ရေကူးကန်ဆောက်လုပ်ခြင်း စသည်တို့ကို ဆောက်လုပ်နိုင် ခဲ့ပါသည်။

သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် ခရီးသည်မိုင်နှင့်ကုန်စည်တင်ပို့ခြင်းများ များပြားလာခြင်း၊ ခရီးသွားလာမှုများပြားခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းများ ယခင်နှစ်ထက် တိုးတက်ခဲ့ရခြင်း ဖြစ်ပါသည်။ ဟိုတယ် ၅၈ လုံး၊ တည်းခိုခန်း ၁၇၆ ခု တို့ဖြင့် ခရီးသွားများအား ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

ပုဂ္ဂလိကပိုင်အခန်းငွေကြေးဝန်ဆောင်မှုတွင် ပြည်နယ် အတွင်းရှိ ပုဂ္ဂလိကဘဏ်ခွဲ ၅၀ ခုတို့၏ အတိုးရငွေများ၊ ငွေလွှဲခရငွေများ ပိုမိုခဲ့ခြင်းနှင့် Microfinance ၂၄ ဖွဲ့မှ အဖွဲ့ခွဲများသည် နယ်မြေတိုးချဲ့၍ အသင်းအသစ်များတိုးချဲ့ဖွဲ့စည်းခြင်း၊ အသင်းသားများတိုးလာခြင်းတို့ကြောင့် အသင်းဝင်ကြေး ပိုမိုရရှိလာခြင်း၊ အသင်းမှ ပို၍ငွေထုတ်ချေးပေးနိုင်ခဲ့ပါသည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်(အောက်တိုဘာလမှ မတ်လ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၁)

ရခိုင်ပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၁၄,၂၀၀.၀၈ | ၁၄,၂၀၀.၀၈ |
| ၂ | လူဦးရေ | ဦးရေထောင် | ၃,၃၀၀ | ၃,၃၁၇ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၂,၆၄၈,၆၈၃.၀ | ၂,၈၇၉,၈၃၄.၁ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၇.၈ | (-) ၁.၈ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၁၈.၃ | ၁၉.၅ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၄၂.၈ | ၄၁.၂ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၈.၉ | ၃၉.၃ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၄,၄၃၁,၂၉၈.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၂.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂,၈၇၉,၈၃၄.၁ သန်း ရရှိခဲ့သဖြင့် နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ၆၅.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၁.၈ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

ရခိုင်ပြည်နယ်၏ စီးပွားရေး တိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် မွေးမြူသူ

ဦးရေနှင့် မွေးမြူသည့်ကောင်ရေ၊ တိရစ္ဆာန်အမျိုးအစားအလိုက် တိုးတက်လာခြင်း၊ မွေးမြူရေးပုစွန်နှင့် ရေငန်ငါးထုတ်လုပ်မှုတွင် သဘာဝသားပေါက် ဝင်ရောက်လာခြင်းကို တာရိုးဆည်ဖို့ ပိတ်လှောင် မွေးမြူသည့်စနစ် (Trap and Hold)မှ သားပေါက် ထည့်သွင်းမွေးမြူသည့်စနစ် (Extensive Plus System)သို့ အသွင်ပြောင်းလဲ မွေးမြူလာခြင်း၊ ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှု တိုးတက်လာခြင်းနှင့် ပုဂ္ဂလိကပိုင် ပို့ဆောင်ရေးလုပ်ငန်းမှ ဝင်ငွေများ၊ ဆိပ်ကမ်းဝင်ငွေများ ပိုမိုရရှိခဲ့ပါသည်။

ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၄၃)

**ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်**
**(အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**
**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး

ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တို ဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူ ကာလ များနှင့် နှိုင်းယှဉ် ဖော်ပြအပ်ပါသည်-

## ရခိုင်ပြည်နယ်၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၄၄) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၄၅) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး

ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၄၆)

### ရခိုင်ပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလ မှ မတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လတွင် ၆၅.၀ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ လယ်ယာကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍတို့သည် နှစ်စဉ်စီမံကိန်းရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော်နှင့် ကျန်ကဏ္ဍများသည် ၄၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

မွေးမြူရေးပုစွန်နှင့် ရေငန်ငါးထုတ်လုပ်မှု တိုးတက်လာရခြင်းမှာ သဘာဝ သားပေါက်ဝင်ရောက်လာခြင်းကို တာရိုးဆည်ဖို့ ပိတ်လှောင်မွေးမြူသည့်စနစ်(Trap and Hold)မှ သားပေါက် ထည့်သွင်းမွေးမြူသည့်စနစ် (Extensive Plus System) သို့ အသွင်ပြောင်းလဲ မွေးမြူလာခြင်းတို့ကြောင့် ဖြစ်ပါသည်။ စီးပွားဖြစ်မွေးမြူရာတွင် မွေးမြူရေး နည်းပညာ တိုးတက်ပြန့်ပွားလာစေရေး ဦးတည်ဆောင်ရွက်လျက် မွေးမြူသူဦးရေနှင့်မွေးမြူသည့်ကောင်ရေ တိရစ္ဆာန်အမျိုးအစားအလိုက်တိုးတက်လာစေရေး၊ ကျန်းမာရေးဆိုင်ရာ ကာကွယ်ကုသခြင်း၊ တိရစ္ဆာန် ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အခွန်ဝင်ငွေရရှိရေးအတွက် သစ်တောထွက်ပစ္စည်းများ၏ အခွန်လျာထားချက် ကျပ် ၂,၇၅.၀ သန်းအနက် ပထမ (၆)လပတ်ကုန်အထိ ကျပ် ၂,၃၅.၁ သန်း ရရှိခဲ့သဖြင့် လျာထားချက်အပေါ် ၈၅.၅ ရာခိုင်နှုန်း ကောက်ခံရရှိပြီး ဖြစ်ပါသည်။

ကမ်းလွန်သဘာဝဓါတ်ငွေ့နှင့် ပတ်သက်သည့် ထုတ်လုပ်မှုတွင် အလားတူကာလထက် ကုဗပေ သန်းပေါင်း ၁၉,၃၇၉.၅၉၄ လျော့နည်းခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့်ပတ်သက်၍ မြို့နယ်များတွင် လျှပ်စစ်မီးသုံးစွဲသူဦးရေ များပြားလာခြင်း၊ ဓာတ်အားရောင်းချယူနှစ်၊ ကောက်ခံရငွေများတိုးလာခြင်း၊ ဓာတ်အားလိုင်းမရရှိသေးသော ကျေးရွာများတွင် ဆိုလာမီးသုံးစွဲခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများမှလည်း ဒီဇယ်ဖြင့် အချိန်ပိုင်းမီးပေးဝေခြင်းနှင့် ထရန်စဖော်မာများ ပိုမိုတပ်ဆင်လာနိုင်ခဲ့ခြင်းတို့ကြောင့် အလားတူကာလထက် ကီလိုဝပ်နာရီ ထောင်ပေါင်း ၂၃,၆၀၂ တိုးတက်ပါသည်။

ဆောက်လုပ်မှုတွင် တင်ဒါခေါ်ယူပြီး လုပ်ငန်းများ စတင်လုပ်ဆောင်ဆဲကာလ ဖြစ်သောကြောင့် အလားတူကာလထက် လျော့နည်းရခြင်းဖြစ်ပါသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စစ်တွေခရိုင်တွင် ရေငန်တားတာ ကွန်ကရစ်ရေတံခါးပေါက်နှင့် လျှိုပိတ်ဆည် တည်ဆောက်ခြင်း၊ ကျောက်တော်မြို့နယ် ပြင်းချောင်းရေလှောင်တမံရှိ ဆည်အဝင်အထွက်လမ်းနှင့် လယ်သမားတာ (ကာရီ) တမံ တည်ဆောက်ခြင်းလုပ်ငန်းများကို စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် ပုဏ္ဏားကျွန်းမြို့နယ် ပြင်းလျားရှည်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသွယ်များ တည်ဆောက်ခြင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် ဆည်မြောင်း

တာတမံများ တည်ဆောက် ပြုပြင်ခြင်း၊ မြို့နယ်အတွင်း ပုဂ္ဂလိက အကြီးစားဆန်စက်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ သံတွဲမြို့နယ်တွင် UNDP အထောက်အပံ့ဖြင့် လမ်းတံခွန်တိုင်-ဘိုးဝကုန်း-ဂုံမင်းချောင်း -တောင်ပေါက်-မြေပြင်လမ်း တည်ဆောက်ခြင်း၊ ကွေ့ချောင်း-ဆိပ်ကြီးတံတား တည်ဆောက်ခြင်း၊ မျှားချောင်းစာသင်ကျောင်း တည်ဆောက်ခြင်း၊ ကိုယ်ထူကိုယ်ထဆည်များ ပြုပြင်ဆည်ဖို့ခြင်း၊ ဂွမြို့နယ်ရှိ ရဟိုင်းဖျားကျေးရွာ၊ ရေဦးကွင်းကျေးရွာ၊ ဗောဓိကျေးရွာ၊ မြတွေ့ကျေးရွာတို့တွင် စိမ့်စမ်းရေသွယ်တန်း ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမငွေစုငွေချေးလုပ်ငန်းများမှ ချေးငွေများကို ထုတ်ချေးပေးခြင်း၊ ပုဂ္ဂလိကဘဏ်များ ပိုမိုများပြားလာခြင်း၊ Mobile Banking စနစ်ဖြင့် ဘဏ်လုပ်ငန်းများ၊ ငွေလွှဲလုပ်ငန်းများ ပိုမိုတိုးတက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အခြားဝန်ဆောင်မှုလုပ်ငန်းများမှလည်း ဝင်ငွေများ တိုးတက်ရရှိခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ)ဆိပ်ကမ်းများမှ ပို့ကုန် မက်ထရစ်တန် ၄၂,၃၄၅ နှင့် သွင်းကုန်မက်ထရစ်တန် ၂၇၅,၃၉၄ များမှ ဝင်ငွေများ ရရှိခဲ့ပါသည်။ ပို့ကုန်အနေဖြင့် စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများတင်ပို့နိုင်ခဲ့ပြီး၊ သွင်းကုန်အနေဖြင့် လုပ်ငန်းခွင်သုံးကုန်ကြမ်းများ၊ ရေရှည်သုံး ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ တင်သွင်းနိုင်ခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၂)

ရန်ကုန်တိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၃,၉၆၇.၈၆ | ၃,၉၆၇.၈၆ |
| ၂ | လူဦးရေ | ဦးရေထောင် | ၇,၉၃၇ | ၈,၁၁၄ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁၄,၆၃၇,၄၅၅.၆ | ၁၇,၁၂၂,၁၈၄.၅ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၁၀.၆ | ၁၁.၀ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၅.၂ | ၄.၇ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၅၀.၂ | ၅၀.၃ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၄၄.၆ | ၄၄.၉ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီး ၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၂၇,၁၄၂,၉၀၇.၄ သန်း အကောင်အထည် ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၉.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၇,၁၂၂,၁၈၄.၅ သန်း ရရှိခဲ့သဖြင့် ဒေသန္တရစီမံကိန်းအပေါ် ၆၃.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၁၁.၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ နှင့် ကုန်သွယ်မှုကဏ္ဍများ ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် စက်မှုဇုန်များမှ ဖျော်လွယ်ကော်ဖီလုပ်ငန်း၊ ခေါက်ဆွဲခြောက်(အသင့်စား)လုပ်ငန်း၊ အသင့်ချုပ်ပြီး

အထည်လုပ်ငန်း၊ စက်မှုဇုန်ပြင်ပတွင် ငါးပိငါးခြောက်လုပ်ငန်း၊ သောက်ရေသန့်လုပ်ငန်း၊ အပ်ထည်ချုပ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ပို့ဆောင်ရေးကဏ္ဍတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းစနစ် Yangon Bus Service (YBS)ကိုယာဉ်လိုင်းပေါင်း ၁၀၀ ခန့်၊ ယာဉ်စီးရေ ၆,၆၀၀ ကျော်တို့ဖြင့် တစ်ရက်ပျမ်းမျှ ခရီးသည် ၁.၈၉ သန်းခန့်အား ပို့ဆောင်ပေးလျက်ရှိပြီး ရန်ကုန်မြစ်ကြောင်းတစ်လျှောက် Yangon Water Bus ကို ဗိုလ်တထောင်မှ အင်းစိန်အထိ ပြေးဆွဲပေးလျက်ရှိပါသည်။ International Gateway ဒေသဖြစ်၍ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းလမ်းဆုံတွင်တည်ရှိပြီး လက်လီလက္ကား ကုန်စည်ဒိုင်ကြီးများ ဖွင့်လှစ်ထားရှိခြင်းကြောင့် အနယ်နယ် အရပ်ရပ်နှင့် ပြည်ပနိုင်ငံများသို့ ကူးသန်းရောင်းဝယ်ဖောက်ကားနိုင်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် ဖြေလျှော့မှုများ ရှိလာခြင်းတို့ကြောင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၅၇)

**ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်စျေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူ ကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ရန်ကုန်တိုင်းဒေသကြီး၏ နှစ်အလိုက် ပထမ(၆)လပတ်(အောက်တိုဘာလ မှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်း အခြေအနေ

ပုံ(၄-၄၈) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၄၉) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၅၀)

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလ မှ မတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လတွင် နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ၆၃.၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ နှင့် စွမ်းအင်ကဏ္ဍ တို့တွင် ရည်မှန်းချက်၏ ၈၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ သားငါးကဏ္ဍ၊ စက်မှု လက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် နှစ်စဉ်ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ကာ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ရည်မှန်းချက်အပေါ် ၂၇.၃ ရာခိုင် နှုန်း သာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် ဆောင်းသီးနှံနှင့် မိုးကြိုသီးနှံချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့ပါ သည်။ မြို့နယ်(၆) မြို့နယ်ရှိ တောင်သူ(၅၂)ဦးသို့ JICA Two Step Loan ဖွံ့ဖြိုးရေး ချေးငွေဖြင့် လယ်ယာသုံးစက်ကိရိယာဝယ်ယူရန်အတွက် (၅)နှစ် သက်တမ်းဖြင့် (၅)ရစ် ထုတ်ချေးပေးနိုင်ခဲ့ပါသည်။ စက်မှုလက်မှုကဏ္ဍတွင် လုပ်ငန်းဦးရေ ၇,၂၂၃ ခု မှတ်ပုံတင်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလထက် လုပ်ငန်း အရေအတွက် ၃၃၁ ခု တိုးတက်ခဲ့ပါသည်။ သီလဝါ အထူးစီးပွားရေးဇုန်တွင် စီးပွားဖြစ် လုပ်ငန်းစတင် လည်ပတ်လုပ်ကိုင်ခွင့် ခွင့်ပြုမိန့် ၇၁ ခု ထုတ်ပေးပြီး ဖြစ်၍ အမြဲတမ်းအလုပ်သမား ၇,၉၈၀ ဦးခန့်ထားနိုင်ခဲ့ပါသည်။ ရွာပေါင်း ၁,၃၆၃ ရွာတွင် လျှပ်စစ်မီး ရရှိပြီဖြစ်ပါသည်။ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းမတော်မြို့နယ်၊ လမ်းသစ်အိမ်ရာစခန်းရှိ (၆)ခန်းတွဲ(၄)ထပ် အဆောက်အဦဟောင်း (၁၁) လုံးအား Re-development စီမံကိန်း ဆောင်ရွက်ရန် အဆောက်အဦဟောင်းများအား ဖြိုဖျက်ပြီးစီးပြီဖြစ်၍ တည်ဆောက်ရေး လုပ်ငန်းများအား စတင် ဆောင်ရွက်လျက် ရှိပါသည်။

အဆင့်မြင့်အိမ်ရာစီမံကိန်းများအနေဖြင့် Y (Yangon)Complex Project ကို ဒဂုံမြို့နယ်အတွင်း မြေဧရိယာ ၉ ဧက (၁၆၀၀၀ စတုရန်းမီတာ) ပေါ်တွင် ဂျပန်-မြန်မာ ဖက်စပ်ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် ပြီးစီးရန် ရည်မှန်းထားပါသည်။ သာကေတမြို့နယ်တွင် တက်လမ်း ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ နှင့် စင်ကာပူနိုင်ငံမှ Golden Paragon ကုမ္ပဏီ တို့၏ ရင်းနှီးမြှုပ်နှံမှုဖြင့် Emerald Bay အဆင့်မြင့်အိမ်ရာစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင်ပြီးစီးရန်လျာထားပါသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် ရန်ကုန် - ဒလ ဆက်သွယ်မည့် ကိုးရီးယား - မြန်မာ ချစ်ကြည်ရေးတံတားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ပန္နက်ချခဲ့ပြီး ယင်းစီမံကိန်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်-မိုးပျံအမြန်လမ်းစီမံကိန်း(Yangon Elevated Expressway Project) ကို၂၀၁၉ ခုနှစ်မှစ၍ (၃)နှစ်အတွင်းအပြီးတည်ဆောက်ရန် ရည်မှန်း ဆောင်ရွက်

လျက်ရှိပါသည်။ ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) Fly Over Bridge ကိုလေးလမ်းသွား Cable Stayed တံတားအဖြစ် အဆင့် ၃ ဆင့်ခွဲခြားကာ JICA မှ တစ်ပြိုင်နက် တည်ဆောက်မည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် လုပ်ငန်းပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။

ခရီးသွားလုပ်ငန်းတွင် နိုင်ငံခြားခရီးသွားဧည့်သည်ဦးရေ ၇၁၂,၂၂၃ ဦးဝင်ရောက်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၈၃ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၁၀ ခု ကိုခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၅၀,၂၈၂ နေရာဖန်တီးပေးနိုင်ခဲ့ပါသည်။မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် တစ်ရွာလျှင် ကျပ်သန်း ၃၀ နှုန်းဖြင့် ကျေးရွာ ၃၁၉ ရွာအနက် ၃၀၆ ရွာ၌ အရင်းမပျောက် လည်ပတ် ရန်ပုံငွေ မတည်ပေးနိုင်ခဲ့ပါသည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ် (အောက်တိုဘာလ မှမတ်လ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၃)

ရှမ်းပြည်နယ်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေးအခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အဝန်း | စတုရန်းမိုင် | ၆၀,၁၅၅.၂၃ | ၆၀,၁၅၅.၂၃ |
| ၂ | လူဦးရေ | ဦးရေထောင် | ၆,၁၈၉ | ၆,၂၈၄ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၃,၄၆၅,၄၁၄.၅ | ၃,၇၅၃,၉၆၄.၂ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၅.၃ | ၃.၈ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၂.၄ | ၃၀.၃ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၈.၅ | ၂၇.၇ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၃၉.၁ | ၄၂.၀ |

ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင်ရှမ်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၆,၁၈၅,၃၉၂.၂ သန်း အကောင်အထည်ဖော်ရန် နှင့်ပုံမှန်ဈေးနှုန်းများအရ ၇.၅ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လတွင် စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၃,၇၅၃,၉၆၄.၂ သန်းရရှိခဲ့သဖြင့် ဒေသန္တရ စီမံကိန်းအပေါ် ၆၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၃.၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ရှမ်းပြည်နယ်၏ စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍများ ဖြစ်ပါသည်။

အစီရင်ခံသည့်ကာလတွင် အသားနှင့်ငါးဖူလုံစေရန်အတွက် မွေးမြူရေးလုပ်ငန်းများ၊ နို့ထွက်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်ငါးများ မွေးမြူနိုင်ခြင်း၊ စားသောက်ကုန်လုပ်ငန်းများ၊ ဝတ်ဆင်ရေးလုပ်ငန်းများ၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲနိုင်ခဲ့ခြင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်ခြင်းနှင့် ပို့ကုန်၊ သွင်းကုန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလ မှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

**ပုံ(၄-၅၁)**

**ရှမ်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ်**

**ပထမ(၆)လပတ် (အောက်တိုဘာလ မှ မတ်လ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး

ရှမ်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလ မှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ရှမ်းပြည်နယ်၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလ မှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၅၂) အကောင်အထည်ဖော်နိုင်မှု (နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၅၃) တိုးတက်မှုနှုန်း (ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး

ရှမ်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလ မှ မတ်လ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှု တန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၅၄)

ရှမ်းပြည်နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လတွင် ၆၀.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက် ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် နှစ်စဉ်ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ရည်မှန်းချက်အပေါ် သားငါးကဏ္ဍတွင် ၄၉.၀ ရာခိုင်နှုန်း၊ ဆက်သွယ်ရေး ကဏ္ဍတွင် ၃၇.၈ ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍတွင် ၄၉.၀ ရာခိုင်နှုန်းနှင့် အခြားဝန်ဆောင်မှု ကဏ္ဍတွင် ၄၉.၆ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

တောင်သူလယ်သမားများ ဝင်ငွေပိုမိုတိုးတက်ရရှိစေရန် ဆီဆိုင်မြို့နယ်တွင် ဧက ၂၀၀ နှင့် မိုးမိတ် မြို့နယ်တွင် ဧက ၂၅၀၊ စုစုပေါင်း ၄၅၀ ဧက ကို စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေအဖြစ် ဖော်ထုတ် နိုင်ခဲ့ပါသည်။ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော သီးနှံအလိုက် ချေးငွေများကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ မတ်လကုန်အထိ စပါး ၄၈,၇၃၈ ဧကအတွက် ကျပ် ၆,၈၁၀ သန်း၊ ပဲတီစိမ်း ၁၄၁ ဧကအတွက် ကျပ် ၁၃.၄ သန်း၊ နှမ်း ၉၄၃ ဧကအတွက် ကျပ် ၉၈.၈ သန်း၊ မြေပဲ ၅၃၄ ဧက အတွက် ကျပ် ၂၉.၂ သန်း၊ ပဲပုတ် ၆၄၉ ဧကအတွက် ကျပ် ၄၅.၈ သန်း၊ ပဲစဉ်းငုံ ၂၂၇ ဧကအတွက် ကျပ် ၁၅.၁ သန်း၊ စုစုပေါင်းသီးနှံ ၅၁,၂၃၂ ဧကအတွက် ကျပ် ၇,၀၁၂.၃ သန်းထုတ်ချေးနိုင်ခဲ့ပါသည်။

ဒေသနေပြည်သူများ အသားနှင့်ငါးဖူလုံစေရန်အတွက် မွေးမြူရေးလုပ်ငန်းများ၊ နို့ထွက်ပစ္စည်းများ တိုးချဲ့ထုတ်လုပ်နိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်ငါးများ မွေးမြူနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ မွေးမြူရေးဇုန်များ တည်ထောင်ထားရှိခြင်းကြောင့် တိုင်းဒေသကြီး/ပြည်နယ်များဖြစ်သည့် ရန်ကုန်၊ မကွေး၊ မန္တလေး၊ ပဲခူး၊ ရခိုင်၊ မွန်၊ ကယား၊ နေပြည်တော်သို့ တစ်ရက်လျှင် ကြက်ဥအလုံးရေ ၆၀၀,၀၀၀ ကျော်ခန့် တင်ပို့ပေးနိုင်ခဲ့ပါသည်။

အသားထုတ်လုပ်မှုနှင့် နို့ထွက်ပစ္စည်းများတိုးတက်စေရန်၊ သဘာဝလွှတ်ကျောင်းစနစ် လျှော့ချ နိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် မျိုးကောင်းမျိုးသန့် စားကျက်မြက် (မွန်ဘားဆား မြက်မျိုးစေ့) ၂ ကီလိုစီကို တောင်ကြီး၊ ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုံး၊ လွိုင်လင်၊ လင်းခေး၊ မိုးနဲ၊ ကျောက်မဲ၊ လားရှိုး၊ နောင်ချို၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ မိုးမိတ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မက်မန်းမြို့နယ်များသို့ ဖြန့်ဖြူး ပေးနိုင်ခဲ့ပါသည်။ မင်းဂနီးဒိုင်အောက်ဆိုဒ်၊ ကျောက်မီးသွေး၊ သွပ်နှင့် ရောရာသတ္တုရိုင်းစသည့် တွင်းထွက် ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။

စားသောက်ကုန်လုပ်ငန်းများဖြစ်သော(ခေါက်ဆွဲခြောက်၊ ဆန်ခေါက်ဆွဲ၊ ဘီစကစ်နှင့်အခြားမုန့် ဆီတိုဟူး၊ မုန်ညှင်းချဉ်၊ ပရဆေး၊ ဝိုင်ထုတ်လုပ်မှု၊ ရေခဲချောင်း၊ သောက်ရေသန့်)၊ ဝတ်ဆင်ရေးလုပ်ငန်းများ ဖြစ်သော (သားရေဂျာကင်၊ ဖိနပ်၊ ရိုးရာဝတ်စုံလုပ်ငန်းများ)၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်းများဖြစ်သော (အုတ်ဘလောက်၊ ဘိလပ်မြေ၊ ဝါးထရံ၊ ဝါးကပ်လုပ်ငန်းများ)၊ လူသုံးကုန်ပစ္စည်းများဖြစ်သော (ပလပ်စတစ်

အမျိုးမျိုးနှင့် ဝါးခမောက်လုပ်ငန်းများ၊ ပရိဘောဂလုပ်ငန်းများ၊ ခရမ့်ရော်ဘာ၊ သစ်သီးခြင်း၊ ပလပ်စတစ်လိပ်၊ သစ်သီးဖျော်စွပ်၊ သစ်သီးစက္ကူ(အိတ်)စသည့် အမယ်သစ်များ ထုတ်လုပ်နိုင်ခဲ့ပါသည်။ အကြီးစား စက်မှုလုပ်ငန်း ၂၁ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၁၀၂ ခုနှင့် အသေးစားစက်မှုလုပ်ငန်း ၁၁၈ ခု၊ စုစုပေါင်း လုပ်ငန်း ၂၄၁ ခုကို စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်အတွင်း ကျေးရွာမီးလင်းရေးလုပ်ငန်း ၃၉၆ ခု၊ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉၇ ခုနှင့် အစားထိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇၆ ခု၊ စုစုပေါင်းလုပ်ငန်း ၇၆၉ ခုကို ကျပ် ၇၁,၄၀၈.၈၄၉ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားရှိပြီး၊ မတ်လကုန်အထိ ကျပ် ၆၁၁.၂၂၅ သန်းကို သုံးစွဲဆောင်ရွက်ပြီး ဖြစ်ပါသည်။

လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လမ်းများအဆင့်မြှင့်တင်ခြင်း၊ မိတ္ထီလာ၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်လမ်းများ တည်ဆောက်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိက မော်တော်ယာဉ်လိုင်းသစ်များ၊ ခရီးစဉ်သစ်များကို တိုးချဲ့ပြေးဆွဲနိုင်ခဲ့ပါသည်။ ညောင်ရွှေမြို့နှင့်ဖယ်ခုံမြို့တို့၏ ရေယာဉ်ပို့ဆောင်ခြင်းတွင် ဝင်ငွေများတိုးတက်လာခဲ့ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများမှ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ အပြိုင်အဆိုင် အားကောင်းလာခြင်းကြောင့် ဝင်ငွေများ တိုးတက်ခဲ့ပါသည်။

နိုင်ငံပိုင်အခန်းတွင် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းမှ ဝင်ငွေများတိုးလာခြင်း၊ သမဝါယမပိုင်အခန်းတွင် ဝင်ငွေများတိုးတက်လာခြင်း၊ သမဝါယမဘဏ်(ညောင်ရွှေမြို့နယ်)မှ အတိုးဝင်ငွေများနှင့် ပုဂ္ဂလိကပိုင်ဘဏ်များဖြစ်သော အင်းဝဘဏ်၊ ရောဝတီဘဏ်၊ ရှေ့ဆောင်ဘဏ်နှင့် မြစိမ်းရောင်ချေးငွေ၏ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းမှ ဝင်ငွေများ တိုးတက်လာခြင်း၊ အွန်လိုင်းစနစ်မှ ပစ္စည်းရောင်းဝယ်မှု များလာသဖြင့် ငွေလွှဲခ ပို့ခများ ပိုမိုရရှိခဲ့ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လူငယ်သင်တန်းကျောင်းဖွင့်လှစ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပုဂ္ဂလိကပိုင်အခန်းတွင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အဆောက်အဦငှားရမ်းခများ၊ ဟိုတယ်၊ တည်းခိုခန်းများ၏ ဝင်ငွေများ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အကြိမ် ၂၀ နှင့် သင်တန်းသားဦးရေ ၁,၂၉၀ ဦးကို သင်ကြားပေးနိုင်ခဲ့ပါသည်။ ပြည်တွင်းခရီးသွား စုစုပေါင်း ၄၃၄,၃၃၀ ဦးနှင့် ပြည်ပခရီးသွား ၂၂၃,၃၁၅ ဦး ဝင်ရောက်ခဲ့ပါသည်။

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ပို့ကုန်ပမာဏအမေရိကန်ဒေါ်လာ ၁,၅၇၃.၆၆၅ သန်းနှင့် သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၈၆၃.၃၅၁ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ

၂,၄၃၇.၀၁၆ သန်းကို ဆောင်ရွက်နိုင်ခဲ့သည်။ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၇.၃၅၆ သန်းနှင့် သွင်းကုန်ပမာဏအမေရိကန်ဒေါ်လာ ၂၉.၈၆၅ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၇.၂၂၁ သန်း ရရှိခဲ့ပါသည်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂၈၅.၃၈၂ သန်းနှင့် သွင်းကုန်ပမာဏအမေရိကန်ဒေါ်လာ ၂၆.၇၂၀ သန်း၊ စုစုပေါင်းကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၃၁၂.၁၀၂ သန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

**ရော၀တီတိုင်းဒေသကြီး**

ရော၀တီတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် (အောက်တိုဘာလ မှ မတ်လ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၄)

**ရော၀တီတိုင်းဒေသကြီး၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေး အခြေအနေများ**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ(၆)လပတ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာအကျယ်အ၀န်း | စတုရန်းမိုင် | ၁၃,၅၂၅.၈၈ | ၁၃,၅၂၅.၈၈ |
| ၂ | လူဦးရေ | ဦးရေထောင် | ၆,၂၇၁ | ၆,၂၇၃ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၆,၄၂၉,၁၄၁.၄ | ၇,၁၈၁,၆၅၃.၄ |
| | (ခ) ဂျီဒီပီ တိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၄.၆ | ၅.၄ |
| | (ဂ) ဂျီဒီပီတွင်ပါ၀င်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၃၇.၃ | ၃၅.၀ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၇.၇ | ၂၉.၉ |
| | (၃) ၀န်ဆောင်မှု | ရာခိုင်နှုန်း | ၃၅.၀ | ၃၅.၁ |

ဇာစ်မြစ်။ သက်ဆိုင်ရာ၀န်ကြီးဌာနများနှင့် ရော၀တီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ရော၀တီတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ၀န်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁၁,၅၈၃,၁၆၀.၆ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၆.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ၀န်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၇,၁၈၁,၆၅၃.၄ သန်း ရရှိခဲ့သဖြင့်ဒေသန္တရစီမံကိန်းအပေါ် ၆၃.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ၅.၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ရော၀တီတိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့်ကဏ္ဍများမှာ လယ်ယာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍ တို့ဖြစ်ပါသည်။ အစီရင်ခံသည့်ကာလတွင် လယ်ယာကဏ္ဍ မိုးစပါးထွက်ရှိမှုနှင့် နွေစပါးစိုက်ဧကများ ယခင်နှစ်

ထက်တိုးလာခြင်း၊ ကုန်းတွင်းသဘာဝဓာတ်ငွေ့နှင့် ကမ်းလွန်သဘာဝဓါတ်ငွေ့ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။ စက်မှုလက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှု တိုးလာခြင်းကြောင့်ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

**ပုံ(၄-၅၅)**

**ရောဝတီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရောဝတီတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး

ရောဝတီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကို ယခင်အလားတူကာလများနှင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ရာဝတီတိုင်းဒေသကြီး၏ နှစ်အလိုက် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၅၆) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၅၇) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရာဝတီတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး

ရာဝတီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ) ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၅၈)

ရာဝတီတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆)လပတ်(အောက်တိုဘာလ မှ မတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရာဝတီတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ နှစ်စဉ်ဒေသန္တရစီမံကိန်းအပေါ် ပထမ(၆) လပတ် (အောက်တိုဘာမှမတ်လ) ၆၃.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဓိကအားဖြင့် လယ်ယာကဏ္ဍတွင် ရည်မှန်းချက်အပေါ် ၈၃.၅ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပြီး သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် နှစ်စဉ်ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ကျန်ကဏ္ဍများမှာ ရည်မှန်းချက်အပေါ် ၄၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် သီးနှံစုံစုစုပေါင်း စိုက်ဧက ၈၂.၃၄ သိန်းစိုက်ပျိုးရန် ရည်မှန်းထားရာ အစီရင်ခံသည့်ကာလတွင် သီးနှံစုံစိုက်ဧက ၃၅.၈၇ သိန်း စိုက်ပျိုးနိုင်ခဲ့သဖြင့် စုစုပေါင်းစိုက်ဧက၏ ၄၃.၆ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါသည်။ မိုးစပါးရိတ်ဧက ၃၇.၄၃ သိန်း ရိတ်သိမ်းနိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဧက ၀.၅၈ သိန်း ပိုမိုရိတ်သိမ်းနိုင်ခဲ့ပါသည်။ အထွက်နှုန်းလည်းတိုးတက်ခဲ့ပြီး မိုးစပါးတင်းထောင်ပေါင်း ၂၆၂,၁၉၂ ထွက်ရှိခဲ့သဖြင့် ယခင်နှစ်အလားတူကာလထက် တင်းထောင်ပေါင်း ၆,၉၉၅ ပိုမိုထွက်ရှိခဲ့ပါသည်။ အစီရင်ခံသည့်ကာလအထိ နွေစပါးစိုက်ဧကသည် ယခင်နှစ်ထက် ၅၅,၀၁၉ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါသည်။

ဒေသတွင်းပဲဈေးနှုန်းများ တည်ငြိမ်မှုမရှိ၍ တောင်သူများစိတ်ဝင်စားမှု နည်းပါးလာခြင်းကြောင့် မတ်ပဲ၊ ဘိုကိတ်၊ ကုလားပဲစိုက်ဧကများသည် ယခင်နှစ်ထက်လျော့နည်းခဲ့ပါသည်။ ကွမ်းပင်များမှာ မိုးရာသီကာလ မိုးများခြင်း၊ လက်ရှိအချိန်တွင် ရာသီဥတု ပူပြင်းခြင်းတို့ကြောင့် ယခင်နှစ်ထက် အထွက်နှုန်း လျော့နည်းခဲ့ပါသည်။

စက်မှုလယ်ယာဦးစီးဌာနမှ စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် မြန်အောင်မြို့နယ်၊ တာခွတဲကြီးကုန်းဒေသတွင် ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ပြီး၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းရွာတွင် ၃၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာနမှ နန့်ကသူရေလှောင်တမံ၊ ကွန်ချောင်းရေလှောင်တမံ၊ ကညင်ရေလှောင်တမံ၊ မမြရေလှောင်တမံ၊ ရေကျော်ရေလှောင်တမံများနှင့် ရေတံခါး ၈၉ ခု မှ နွေစပါးစိုက်ပျိုးဧက ၂၂၃,၃၃၀ ကို ရေပေးဝေနိုင်ခဲ့ပါသည်။ မိုးရာသီရေကြီးနစ်မြုပ်သည့် ကာလများတွင် ရေဝင်ဒေသများရှိ တောင်သူများ မွေးမြူထားသော တိရစ္ဆာန်များအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်နှင့် အစာပြတ်လပ်မှုမရှိစေရေး ထောက်ပံ့ပေးနိုင်ရန်အတွက် တိရစ္ဆာန်အစာနှင့် ဆေးဝါးများ ဖြန့်ဖြူးပေးနိုင်ရန်ဆောင်ရွက်ထားရှိပါသည်။ ငါးလုပ်ငန်းဦးစီးဌာန ဝင်ငွေရရှိမှုမှာ လျာထားချက်အပေါ်တွင် ပထမ(၆) လပတ်အတွင်း ၃.၁၃ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အင်းပေါင်း ၁,၇၇၇ အင်းရှိပြီး အင်းခွန်ငွေ လျာထားချက်အပေါ် ၁.၅ ရာခိုင်နှုန်း၊ တင်ဒါခွန်လျာထားချက်အပေါ် ၀.၂၂ ရာခိုင်နှုန်း ဆောင်ရွက်ထားရှိပါသည်။

နိုင်ငံပိုင်အခန်းတွင် သစ်မာသစ်ပါးလွှာထုတ်လုပ်မှု၊ ဓါတ်မြေဩဇာ၊ ရေနံဓါတ်ငွေ့ရည်နှင့် ဓါတ်ဆီ ထုတ်လုပ်မှုများတိုးတက်ခဲ့ပြီး ပုဂ္ဂလိကပိုင်အခန်းမှ စားသောက်ရေးဆိုင်ရာ၊ ဝတ်ဆင်ရေးဆိုင်ရာ လုပ်ငန်းများ၊ အခြားလူသုံးကုန်ပစ္စည်းများ၊ အထည်ချုပ်စက်ရုံများ၊ ပန်းထိုးစက်ရုံများ ဇုန်ပြင်ပရှိ အထွေထွေ စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုများ တိုးတက်ပါသည်။

လမ်းဦးစီးဌာနက ဘိုကလေး- စက်ဆန်း- ထော်ပိုင်- အမာလမ်း ကတ္တရာခင်းခြင်း၊ လေးမျက်နှာ- ခတ္တာ- ပန်းတောကြီးလမ်း၊ မအူပင်- ရေလဲကလေး- ရွှေတောင်မှော်- ကျိုက်ပိ- မော်လမြိုင်ကျွန်းလမ်း၊ ဘိုကလေး- မော်လမြိုင်ကျွန်း- ကျုံမငေး- ဝါးခယ်မ- မြောင်းမြလမ်း ကတ္တရာနှစ်ထပ်လောင်းခြင်းနှင့် အမာခံ လမ်းပုခုံးနှစ်ဖက် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်း၊ ငဝန်တံတား (လေးမျက်နှာ)၊ ပုသိမ်တံတားအမှတ်(၂)၊ မြောင်းမြတံတား၊ လပွတ္တာ(ပင်လယ်လေး) တံတား၊ ဝါးခယ်မတံတား၊ ရွှေလောင်း တံတား၊ ကျွန်းကုန်းတံတား၊ မကျီးဇင်တံတား၊ စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတားများ တည်ဆောက်ခြင်း တို့ကို ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ မြောင်းမြတံတားတည်ဆောက်ခြင်း လုပ်ငန်းကို ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

တန်ခိုးကြီးဘုရားများနှင့် ထင်ရှားသောကမ်းခြေများသို့ အပန်းဖြေခရီး လာရောက်ကြခြင်းနှင့် တိုင်းဒေသကြီးအတွင်း ကားလမ်းများ ပိုမိုကောင်းမွန်လာသောကြောင့် မြန်မာပြည်အရပ်ရပ်ရှိ မြို့ရွာများသို့ ခရီးသွားကားများ ပိုမိုပြေးဆွဲလာသဖြင့် ပုဂ္ဂလိကပို့ဆောင်မှုများ တိုးတက်ခဲ့ပါသည်။ ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်ဝင်ရောက်မှုသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆) လပတ်ကုန်အထိ ပြည်တွင်း ခရီးသွားဦးရေ ၁၆၁,၆၃၂ ဦး၊ ပြည်ပခရီးသွားဦးရေ ၆၉,၃၃၂ ဦး ရှိခဲ့ပါသည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ဧရိယာ၊ လူဦးရေနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆)လပတ် (အောက်တိုဘာလမှ မတ်လ) ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးအခြေအနေများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

ဇယား(၄-၁၅)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ဧရိယာ၊ လူဦးရေနှင့် စီးပွားရေးအခြေအနေများ

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပထမ (၆)လပတ် | ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆)လပတ် |
|---|---|---|---|---|
| ၁ | ဧရိယာ အကျယ်အဝန်း | စတုရန်းမိုင် | ၂,၇၂၄.၇၆ | ၂,၇၂၄.၇၆ |
| ၂ | လူဦးရေ | ဦးရေထောင် | ၁,၂၃၈ | ၁,၂၅၉ |
| ၃ | စီးပွားရေးအခြေအနေ | | | |
| | (က) ဂျီဒီပီ | ကျပ်သန်း | ၁,၀၃၃,၃၂၃.၄ | ၁,၁၄၃,၂၄၉.၅ |
| | (ခ) ဂျီဒီပီတိုးတက်မှုနှုန်း | ရာခိုင်နှုန်း | ၇.၅ | ၅.၁ |
| | (ဂ) ဂျီဒီပီတွင်ပါဝင်မှု(ရာခိုင်နှုန်း) | | | |
| | (၁) လယ်ယာ | ရာခိုင်နှုန်း | ၁၂.၉ | ၁၂.၆ |
| | (၂) စက်မှု | ရာခိုင်နှုန်း | ၂၄.၆ | ၂၅.၁ |
| | (၃) ဝန်ဆောင်မှု | ရာခိုင်နှုန်း | ၆၂.၅ | ၆၂.၃ |

ရင်းမြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၂,၂၇၉,၆၄၅.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းများအရ ၉.၆ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းခဲ့ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လပတ်တွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၁,၁၄၃,၂၄၉.၅ သန်း ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၅၀.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ပုံမှန်ဈေးနှုန်းများအရ ၅.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ စီးပွားရေးတိုးတက်မှုကို အဓိကတွန်းအားပေးသည့် ကဏ္ဍများမှာ ဆောက်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍများဖြစ်ပါသည်။ ဒေသ ဖွံ့ဖြိုးရေးအတွက် လမ်းတံတားလုပ်ငန်းများနှင့် အဆောက်အဦများ တိုးချဲ့ဆောင်ရွက်ခဲ့ပြီး၊ ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းပြေးဆွဲမှု (အဝေးပြေး) အနေဖြင့် နေပြည်တော်

အခြေပြု ယာဉ်စီးရေ ၆၇၉ စီး၊ အခြားပြည်နယ်/ တိုင်းဒေသကြီးများမှ အခြေပြု၍ နေပြည်တော်သို့ ပြေးဆွဲသည့် ယာဉ်စီးရေ ၁,၇၂၂ စီး၊ စုစုပေါင်း ယာဉ်စီးရေ ၂,၄၀၁ စီးဖြင့် ဝန်ဆောင်မှုပေးလျက် ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှ မတ်လ)အကောင်အထည်ဖော်နိုင်မှု တန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ(၄-၅၉)

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် (အောက်တိုဘာလမှ မတ်လ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုး**

**(နှစ်အလိုက်ဈေးနှုန်း)**




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်နေပြည်တော်စီမံကိန်းဦးစီးရုံး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် (အောက်တိုဘာလမှ မတ်လ)အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့် တိုးတက်မှုနှုန်းများကိုယခင်အလားတူကာလများနှင့်နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ နှစ်အလိုက် ပထမ (၆)လပတ် (အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်နိုင်မှုတန်ဖိုးနှင့်တိုးတက်မှုနှုန်းအခြေအနေ

ပုံ(၄-၆၀) အကောင်အထည်ဖော်နိုင်မှု
(နှစ်အလိုက်ဈေးနှုန်း)




ပုံ(၄-၆၁) တိုးတက်မှုနှုန်း
(ပုံမှန်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်စီမံကိန်းဦးစီးရုံး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ် (အောက်တိုဘာလမှမတ်လ)ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး အခြေအနေကို ပုံပြဂရပ်ဖြင့်ဖော်ပြအပ်ပါသည်-

### ပုံ(၄-၆၂)

### ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ပထမ (၆)လပတ် (အောက်တိုဘာလမှ မတ်လ)ကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုတန်ဖိုး (နှစ်အလိုက်ဈေးနှုန်း)




ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်စီမံကိန်းဦးစီးရုံး

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆)လတွင် စီမံကိန်းရည်မှန်းချက်အပေါ် ၅၀.၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် နှစ်စဉ် စီမံကိန်း ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ လျှပ်စစ်ဓာတ်အား ကဏ္ဍတွင် ရည်မှန်းချက်အပေါ် ၄၃.၂ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးသားပေါက်ထုတ်လုပ်ခြင်းနှင့် ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမွေးမြူ ရေးကန်များ တိုးချဲ့ဖော်ထုတ်ခြင်း၊ တစ်နိုင်တစ်ပိုင် ငါးသားဖောက်စခန်းများ တိုးချဲ့ တည်ဆောက်ခြင်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ရေချိုငါးလုပ်ငန်း ရေပြင်များ နှင့် ငါးမျိုးပြုန်းတီးမှုများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန် အခများရရှိရန် ဆောင်ရွက်ခြင်း၊ ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း အရေးယူဆောင်ရွက် ခြင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ငါးကဏ္ဍ) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

စပါး- ငါးတွဲဘက်မွေးမြူခြင်းအနေဖြင့် World Fish နှင့် ACIAR -AustralianCenterfor International Agriculture Research အဖွဲ့အစည်း အကူအညီဖြင့် ပျဉ်းမနားမြို့နယ်၊ နှမ်းတောကျေးရွာ ရှိ တောင်သူ ၂ ဦး၏ ၃.၄ ဧက စပါးခင်းတွင် ငါးမျိုးနှင့် ငါးစာများအား စိုက်ထည့်ပေးနိုင်ခဲ့ပြီး၊ FFRC China-Freshwater Fisheries Research Center အထောက်အပံ့ဖြင့်ဇေယျာသီရိမြို့နယ်၊ သက်နှင်းအေး ကျေးရွာတွင် ငါးသားပေါက်များကိုလည်း စိုက်ထည့်ပေးနိုင်ခဲ့ပါသည်။

သစ်တောကဏ္ဍအနေဖြင့် ရာသီဥတုပြောင်းလဲမှုအား ကာကွယ်နိုင်ရန်အတွက် သစ်တောကဏ္ဍ သည်များစွာ အထောက်အကူ ပြုလျက်ရှိပါသည်။ နေပြည်တော် သစ်တောဦးစီးဌာနအနေဖြင့် သစ်ထုတ်လုပ်မှုထက် သစ်တောထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဦးစားပေးဆောင်ရွက်လျက် ရှိပါသည်။

စက်မှုလက်မှုကဏ္ဍအနေဖြင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနသည် ပုဂ္ဂလိက စက်မှု လုပ်ငန်းမှတ်ပုံတင် သက်တမ်းတိုးမြှင့်ခြင်းလုပ်ငန်းတွင် လျာထားချက် ၃၉၈ ခု ရှိသည့် အနက် ၃၇၃ ခုကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ ကျပ်သန်း ၇.၄၈ ရရှိခဲ့ပါသည်။ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ (၃)ခုကို ဖွဲ့စည်းခဲ့ပါသည်။ ၃၁-၃-၂၀၁၉ ရက်နေ့အထိ SMEs Member Card ထောက်ခံစာ ထုတ်ပေးပြီးသောလုပ်ငန်းရှင်စုစုပေါင်း ၆၃၅ ဦး၊ Credit Guarantee Insurance (CGI) စနစ်နှင့် ချေးငွေရရှိပြီးသောလုပ်ငန်းရှင်စုစုပေါင်း ၁၆၈ ဦး၊ စုစုပေါင်းချေးငွေကျပ်သိန်း ၃,၆၄၀ ရရှိခဲ့ကြပါသည်။ Micro, Small and Medium Enterprises (MSMEs) လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် သဘာဝသစ်သီးအခြေခံ စားသောက်ကုန်ထုတ်လုပ်မှု သင်တန်း၊ Strategic Business Development Training သင်တန်း၊ Action Learning Training for SMEs သင်တန်း၊

Planning for your Business သင်တန်း၊ စွန့်ဦးတီထွင် စီးပွားရေးစွမ်းဆောင်မှု နှင့် လုပ်ငန်းဖွံ့ဖြိုးမှု မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

တပ်ကုန်းမြို့နယ်မှ ရန်ကုန်-မန္တလေး အမြန်လမ်းသို့ ဆက်သွယ်ထားသော လမ်းများ ပြန်လည် ပြုပြင်ခြင်းလုပ်ငန်း၊ နေပြည်တော် - ကင်သာ - ကိုးကွေ့ - လိန်းလီ - ပင်လောင်းလမ်းနှင့် နေပြည်တော်- တောင်ညို-မြို့သစ်-ကံပြား(မကွေး)လမ်း၊ အထူးပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ နေပြည်တော်ကောင်စီ နှင့်နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ လမ်းတံတားများဆောက်လုပ်ခြင်း အစရှိသည့် ဒေသ ဖွံ့ဖြိုးမှု လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဓာတ်အားလိုင်းကွန်ယက်မှတဆင့် ကျေးရွာပေါင်း ၄၂၉ ရွာသို့ နိုင်ငံတော်ဓာတ်အားမှ ဖြန့်ဖြူးထားပြီး ကျေးရွာစုစုပေါင်း၏ ၅၄.၂၇ ရာခိုင်နှုန်းကို နိုင်ငံတော် ဓာတ်အားမှလည်းကောင်း၊ ကျေးရွာစုစုပေါင်း၏ ၉.၅၅ ရာခိုင်နှုန်းကို အခြားနည်းလမ်းများဖြင့် ပုဂ္ဂလိက ကဏ္ဍမှလည်းကောင်း၊ ဓာတ်အားဖြန့်ဖြူးပေးနေသဖြင့် ကျေးရွာစုစုပေါင်း၏ ၆၃.၈၂ ရာခိုင်နှုန်းအား လွှမ်းခြုံ၍ ဓာတ်အားဖြန့်ဖြူးထားပြီး ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် စာတိုက်ဝန်ဆောင်မှု လုပ်ငန်းများနှင့် အခြားအင်တာနက် ဝန်ဆောင်မှု လုပ်ငန်းများ၊ စာတိုက်သေတ္တာငှားရမ်းခြင်းနှင့် ကားလက်မှတ်၊ လေယာဉ်လက်မှတ် ရောင်းချပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါသည်။ နေပြည်တော် ဗဟိုစာတိုက်ကြီးတွင် နေ့ချင်းအရောက် စာဝေလုပ်ငန်းကို နေပြည်တော်စာတိုက်ကြီး စာဝေနယ်အတွင်း ပို့ဆောင်ပေးလျက်ရှိပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ပြည်ပအမြန်ချောပို့လုပ်ငန်းကို နေပြည်တော်စာတိုက်ကြီးနှင့် ပျဉ်းမနား စာတိုက် များတွင် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ ဒေသထွက်ကုန်များကို မှာယူပါက ပစ္စည်းများကို အိမ်အရောက်ပေးဝေစနစ် (Hometown Product Delivery Service) ၊ Online Shopping တို့မှ မှာယူပစ္စည်းများကို အိမ်အရောက်ပေးဝေပြီး ငွေကောက်ခံပေးသော (Cash On Delivery) စနစ်ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

## အခန်း(၅)

## ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများ

### ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲများကို ကော်မတီဥက္ကဋ္ဌမှ ဦးဆောင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှမတ်လ) အတွင်း ၆ ကြိမ် ကျင်းပပြုလုပ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များမှ အကြံပြုတင်ပြချက်များအား မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကဏ္ဍအလိုက်စုစည်း၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသို့ ပေးပို့ပါသည်။ ပေးပို့လာသည့် အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးများနှင့် လုပ်ငန်းကော်မတီများသို့ ပေးပို့ဖြေရှင်း ဆောင်ရွက်ပေးလျက် ရှိပါသည်။ အဆိုပါ ဖြေရှင်းပြန်ကြားချက်များကို UMFCCI မှတစ်ဆင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍ၊ အသင်း အဖွဲ့များသို့ ပြန်ကြားပြီး ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လစဉ်တွေ့ဆုံ ညှိနှိုင်းအစည်းအဝေးပွဲများမှ စီးပွားရေး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေရှင်းဆောင်ရွက်မှုပြုခဲ့သော်လည်း အချို့ကိစ္စရပ်များတွင် အပြည့်အဝပြီးပြတ်သည်အထိ ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်း ကော်မတီ (၅) ရပ်မှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသူ လုပ်ငန်းရှင်များကို Public Private Dialogue (PPD) ပြုလုပ်၍ ပြီးပြတ်သည်အထိ ဆောင်ရွက်ပေးလျက် ရှိပါသည်။

### Doing Business Report အပေါ်ဆောင်ရွက်မှုအခြေအနေများ

ကမ္ဘာ့ဘဏ်မှနိုင်ငံများ၏ စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရန် လွယ်ကူမှုအဆင့်အခြေအနေအစီရင်ခံစာ (Doing Business Report) အား ၂၀၀၄ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်လျက်ရှိရာ နိုင်ငံပေါင်း ၁၉၀ အနက် ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် အဆင့် ၁၇၁ ၌ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်လည်း အဆင့် ၁၇၁ ဖြင့် ရပ်တည် နေပါသည်။

ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business ပါ Indicator များအရ ၂၀၁၈ ခုနှစ် နှင့် ၂၀၁၉ ခုနှစ် တို့တွင် Ease of Doing Business Ranking အဆင့်ပြောင်းလဲတိုးတက်မှုနှင့် ညွှန်းကိန်းတစ်ခုချင်းအလိုက် ပြောင်းလဲမှု ရမှတ်များအား နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

ဇယား (၅-၁)

## ကမ္ဘာ့ဘဏ်အုပ်စုမှ Doing Business ပါအကဲဖြတ်ချက်များအပေါ် မြန်မာနိုင်ငံ၏ တိုးတက်မှုအခြေအနေများ

| စဉ် | အကြောင်းအရာ | DB 2018 Rank | DB 2019 Rank | Change in Rank | DB 2018 DTF(%) | DB 2019 DTF(%) | Change in DTF (% points) |
|---|---|---|---|---|---|---|---|
| | စုစုပေါင်းအဆင့် Rank | 171 | 171 | — | 44.21 | 44.72 | ↑ 0.51 |
| ၁ | စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း ( Starting a Business ) | 155 | 152 | ↑ 3 | 75.42 | 77.33 | ↑ 1.91 |
| ၂ | ဆောက်လုပ်ခွင့်ရယူခြင်း (Dealing with Constuction Permits) | 73 | 81 | ↓ 8 | 70.33 | 70.35 | ↑ 0.02 |
| ၃ | လျှပ်စစ်ဓါတ်အားရရှိနိုင်မှု (Getting Electricity) | 151 | 144 | ↑ 7 | 52.52 | 55.67 | ↑ 3.15 |
| ၄ | ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း ( Registering Property ) | 134 | 136 | ↓ 2 | 52.30 | 52.30 | — |
| ၅ | ချေးငွေရရှိနိုင်မှု ( Getting Credit) | 177 | 178 | ↓ 1 | 10.00 | 10.00 | — |
| ၆ | အနည်းစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း (Protecting Minority Investors ) | 183 | 185 | ↓ 2 | 25.00 | 25.00 | — |
| ၇ | အခွန်ပေးဆောင်မှု ( Paying Tax ) | 125 | 126 | ↓ 1 | 63.94 | 63.94 | — |
| ၈ | ပြည်ပကုန်သွယ်မှု ( Trading across Borders ) | 163 | 168 | ↓ 5 | 47.67 | 47.67 | — |
| ၉ | ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း ( Enforcing Contracts) | 188 | 188 | — | 24.53 | 24.53 | — |
| ၁၀ | အကြွေးမဆပ်နိုင်မှုအခြေအနေကိုဖြေရှင်း ပေးနိုင်မှု (Resolving Insolvency) | 164 | 164 | — | 20.39 | 20.39 | — |

source : www.Doing Business .org

Doing Business Ranking အဆင့်မှာ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များတွင် ၁၇၁ အဆင့်တူဖြင့် ပြောင်းလဲမှုမရှိသော်လည်း တိုင်းတာသည့် Indicator (၁၀) ခု အနက် စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်းနှင့် လျှပ်စစ်ဓါတ်အားရရှိနိုင်မှုတွင် ယခင်ထက် အဆင့်တက်လာပြီး ပဋိညာဉ်များ အတည်ပြုဆောင်ရွက်ခြင်းနှင့် အကြွေးမဆပ်နိုင်မှုအခြေအနေကို ဖြေရှင်းပေးနိုင်မှုတို့မှာ ပြောင်းလဲမှု မရှိသည်ကို တွေ့ရပါသည်။ ကျန်ရှိသည့် Indicator များမှာ ယခင်ထက် အဆင့်ကျသွားပါသည်။

ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ ဖြင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့အနေဖြင့် Ease of Doing Business Ranking တိုးတက်ရေးဆိုင်ရာကိစ္စများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများပြုလုပ်ခြင်းနှင့် Doing Business ၂၀၁၉ အစီရင်ခံစာအရ Registering Property Indicator, Enforcing Contracts Resolving Insolvency Indicator နှင့် Insolvency Indicator များနှင့် ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ ထို့အပြင် Paying Taxes Indicator ၏ ရမှတ်များ တိုးတက်စေရေးအတွက် Paying Taxes မေးခွန်းဖြေကြားမည့်သူများနှင့် Survey Questionnaire များ ဖြေကြားနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

Ease of Doing Business Ranking တိုးတက်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အများပြည်သူမှသိရှိစေရန်နှင့် အကြံပြုသုံးသပ်ချက်များ တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် အသိပညာပေး အစီအစဉ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် Indicator (၁၀) ခု နှင့် သက်ဆိုင်သည့်ဌာနများမှ ပေးပို့လာသည့် Standard Operation Procedure များကို www.trade.gov.mm Website_တွင် တင်ပြခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

**အမျိုးသားပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမဖြလပတ် (အောက်တိုဘာလမှမတ်လ) အတွင်း အမျိုးသားပို့ကုန်မဟာဗျူဟာရှိ ကဏ္ဍအလိုက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၊ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။

ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် တောင်သူလယ်သမားများ၊ သက်ဆိုင်ရာဌာန/အသင်းအဖွဲ့များ၊ အကြံပေးအလုပ်သင်များ၊ Processor များနှင့် Collector များကို ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးစဉ်တစ်ခုကို နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာနနှင့် ပူးပေါင်းစေလွှတ်နိုင်ခဲ့ပါသည်။

ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် Netherlands Trust Fund-NTF IV စီမံကိန်း၏ Project Steering Committee - PSC ပထမအကြိမ်အစည်းအဝေးနှင့် စီမံကိန်း စတင်အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်တို့ကို နေပြည်တော်နှင့် ထားဝယ်မြို့တို့၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့ထုတ်ကုန်ပစ္စည်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် ပြည်ပဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာသွင်းကုန်ပစ္စည်းပြပွဲ China International Import Expo (CIIE) သို့ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန(ITC)၏ ပံ့ပိုးမှုဖြင့် မြန်မာကုမ္ပဏီလုပ်ငန်း (၁၁) ခု သွားရောက်ပြသနိုင်ခဲ့ပါသည်။

ဦးစားပေးကုန်စည်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဦးစားပေးကဏ္ဍ (၇) ရပ် ၏ Top Priorities များ ရွေးချယ်ဖော်ထုတ်သည့် အစည်းအဝေးများကို UMFCCI ၌ ကျင်းပခဲ့ရာ ဆန်စပါး၊ သစ်နှင့်သစ်တောထွက်ပစ္စည်း၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးရရှိမှု၊ ရေထွက်ကုန်ပစ္စည်းကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ကဏ္ဍနှင့် ရော်ဘာကဏ္ဍတို့၏ ပို့ကုန် မဟာဗျူဟာအကောင်အထည်ဖော်ရေးကော်မတီဝင်များ တက်ရောက်ခဲ့ပါသည်။ ပို့ကုန်မြှင့်တင်ရေးကို အထောက်အကူပြုမည့် ကဏ္ဍများဖြစ်သည့် Quality Managementနှင့် Trade facilitation and Logistic တို့အပြင် အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍတို့မှ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး ကဏ္ဍအလိုက်လိုအပ်ချက်များနှင့် ဦးစားပေးလုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

# အခန်း(၆)

## ပြည်ပချေးငွေ၊ အကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှု

နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေကို တောင့်တင်းခိုင်မာစေပြီး ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ကို ပီပြင်စွာ ကျင့်သုံးဆောင်ရွက်နိုင်စေရန် ရည်မှန်း၍ အစိုးရအဖွဲ့အစည်းများ၏ ကြွေးမြီကိစ္စများ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများ၊ ကြွေးမြီစီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအတွင်း ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အမေရိကန်ဒေါ်လာ ၅၃၄.၀၈၄ သန်းဖြင့် စီမံချက် အရေအတွက် ၄ ခု ကို ချေးငွေများ ရရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ချေးငွေနိုင်ငံများ၊ အဖွဲ့အစည်းများ နှင့် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆို နိုင်ခဲ့ပါသည်။

**ဇယား (၆-၁)**

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆)လ (အောက်တိုဘာလမှ မတ်လ)**
**ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏**
**ပြည်ပချေးငွေရရှိရန် စာချုပ်ချုပ်ဆို ဆောင်ရွက်မှုအခြေအနေ**

(သန်းပေါင်း)

| စဉ် | | စီမံကိန်း/အကောင်အထည်ဖော်သည့် ဝန်ကြီးဌာန | နိုင်ငံ/ အဖွဲ့အစည်း | ငွေကြေး အမျိုးအစား | စာချုပ်ချုပ် ဆိုသည့်နေ့ | ချေးငွေ စာချုပ်ပမာဏ |
|---|---|---|---|---|---|---|
| ၁ | | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | | | | |
| | ၁ | ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့်စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာတန်ဖိုးကွင်းဆက်စီမံကိန်း | ADB | USD | ၆-၁၁-၂၀၁၈ | ၄၀.၅၀၀ |
| | ၂ | အနောက်ပိုင်းပြည်နယ်များစိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | IFAD | USD | ၁၇-၁၂-၂၀၁၈ | ၈.၉၈၄ |
| ၂ | | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ADB | USD | ၂၈-၁၂-၂၀၁၈ | ၂၈၉.၉၀၀ |
| | ၁ | လျှပ်စစ်ဓာတ်အားကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | | | | |
| ၃ | | ဆောက်လုပ်ရေးဝန်ကြီးဌာန | ADB | USD | ၂၈-၁၂-၂၀၁၈ | ၁၉၄.၇၀၀ |
| | ၁ | မဟာမဲခေါင်ဒေသခွဲအတွင်းရှိလမ်းမကြီးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | | | | |
| | | စုစုပေါင်း | | USD | | ၅၃၄.၀၈၄ |

ဇာစ်မြစ်။ ငွေတိုက်ဦးစီးဌာန

**ပြည်ပအကူအညီ အထောက်အပံ့**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် နိုင်ငံခြားအကူအညီ အထောက်အပံ့နှင့် နည်းပညာရရှိမှုများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲ နိုင်ငံများနည်းတူ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံခြားအကူအညီအထောက်အပံ့၊ ချေးငွေတို့နှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မျှော်မှန်းချက်တွင် "ဖွံ့ဖြိုးမှုအကူအညီများကို နိုင်ငံသူ၊ နိုင်ငံသားများ၏ ဘဝများအတွက် အများဆုံးအကျိုးဖြစ်ထွန်းမည့် ကဏ္ဍများတွင် ဦးစားပေးဆောင်ရွက်ရေးပင် ဖြစ်ပါသည်"[၁] ဟု ဖော်ပြထားရာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားအကူအညီအထောက်အပံ့များဖြင့် စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိထိရောက်သော အကူအညီဖြစ်စေရေးမှာ အလွန်အရေးကြီးပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit- DACU) အတွင်းရေးမှူး၏ ရုံးလုပ်ငန်းအဖွဲ့အဖြစ် တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် ပြည်ပ ငွေကြေးနှင့် နည်းပညာအကူအညီ၊ အထောက်အပံ့များ ရရှိရေးအတွက် နိုင်ငံအချင်းချင်း(Bilateral)၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ(Multilateral)၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ညှိနှိုင်းမှုများပြုလုပ်ခြင်းနှင့် အမျိုးသားဦးစားပေး အစီအစဉ်များ၊ မဟာဗျူဟာများနှင့် အကူအညီအရင်းအမြစ်များ သဟဇာတ ဖြစ်စေရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများအကြား ညှိနှိုင်းမှုများပြုလုပ်လျက် ရှိပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့အစည်းများမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ(၆) လ (အောက်တိုဘာလမှ မတ်လ) နိုင်ငံခြားအကူအညီ၊ အထောက်အပံ့နှင့် နည်းပညာအကူအညီ (Grant) စာရင်းအရ စီမံချက်စုစုပေါင်း (၃၅) ခုနှင့် **စီမံချက်တန်ဖိုး** အမေရိကန်ဒေါ်လာသန်းပေါင်း (**၁၂၀.၃၄၅**) ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

---

[၁] မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ၊ အခန်း(၂) ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမျှော်မှန်းချက်၊ စာမျက်နှာ(၂၀)

ဇယား (၆-၂)

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လ (အောက်တိုဘာလမှ မတ်လ)

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီ အထောက်အပံ့

ရရှိမှုအခြေအနေ

| စဉ် | ဝန်ကြီးဌာန | စီမံချက် အရေအတွက် | ငွေပမာဏ (USD သန်း) |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၃ | ၄၁.၁၇၃ |
| ၂ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၂ | ၃.၃၁၉ |
| ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၁ | ၄.၉၀၁ |
| ၄ | ပညာရေးဝန်ကြီးဌာန | ၇ | ၀.၉၀၇ |
| ၅ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၁ | ၁.၀၀၀ |
| ၆ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ၁ | ၀.၃၀၃ |
| ၇ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | ၂ | ၁.၀၉၀ |
| ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဌာန | ၂ | နည်းပညာ |
| ၉ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၄ | ၃.၂၁၇ |
| ၁၀ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၅ | ၆.၂၀၀ |
| ၁၁ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၄ | ၄.၀၃၂ |
| ၁၂ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၁ | ၅၄.၁၉၃ |
| ၁၃ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၁ | နည်းပညာ |
| ၁၄ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၁ | နည်းပညာ |
| | စုစုပေါင်း | ၃၅ | ၁၂၀.၃၄၅ |

ပုံ(၆-၁)

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လ (အောက်တိုဘာလမှ မတ်လ)**

**ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီ အထောက်အပံ့ ရရှိမှုအခြေအနေ**




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

**နိုင်ငံ/ အဖွဲ့အစည်းများမှ အကူအညီအထောက်အပံ့နှင့် နည်းပညာအကူအညီရရှိမှု**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လ (အောက်တိုဘာလမှ မတ်လ) နိုင်ငံနှင့် အဖွဲ့အစည်းများ အလိုက် ပြည်ပအကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီ ရရှိမှုများကို ဖော်ပြအပ်ပါသည်။

ဇယား (၆-၃)

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ပထမ (၆) လ (အောက်တိုဘာလမှ မတ်လ)

နိုင်ငံနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီ အထောက်အပံ့

ရရှိမှုအခြေအနေ

| စဉ် | ဝန်ကြီးဌာန | စီမံချက် အရေအတွက် | ငွေပမာဏ (USD သန်း) |
|---|---|---|---|
| ၁ | ဂျပန် | ၇ | ၅၄.၁၉၃ |
| ၂ | ကိုရီးယား | ၃ | ၅.၀၀၀ |
| ၃ | ဂျာမဏီ | ၂ | ၂.၅၅၉ |
| ၄ | တရုတ် | ၂ | ၀.၁၀၉ |
| စဉ် | ဝန်ကြီးဌာန | စီမံချက် အရေအတွက် | ငွေပမာဏ (USD သန်း) |
| ၅ | ဒိန်းမတ် | ၂ | ၁.၇၄၈ |
| ၆ | အီးယူ | ၁ | ၀.၀၀၄ |
| ၇ | အီတလီ | ၁ | ၁.၁၅၀ |
| ၈ | လူဇင်ဘတ် | ၁ | ၁၁.၆၂၃ |
| | နိုင်ငံအချင်းချင်းစုစုပေါင်း | ၁၉ | ၇၆.၃၈၆ |
| ၉ | အာရှဖွံ့ဖြိုးရေးဘဏ် | ၁ | ၂၇.၀၀၀ |
| ၁၀ | INGO | ၆ | ၈.၉၅၇ |
| ၁၁ | UN | ၈ | ၇.၆၈၇ |
| ၁၂ | အခြား | ၁ | ၀.၃၁၅ |
| | စုစုပေါင်း | ၃၅ | ၁၂၀.၃၄၅ |

## ပုံ(၆-၂)

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လ (အောက်တိုဘာလမှ မတ်လ) နိုင်ငံနှင့် အဖွဲ့အစည်းများမှ ပြည်ပအကူအညီအထောက်အပံ့




ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ (၆) လ (အောက်တိုဘာလမှ မတ်လ) နိုင်ငံခြား အကူအညီ အထောက်အပံ့ရရှိမှုများကို ကဏ္ဍအလိုက် ဖော်ပြအပ်ပါသည်။

## ပုံ(၆-၃)

## ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ရရှိမှု




ကဏ္ဍအလိုက် နိုင်ငံခြား အကူအညီအထောက်အပံ့ ရရှိရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍသည် နည်းပညာအကူအညီဖြင့် ပါဝင်ဆောင်ရွက်ပြီး စိုက်ပျိုးရေး နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍ (၃၄)%၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍ (၃)%၊ ကျန်းမာရေးကဏ္ဍ (၁)%၊ အလုပ်အကိုင်ဖန်တီးနိုင်မှုကဏ္ဍ (၁) %၊ မက်ခရို စီးပွားရေး စီမံခန့်ခွဲမှုကဏ္ဍ (၁) %၊ လူမှုကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကဏ္ဍ (၁) %၊ ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍ (၄၅)% လူမှုရေး နှင့် အုပ်ချုပ်ရေး စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုကဏ္ဍ (၁၄)% ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

## အခန်း (၇)

## သုံးသပ်တင်ပြချက်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ပထမ (၆) လပတ် (အောက်တိုဘာလမှ မတ်လ) အကောင်အထည်ဖော်မှုသည် နိုင်ငံတော်က ပြောင်းလဲကျင့်သုံးခဲ့သည့် ဘဏ္ဍာရေးနှစ်ကာလ၏ ပထမဦးဆုံး ဘဏ္ဍာနှစ်ကို အကောင်အထည်ဖော်သည့် ကာလဖြစ်ပါသည်။ အစီရင်ခံသည့် ပထမ (၆) လတွင် စီမံကိန်းရည်မှန်းချက်အပေါ် ၆၃.၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ပုံမှန်ဈေးနှုန်းအရ ၆.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် ၂.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အစီရင်ခံသည့် အောက်တိုဘာလမှ မတ်လကာလသည် ပွင့်လင်းရာသီဖြစ်သဖြင့် အကောင်အထည်ဖော်နိုင်မှုမှာ ၇၀ ရာခိုင်နှုန်းခန့် ဖြစ်ပါသည်။ လယ်ယာကဏ္ဍ၏ တိုးတက်မှုနှုန်း ရည်မှန်းချက်ကို ပြည့်မီရန်အတွက် ဆက်လက်တွန်းအားပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

သားငါးထုတ်လုပ်မှုမှာ ၆.၁ ရာခိုင်နှုန်း ရရှိပြီး ၅၄ ရာခိုင်နှုန်းခန့် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ရေချိုငါးတင်ပို့မှု မြင့်တက်လာခြင်း၊ ပြည်တွင်းစားသုံးမှု ပိုမိုလာခြင်း၊ ကျွဲ/နွား/ဆိတ်အရှင် ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ပြုခြင်းတို့သည် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့်အချက်များ ဖြစ်ပါသည်။ သားငါးကဏ္ဍ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေချို၊ ရေငန်ငါးဖမ်းဆီး ထုတ်လုပ်မှုများ စနစ်တကျရှိစေရေး၊ စိုက်ပျိုးမွေးမြူရေး အထူးဇုန်များတည်ထောင်ရေး၊ တောင်သူလယ်သမား အစုအဖွဲ့များ၊ မွေးမြူသူအစုအဖွဲ့များ၊ ရေရယူအသုံးချသူ အစုအဖွဲ့များနှင့် သမဝါယမအသင်းများ ဖွဲ့စည်းတည်ထောင် ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

သစ်တောကဏ္ဍသည် ထုတ်လုပ်မှုထက် သစ်တော ထိန်းသိမ်းမှုကို ပိုမိုအလေးထားဆောင်ရွက်နေသဖြင့် တိုးတက်မှုနှုန်းမှာ လျော့နည်းလျက်ရှိပါသည်။ ကြိုးဝိုင်းတောဖွဲ့စည်းခြင်း၊ ပုဂ္ဂလိကကျွန်းစိုက်ခင်း စိုက်ပျိုးတည်ထောင်မှုနှင့် ပြန်လည်သိမ်းဆည်းမှု၊ ကြိုပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်း၊ သစ်တောစိုက်ခင်းစာရင်းမှ ပယ်ဖျက်ခြင်း၊ ဘေးမဲ့တော/ အမျိုးသားဥယျာဉ် ဖွဲ့စည်း/ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ပြီး သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

စွမ်းအင်ကဏ္ဍတွင် ရဲတံခွန်သဘာဝ ဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ဝယ်ယူသူ၏ လျော့နည်းတောင်းခံမှုကြောင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် ပြည်ပသို့သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ပမာဏများမှာ လျော့နည်းခြင်းနှင့် ရွှေသဘာဝဓာတ်ငွေ့မြေမှ ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် အထွက်နှုန်း ကျဆင်းခဲ့ပါသည်။ ရောဝတီတိုင်းဒေသကြီး ကမ်းလွန်လုပ်ကွက် အမှတ် A-6 ရှိ ရွှေရည်ထွန်း-၂ တွင် မူလမျှော်မှန်းထားသည်ထက် ပိုမိုထုထည်ကြီးမားသည့် သဘာဝဓာတ်ငွေ့တွေ့ရှိခြင်းသည် စွမ်းအင်ကဏ္ဍ တိုးတက်မှု

အတွက် အလားအလာ ကောင်းများဖြစ်ပါသည်။ သဘာဝအရင်းအမြစ်အခြေခံမှ ထုတ်လုပ်မှုအခြေခံသည့် စီးပွားရေးစနစ်သို့ ဆက်လက်တွန်းအားပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

သတ္တုကဏ္ဍတွင် တိုးတက်မှုနှုန်း ၅.ဂ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ဓာတ်သတ္တုများ တရားမဝင် တူးဖော်ထုတ်လုပ် သယ်ဆောင်ရောင်းချမှု လျော့နည်းပပျောက်စေရန်၊ ကျောက်စိမ်း၊ ကျောက်မျက် အချောထည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေ၍ ပြည်တွင်း၌ကျောက်မျက်ရတနာဈေးကွက် ဖြစ်ပေါ်လာစေရန် စီမံချက်များ ရေးဆွဲဆောင်ရွက်နေခြင်းတို့ဖြင့် သတ္တုကဏ္ဍ ထွက်ရှိမှုကို မြင့်တက်စေနိုင်ပါသည်။

စက်မှုလက်မှုကဏ္ဍတွင် အသေးစားနှင့် အလတ်စားကုန်စည်များမှ အဓိကထုတ်လုပ်လျက် ရှိပါသည်။ အရင်းအနှီးနှင့် ကုန်ကြမ်းရရှိနိုင်မှု၊ ကျွမ်းကျင်လုပ်သား ရှားပါးမှုတို့သည် စက်မှုကုန်စည် ထုတ်လုပ်မှုအတွက် အခက်အခဲများ ဖြစ်ပါသည်။ အရည်အသွေးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး အတွက်သာမက နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန် မဟာဗျူဟာကို ရေးဆွဲ အကောင်အထည်ဖော်ပြီး ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များကို ဖိတ်ခေါ်ဆောင်ရွက်လျက် ရှိပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ပြည်သူတို့၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက် မြင့်တက်လာခြင်းသည် လျှပ်စစ်ဓာတ်အားကဏ္ဍအတွက် အဓိက စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။ နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေး၊ အမျိုးသားဝင်ငွေ တိုးတက်ရရှိရေး၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် ဓာတ်အား ပျောက်ဆုံးမှု လျှော့ချရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အပြင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်လာနိုင်ရန် ပေါင်းစပ်ညှိနှိုင်းပြီး မူဝါဒများနှင့်အညီ ရေးဆွဲ ဆောင်ရွက်လျက် ရှိပါသည်။

ဘဏ္ဍာနှစ်ပြောင်းလဲမှုကြောင့် နိုင်ငံပိုင်အခန်းမှ တည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်း ပြင်ဆင်ဆောင်ရွက်ဆဲ ကာလဖြစ်သဖြင့် နိုင်ငံပိုင်ဆောက်လုပ်ရေးလုပ်ငန်းများ လျော့နည်းအကောင် အထည်ဖော်ခဲ့ပါသည်။ ဘဏ္ဍာရေးနှစ်အပြီးတွင် ရည်မှန်းချက် ပြည့်မီစေရေးအတွက် တိုးတက် ဆောင်ရွက်ရန် တွန်းအားပေးဆောင်ရွက်လျက် ရှိပါသည်။

ကုန်စည်စီးဆင်းမှု မြင့်တက်ခဲ့ခြင်း၊ ပြည်တွင်းခရီးသွားလာမှု မြင့်တက်ခဲ့ခြင်း၊ ပြည်ပခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများ ခေတ်နှင့်အညီ ဖွံ့ဖြိုးလာခြင်းတို့ကြောင့် ပို့ဆောင်ရေးကဏ္ဍတွင် ၉.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ် လျော့ကျ စေရေးကို ဆက်လက်တွန်းအားပေး ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် နှစ်စဉ် တယ်လီဖုန်းသုံးစွဲသူ တိုးတက်လာစေရန် ဆွဲဆောင်မှုရှိသော အစီအစဉ်များ၊ နှုန်းထားအသစ်၊ ပိုမိုကောင်းမွန်သော ထပ်ဆောင်းဝန်ဆောင်မှုများ၊ မိုဘိုင်း Money ဝန်ဆောင်မှုနှင့် လက်ရှိသုံးစွဲသူများ ဆက်လက်တည်တံ့စေရေးနှင့် လျော့နည်းမသွားစေရေးတို့ကို

ဆောင်ရွက်လျက်ရှိရာ တယ်လီဖုန်း သိပ်သည်းဆ ၉၉.၅၇ ရာခိုင်နှုန်းနှင့် မိုဘိုင်းဆက်သွယ်ရေးကွန်ရက်မှာ နိုင်ငံလူဦးရေ၏ ၉၂ ရာခိုင်နှုန်းထိ လွှမ်းခြုံနိုင်ခဲ့ပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူများ၏ လူမှုဖူလုံရေးလုပ်ငန်းများကို အထောက်အပံ့ ပြုနိုင်ရန်အတွက် အသက် (၈၅) နှစ်အထက် အဘိုးအဘွား ၃၅၀,၂၅၄ ဦး အတွက် လူမှုရေးပင်စင်များ ထောက်ပံ့ခြင်း၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်ပြည်နယ်နှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တို့တွင် ကိုယ်ဝန်ဆောင် မိခင်များနှင့် အသက် (၂) နှစ်အောက် ကလေးသူငယ်များအတွက် ငွေကြေးထောက်ပံ့ ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

ပြည်တွင်း ပုဂ္ဂလိကဘဏ်ခွဲပေါင်း ၁၄၀ ခု ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ အိမ်ရာချေးငွေ (Housing Loan) များထုတ်ချေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့် ပိုင်ဆိုင်သော နိုင်ငံခြား လက်လီလက်ကား ရောင်းဝယ်မှုများနှင့် အသက်အာမခံ ကုမ္ပဏီများ ခွင့်ပြုခဲ့ပါသည်။

ပို့ကုန်တင်ပို့နိုင်မှု ပိုမိုလာပြီး သွင်းကုန်တင်သွင်းမှုလျော့နည်းလာခြင်းကြောင့် ကုန်သွယ်မှု လိုငွေ ကျဆင်းခဲ့ပါသည်။ အရည်အသွေးမြင့်သည့် ပြည်တွင်းထွက်ပစ္စည်းများ ပိုမိုသုံးစွဲပြီး သွင်းကုန်လျော့နည်း တင်သွင်းနိုင်ရေးကို ဆက်လက်တွန်းအားပေး ဆောင်ရွက်ပါက ကုန်သွယ်မှုလိုငွေလျော့နည်းစေနိုင်မည် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းကို အရှိန်ရနိုင်မည်ဟု ခန့်မှန်းထားသဖြင့် ယင်းအရှိန်ကို မလျော့ကျစေရေးအတွက် ကဏ္ဍဒေသ ချိတ်ဆက်မှု အားကောင်းစေရေးကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိအကောင်အထည်ဖော်ဆဲနှင့် ရေးဆွဲလျက်ရှိသော ကဏ္ဍနှင့် ဦးတည်ချက်များအလိုက် စီမံကိန်းနှင့် မူဝါဒများအပေါ် အခြေခံပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးမှု လိုအပ်ချက်များနှင့် ကမ္ဘာ့အဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်များကို ချိတ်ဆက်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan-MSDP) ၂၀၁၈-၂၀၃၀ ကို ရေးဆွဲထားပါသည်။ အဆိုပါ MSDP မဟာဗျူဟာများနှင့် လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်ကိုလည်း ထုတ်ပြန်ထားပြီးဖြစ်သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အတွက် လုပ်ငန်းစီမံကိန်းများကို စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။